www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

ထောင့်လွဲတြိဂံ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်

ကွန်ပျူတာစာစီ - ခင်ပြုံးဝင်း

ထုတ်ဝေသူ - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

ဖြန့်ဈေး - ၁၆၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)

ထောင့်လွဲတြိဂံ
မိုးစက်ပွင့်
ရွှေပဒေသာစာပေ၊ ၂၀၁၆၊ ရန်ကုန်။
၂၃၇-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) ထောင့်လွဲတြိဂံ


# ထောင့်လွဲ တြိဂံ

မိုးစက်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

"ယောက်ျား မဝင်ရ"

"ဟောဗျာ"

ဆိုင်းဘုတ်ကို ဖတ်ကြည့်ပြီး ခြေထောက်တွေက ရှေ့ဆက်ရမလို နောက်ဆုတ်ရမလို ဖြစ်နေ၏။ ဆရာတော် ဝယ်ပေးလိုက်တဲ့ ဂျင်း ကျောပိုးအိတ်ကလေးကို ကျစ်ကျစ်ပါအောင် ရင်မှာပိုက်ပြီး ဆိုင်းဘုတ် ပေါ်က စာတန်းကို ဒုတိယအကြိမ် မော့ကြည့်မိပြန်သည်။

"ယောက်ျားမဝင်ရ" ဆိုတော့…

ခု…သူ့ကိုခေါ်လာတဲ့ ဦးလေးထွန်းကရော ယောက်ျားမဟုတ် ဘူးတဲ့လား။ လူကြီးတွေ ပြောသံကြားဖူးပါရဲ့။ အရင်တုန်းက စပါး ရောင်းပြီး မြို့ကို ဘုရားဖူးတက်သွားတဲ့ လူတစ်ယောက်အကြောင်းလေ နော်။ တောသားဆိုတော့ မြို့ရောဘယ်လည်ပါ့မလဲ။



ထမင်းဆိုင်ကို ထမင်းစားဖို့ဝင်သွားတော့ ဆိုင်ဝမှာ ဆိုင်းဘုတ် ကြီး ချိတ်ထားသတဲ့။ အဝ (၁၀၀) လို့။ ဒါကို တောသား လူရိုးကြီး က တွေးသတဲ့။ အဝတင် (၁၀၀) ဆို အထဲများဝင်ရင် ဘယ်လောက် ဆောင်ပေးရမလဲ မသိဘူး။ မစားဘူး။ ပြန်မယ်ဆိုပြီး ထမင်းမစားဘဲ ပြန်သွားလေသတဲ့။

ခုလည်း…

သူ့အဖြစ်က အိမ်ခြံဝက ဆိုင်းဘုတ်နှင့်ပင်လျှင် ကျောက ခပ်ချမ်းချမ်း။ ဦးလေးထွန်း အတင်းခေါ်လို့သာ လိုက်လာရကာ အစ ကတည်းက စိတ်က သိပ်ပါတာမဟုတ်။ ရွာမှာ ဆွေမရှိ၊ မျိုးမရှိ တစ်ကောင်ကြွက်ဆိုပေမယ့် ဘယ်သူ့မျက်နှာမှမကြည့်ဘဲ ထမင်းစား ခဲ့ရသည်။ ဖိုးနုတ်၊ ကောက်ရိတ်၊ လယ်ထွန်ကြုံရာကျပန်း သူ အကုန် လုပ်တတ်တာပဲလေ။ ကိုယ့်လုပ်စာနဲ့ကိုယ် အေးအေးဆေးဆေး ဗိုက်ဝ အောင်တော့ စားလို့ရ၏။

ခုတော့ ဒီဆိုင်းဘုတ်ကြီးက သူ့ကို မြင်မြင်ချင်း ဆောက်နဲ့ထွင်း ခိုက်သလို။

"ကောင်လေး…ဘာရပ်လုပ်နေတာလဲ…လာလေကွာ"

"ဟို"

သူ ဆိုင်းဘုတ်ကို လက်ညှိုးထိုးပြပြီး–

"ကျွန်တော် ဆံပင်တုတွေ၊ ဗလာစီယာတွေနဲ့ မိတ်ကပ်လိမ်းပြီး ဝင်ရမှာလား ဦးလေးထွန်း"

သူ့စကားကြောင့် ဦးလေးထွန်း ပါဝါမျက်မှန်ကို ကျော်ပြီး ပြုံးစိစိ

www.burmeseclassic.com

www.burmeseclassic.com



နှင့် သူ့ကို ကြည့်လေသည်။ ဟုတ်တယ်လေ။ မပြောလို့မှ မဖြစ်တာ။ ဒီဆိုင်းဘုတ်က ဒီပုံစံနဲ့ ဝင်ရေးမှမလွယ်တာ။ ယောကျ်ားမဝင်ရဆိုတော့ ဒီအိမ်မှာ ယောကျ်ားတစ်ယောက်မှ မရှိသလိုလို။

ဒါဆို ဒီခြံထဲမှာ မိန်းမတွေပဲ နေကြမှာပေါ့။ ဟင်း…ယောကျ်ား မုန်းတီးရေး ကော်မတီများ ဖွဲ့ထားမလား မပြောတတ်ဘူး။

"ဦးလေးထွန်း"

"လာစမ်းပါကွာ…ငါ့ကိစ္စ ငါ ရှင်းပါ့မယ်။ ဒီအိမ်မှာ ငါက အုပ်ထိန်းသူပိုင်ပါတယ်ကွ"

"ဩော်…ဦးလေးက အုပ်ထိန်းသူကိုး"

စိတ်သက်သာရာရသွားသလို သက်ပြင်းကို ဟင်းကနဲ ချပစ်လိုက်၏။ ခြံကြီးက အကျယ်ကြီး။ တိုက်ကြီးကလည်း ဟီးထနေတာပဲ။ ဗီဒီယိုထဲမှာတော့ ဒီလိုတိုက်မျိုးကြီးတွေ မြင်ဖူးပါသည်။ အပြင်မှာတော့ ဒါ ပထမဆုံး မြင်ဖူးတာပဲ။ ရွာမှာဆို ရွာမျက်နှာဖုံး ဦးဘလုံးတို့ သစ်သားအိမ်ကြီးက အကြီးဆုံး။ ကြီးတယ်ဆိုတာတောင် ဒီတိုက်ကြီးရဲ့ တစ်ခြမ်းလောက်ပဲရှိမှာ။

"လောင်းပု…လောင်းပုရေ"

"ဟာ…ဆရာ…ဆရာပြန်လာပြီ"

"အေး…ဟုတ်တယ်၊ ဒီမှာ ဧည့်သည်ပါလာတယ်ကွ"

လောင်းပုဆိုတဲ့ သူက နာမည်နှင့်လိုက်အောင်ပင် ပုပုကွကွ လေး။ အရပ်မြင့်သော သူနဲ့သာဆို ခါးသာသာပဲ ရှိလေ၏။ သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်တာမှ သုံးခေါက်တိတိ။ ကြာတော့





ထိုလူကိုကြည့်၍ ခေါင်းပင်မူးချင်လာသည်။

"ဟို…အကြင်နာနဲ့ သူနဲ့ ဖြစ်ပါ့မလားဆရာ"

"ကလေးကို ငါ ကြည့်ပြောပါ့မယ်ကွာ၊ လောလောဆယ် သူ့ကို မင်း ခေါ်သွားလိုက်၊ အကြင်နာ မမြင်စေနဲ့ဦးပေါ့ကွာ"

မြတ်စွာဘုရား သက်ပြင်းလုံးဖြင့် နှာခေါင်းဝမှာပဲရှိသေး ဇာတ်လမ်းကစလာပြီ။ ဆင်ကိုးစီး စားလို့မကုန်တဲ့ ဒီခန္ဓာကိုယ်ကို ဘယ်မှာ ဝှက်ထားဦးမှာလဲ။

"မမြင်အောင်ထားတာက အကြောင်းမဟုတ်ဘူး ဆရာရဲ့"

"ဘာဂုဏ်အကြောင်းလဲ"

"တစ်ခါတစ်ခါ ဟိုမျောက်လောင်းက ကလေးတွေခေါ်လာပြီး ကျွန်တော့်တန်းလျားပေါ် တက်တက်ကစားတာ"

"ငါ ပြောထားပါ့မယ်ကွာ"

"ပြီးရော…ကောင်လေး…လာ ငါနဲ့လိုက်ခဲ့"

ဦးလေးထွန်းက 'လိုက်သွား' ဆိုသည့်သဘောနှင့် မေးဆတ်ပြတာကြောင့် သူ ဘာမသိညာမသိဘဲ လောင်းပုဆိုတဲ့လူနောက်ကို လိုက်လာခဲ့ပါတယ်။ အလုပ်သမားတန်းလျားဆိုတာလေး ဖြစ်မှာပေါ့။ ခပ်သေးသေးအိမ်လေးပေါ်သို့ ရောက်သည်နှင့် သူ ခြေပစ်လက်ပစ်ပဲ ထိုင်ချပစ်လိုက်သည်။ ကိုလောင်းပုက သူ့ဘေးမှာ ဝင်ထိုင်ရင်း-

"ကောင်လေး"

"ဗျာ"

"မင်းနာမည် ဘယ်လိုခေါ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တွယ်ယာမဲ့"

"ဟော"

ကိုလောင်းပု သူ့ကို မျက်လုံးပြူးကြီးနှင့် ကြည့်လေသည်။

"ဒါဆို တစ်ကောင်ကြွက်ပေါ့"

"အင်း"

"တွယ်ယာမဲ့နဲ့ အကြင်နာ လယ်ပြင်မှာ တွေ့ကြပြီပေါ့ကွာ"

"ကျွန်နဲ့ဆင်ပဲ ကြားဖူးပါတယ်ဗျာ"

"အေး…အဲဒီလိုပဲဖြစ်မှာ"

"ဘယ်လို"

ကိုလောင်းပုက စိတ်ညစ်သွားသည့်ဟန်နှင့် မျက်နှာက မကြည်လင်။ ဒီအိမ်မှာ လူဘယ်နှယောက်ရှိပြီး ဘယ်လိုလူတွေနဲ့ သူ ထပ်ကြုံရဦးမှာလဲ။ အကြင်နာဆိုတဲ့ မိန်းမက ဒီအိမ်ကြီးနဲ့ ဘယ်လိုပတ်သက်နေလဲ။ အသက်ကြီးကြီးလား၊ ငယ်ငယ်လား၊ သူမက ဘယ်လိုမိန်းမမျိုးလဲ။ ရင်ထဲမှာလည်း ပေါင်းများစွာနှင့် ခရီးရောက်မဆိုက် စိတ်တွေရှုပ်ထွေးသွားရ၏။

"မင်း…ဆရာနဲ့လိုက်လာတာ ကံဆိုးတာပဲ ကောင်လေးရာ"

"ဗျာ"

ကံကောင်းမယ်လို့ စဉ်းတောင်မစဉ်းစားမိသေးဘူး။ ကံဆိုးခြင်းသည် ခြံ၀ကတည်းက ဆီးကြိုနေခဲ့တာပါ။

"အကြင်နာက ယောကျ်ားတွေကို သိပ်မုန်းတာကွ။ ကျွန်ဆိုရင် အကျိုးအကြား၊ လုံချည်အကြားတောင် မ၀တ်ဘူး"



"ဒါဆို ဦးလေးထွန်းနဲ့ ကိုလောင်းပုကရော အခြောက်တွေလား"

"ဒါကတော့ကွာ…ဆရာက အကြင်နာရဲ့အုပ်ထိန်းသူ ဦးလေးအရင်းခေါက်ခေါက် ငါက ငါ့မိဘတွေက ဒီအိမ်က အရှင်သခင်တွေရဲ့ ငယ်ကျွန်ပေါ့ကွာ။ ငါ့ကို ဒီခြံထဲမှာပဲ မွေးခဲ့တာ။ ဘယ်လိုခေါ်မလဲ၊ နွားဆိုရင်တော့ ခြံပေါက်လို့ ခေါ်ကြတာပဲ။ အဲဒါကြောင့် ဒီမှာနေခွင့်ရတာ"

"ဪ"

သူ ခေါင်းတဆတ်ဆတ် ညိတ်လိုက်မိသည်။ ကဲ ထင်တဲ့အတိုင်းပဲ။ ဒီအိမ်မှာ ဒေါ်အကြင်နာဆိုတဲ့ အဘွားကြီးက ယောကျ်ားမုန်းတီးရေးကော်မတီဥက္ကဋ္ဌဖြစ်နေပြီ။ သူ ဘာလုပ်ရမလဲ။ နာမည်ကလည်း အကြင်နာတဲ့။ ဦးလေးထွန်းကတော့ ကလေးလို့ခေါ်သံကြားတာပဲ။ ဘယ်အရွယ်ရှိမလဲမသိဘူး။

ယောကျ်ားတွေကို ဒီလောက် မုန်းနေမှတော့ သွားခေါ်ခေါ်၊ အရုပ်ဆိုးဆိုး၊ ကျောက်ပေါက်မျက်နှာနဲ့ အပျိုဟိုင်းကြီးပဲဖြစ်မှာပေါ့။ သူ မျက်မှန်းနှင့် ပုံဖော်ကြည့်ပြီး ပြုံးလိုက်မိသည်။

"မင်းက ဘာကိုပြုံးတာလဲ ကောင်လေးရ"

"ဪ…ဟို…ဘာမှမဟုတ်ဘူး…ဒီလိုပါပဲ"

"အင်း…မင်းကတော့ ပြုံးနိုင်ရှာတယ်။ ငါ မှားထားမယ်နော် ကောင်လေး…ငါ မထွက်နိုင်းဘဲနဲ့ မင်း အပြင်ကို လုံး၀ မထွက်နဲ့ သိလား"

www.burmeseclassic.com

www.burmeseclassic.com



သေပြီ ဆရာ။ ဘာပြစ်မှုမှ မကျူးလွန်ဘဲ ထောင်ချခံလိုက်ရတာပါလား။

"မထွက်တာကတော့ ဟုတ်ပါပြီ…ဟို…အီးအီးပါတာတို့၊ ရှူးရှူးပေါက်တာတို့ဆို ဘယ်လိုလုပ်ရမလဲ"

"တတ်နိုင်သလောက်တော့ အောင့်ထားပေါ့ကွာ"

"မအောင့်နိုင်ရင်ရောဗျာ"

"မအောင့်နိုင်ရင်တော့ ပုဆိုးထဲပါချပြီး ညရောက်မှပဲ သန့်ရှင်းရေးလုပ်ပေတော့ ကောင်လေးရ"

သူ နှာခေါင်းရှုံ့လိုက်မိသည်။ မလွယ်ပါလား။ အရှင်လတ်လတ်ငရဲပြည်ရောက်ပြီထင်ပါရဲ့။ ဒါနဲ့များ ဦးလေးထွန်း သူ့ကို ဘာလို့ ဒီကိုခေါ်လာခဲ့ပါလိမ့်။

ကိုယ့်ဟာကိုယ် ရွာမှာနေလိုက်ရ အကောင်းသား။ ခုတော့ သေချင်တဲ့ကျား တောပြောင်းလာသလို ဖြစ်နေပြီ။ ဝဋ်ရှိသရွေ့တော့ ခံလိုက်ဦးပေါ့။ ခေါ်တုန်းက ခေါ်လာပြီး ဦးလေးထွန်းတို့များ ခုတော့ ကျောခိုင်းသွားပြီ။

သူ မကျေမချမ်းနှင့်ဘဲ အောင့်အီးနေရင်း ညနေစောင်းတော့ ကားတစ်စီးဝင်လာတာ မြင်လိုက်ရသည်။ ကားကြီးက ပြောင်လက်နေတာပဲ။ ကိုလောင်းပု သုတ်သီးသုတ်ပျာနှင့် ထွက်သွားပြီး ခဏကြာတော့ ပြန်လာ၏။

"ကိုလောင်းပု"

"ဟေ…ကွာ"





"စောစောက ကားဝင်လာတာ ဘယ်သူလဲ"

"အဲဒါပေါ့…အကြင်နာလေ"

"ဒါဆို သူ ဒီနေ့တစ်နေ့လုံး အိမ်မှာမရှိဘူးပေါ့"

"အေးလေ…သူက ဒီလိုပဲ မိုးလင်းကမိုးချုပ် ကုမ္ပဏီကိုသွားနေတာ"

အဲဒါအကောင်းဆုံးပေါ့ဟု မပြောမိအောင် မနည်းပါးစပ်ပိတ်ထားရ၏။ ပြောပြောကစောပါတော့လား အဲလေ…စောစောက ပြောပါတော့လား။

"အဲဒါ ပြောရော့ပေါ့ ကိုလောင်းပုရယ်"

"ဘာဖြစ်လို့လဲကွ"

"သြော်…သူမရှိရင် ကျွန်တော် အပြင်ထွက်လို့ရတာပေါ့"

'ဟုတ်ပေသားပဲ' ဟူသော သဘောမျိုးနှင့် ကိုလောင်းပု ခေါင်းညိတ်ပြလေ၏။

"ညရောက်မှပဲ အပြင်ထွက်ပေတော့ ညမင်းသားရေ"

"ဘယ်လို…ညမင်းသား ဟုတ်လား"

"အေးလေ…မင်းက ညရောက်မှ လွတ်လွတ်လပ်လပ် နေခွင့်ရမယ့်ကောင်မို့ ညမင်းသားလို့ခေါ်တာ"

ဒါလည်း ဟုတ်တာပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

အိမ်ရောက်လို့မှ အမောမပြေ ညှော်ခန်းထဲကို ခြေချလိုက်မိတာနဲ့ ဒေါ်သက ငယ်ထိပ်ကို တက်ဆောင့်လေပြီ။ ဘာကြောင့်လဲဆို နံ့ရုံပေါ်က ပိုစတာကြောင့်လေ။ ဒီအိမ်မှာ လေးလေးထွန်းနဲ့ ကိုလောင်းပုရဲ့ ဝေယျာဝစ္စအသုံးအဆောင်ကလွဲရင် ယောကျ်ားနဲ့ပတ်က်တာ ဘာမှ မမြင်ချင်ဘူးလို့ ပြောထားရဲ့နဲ့ ဒီမင်းသားပုံကို ဘယ်သူက နံ့ရုံမှာ ကပ်ထားတာလဲ။

"လုံးချော…လုံးချော"

အသံက ဟိုဘဝမှာ ခေါင်းလောင်းလှူထားခဲ့ပုံရပါသည်။ တစ်အိမ်လုံး စာစာလျှပ်သွားလေ၏။





"လုံးချော"

"ရှင်…လာပါပြီ မမ"

"လာပြီဆို…မြန်မြန်လာ"

အသံရောက်လျှင် လူပါတစ်ခါတည်းပါမှဆိုသည့် သူမရဲ့ စိတ်မြန်လက်မြန်အမိန့်ကြောင့် လုံးချော ကမန်းကတန်း ပြေးထွက်လာလေ၏။ လုံးချော သူမရှေ့တွင် ခေါင်းငုံ့၍ မတ်တတ်ရပ်နေစဉ်-

"ဒေါက်"

မျက်မှန်ကိုချွတ်၍ စားပွဲပေါ်သို့ ဆောင့်ချလိုက်ရင်း လုံးချောကို ခပ်စူးစူးလေး ကြည့်နေသည်။ လုံးချောခမျာ မလှုပ်ရဲ။

"ဒါ ဘာလဲ"

နံ့ရုံက ပိုစတာကို မေးငေါ့ပြရင်း မေးလေလျှင်-

"မင်းသား…မြင့်မြတ်လေ မမရဲ့"

"နင့်ကို မြတ်တာတွေ ရှုံးတာတွေ ငါ မေးနေတာမဟုတ်ဘူး။ ဘာလုပ်ထားတာလဲလို့ မေးနေတာ"

"ကပ်ထားတာပါ မမ"

"ဘာ"

ဝုန်းကနဲ ထရပ်လိုက်တာကြောင့် လုံးချောကိုယ်လေး ဆတ်ကနဲ တုန်သွားသည်အထိ ကြောက်လန့်သွားလေသည်။ ယောကျ်ားတွေနှင့် ပတ်သက်၍ မြူတစ်မှုန် နှမ်းတစ်စေ့စာလောက်ပင် အကြင်နာ သည်းမခံနိုင်ပါ။ နာမည်ကသာ 'အကြင်နာခြွေ' ယောကျ်ားတွေ အတွက် သူမ မေတ္တာတွေ၊ အကြင်နာတွေကို ခြွေချပေးဖို့ မပြောနဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဆံချည်တစ်ချောင်းမျှပင် မပေးကမ်း မစွန့်ကြဲနိုင်ပေ။

ယောက်ျားဆိုလျှင် ဘယ်ယောက်ျားမှ မကောင်းဘူးလို့ ခံယူထားသူမို့-

"လုံးချော"

"ရှင်"

"နင်တို့ ငါ့ကို ပမာမခန့် လုပ်နေကြတာလား။ ငါ ဘယ်လို မိန်းမလဲဆိုတာ နင်တို့သိတယ်နော်"

"သိ…သိပါတယ်"

"တောက်…သိရဲ့သားနဲ့များ"

မျက်နှာက လိုသည်ထက်ပို၍ ခက်ထန်နေသည်။ အကြင်နှာဆိုတဲ့ မိန်းကလေးရဲ့မျက်နှာက ဘယ်လောက်ပဲ မာကျောခက်ထန်နေပါစေ ကြောက်စရာ လန့်စရာ လုံးဝ မကောင်းပေ။

"အဲဒီပိုစတာကို ခုဖြုတ်ပစ်စမ်း"

"ဟုတ်…ဟုတ်ကဲ့"

လုံးချော တုန်တုန်ယင်ယင်နှင့်ပဲ မြင့်မြတ်ပုံပိုစတာကို ဖြုတ်နေသည်။

"မြန်မြန်ဖြုတ်"

ပိုစတာကို ဖြုတ်ပြီး လုံးချော နှမြောစွာ လိပ်ထားလိုက်၏။

"ပေးစမ်း…အဲဒီပုံ"

လုံးချောလက်ထဲကနေ ဆွဲယူပြီး တစ်စတစ်စဖြစ်သွားအောင် စုတ်ဖြဲပစ်လိုက်တော့သည်။





"ကဲဟာ…ကဲဟာ"

လုံးချော စိတ်ထဲမှာတော့ တွေးနေမိသည်။ သူမ ယောက်ျားတွေကို မုန်းတာနှင့် မင်းသားမြင့်မြတ်က ဘာဆိုင်လို့လဲ။ မမ ယောက်ျားတွေကို ဘာကြောင့် ဒီလောက်မုန်းတီးနေတာလဲ။

"လုံးချော"

"ရှင်"

"ငါ မှာထားမယ်နော်။ ဒါမျိုးလုပ်တာ ဒီတစ်ခါနောက်ဆုံးအကြိမ်ဖြစ်ပါစေ။ နောက်တစ်ခါဆို ငါ ခွင့်မလွှတ်ဘူး။ နားလည်လား"

"ဟုတ်"

"တောက်"

ဒေါသအရှိန်အဟုန်က ဘယ်လောက်တောင် ကြီးမားနေသည်မသိတော့။ အကြင်နှာ၏အသားတွေ တဆတ်ဆတ် တုန်နေသည်။

"နင်တို့ ယောက်ျားတွေအကြောင်း ဘယ်လောက်နားလည်လို့လဲ။ ယောက်ျားမှန်ရင် တစ်ယောက်မှ သစ္စာမရှိဘူး၊ မုန်းတယ်၊ ယောက်ျားတွေအားလုံးကို ငါ မုန်းတယ်"

"အန်တီ"

အခန်းဝဆီမှနေ အသံနှင့်ထပ်တူ ရောက်လာသူက 'ကြီး'ဆိုတဲ့ မိန်းကလေးပါ။ ခပ်ရိုရိုအနေအထားနှင့် သူမရှေ့ကို ရောက်လာပြီး-

"လုံးချောကို မဆူပါနဲ့ အန်တီ၊ အဲဒီပုံကို 'ကြီး' ကပ်တာပါ"

"ဘာ"


www.burmeseclassic.com

www.burmeseclassic.com



စောစောက ငယ်ထိပ်ကို တက်ဆောင့်သော ဒေါသတွေက ခုတော့ မိုးအထိ ခုန်တက်သွားပြီထင်ပါရဲ့။ ကြိုးကိုကြည့်တဲ့ သူမ အကြည့်တွေက ရူးရူးရဲရဲ။ လုံးချော ကပ်တာကိုမှ မသိလို့လို့ ဆင်ခြေ ပေးလျှင် ခွင့်လွှတ်လို့ရသေးသည်။

ခုတော့ ကြိုး ကပ်တာပါတဲ့။

"မိကြိုး"

"ရှင်"

"ပြန်ပြောလိုက်စမ်း…ဒီပုံကို ဘယ်သူကပ်တာ"

"ကြိုး…ကြိုး"

စကားသံလေး ရှေ့မဆက်ခင်ပဲ–

"ငါ အတန်တန်မှာထားတဲ့ကြားက အရွဲ့ထချင်တဲ့ ကောင်မ"

"ကဲဟာ"

"ဖြန်း"

"အား"

"ဖြန်း"

"အား"

"ကလေး"

"ကြိုး"

နှစ်ချက်ဆင့်ရိုက်သည့် အားမို့ 'ကြိုး'ခန္ဓာကိုယ်လေး လဲကျ သွားလေလျှင် လုံးချောက ပြေးပွေ့လိုက်၏။ ဦးထွန်းတောက်ကတော့ ဒေါသကုမ္ပာရ ဖြစ်နေသော အကြင်နာကိုသာ ဆွဲလွဲတားဆီးနေရပြီး–





"ကလေး…စိတ်ကိုထိန်းပါ ကလေးရယ်"

"လေးလေး…အဟင့်…ဟင့်"

အကြင်နာ လေးလေးထွန်း၏ရင်ခွင်ထဲသို့ တိုးဝင်၍ ကလေး တစ်ယောက်လို ငိုကြွေးလေတော့သည်။

ဦးထွန်းတောက် 'ကြိုး'ကိုလည်း မဆူရက်ပါ။ ဒီအရွယ်ဟာ ဘယ်လောက်ပဲ စည်းကမ်းတွေ တင်းကျပ်ထားထား မကြိုက်လို့မလုပ် ပါနဲ့ဆိုတဲ့အရာကို လက်တည့်စမ်း၍ ဇွတ်ထိုးလုပ်ချင်ကြသည်။ ခင်းသားပုံပိုစတာကို ချိတ်တာ၊ သက်ရှိလူသားကို ချစ်ကြိုက်တာမှ မဟုတ်ဘဲ။ အပြစ်မြင်လို့ မရပေ။

ဒါပေမယ့်…

အဲဒီလို သေးသေးမွှားမွှားကိစ္စလေးကအစ အကြင်နာက ယောက်ျားနဲ့ပတ်သက်လာရင် သည်းမခံတတ်ပေ။

"ကလေး"

"လေးလေးထွန်း"

"လေးလေး တောင်းပန်ပါတယ် ကလေးရယ်၊ စိတ်လျှော့ လိုက်နော်"

ဦးထွန်းတောက် အကြင်နာကို ချော့၍ အပေါ်ထပ်သို့ ခေါ်လာ ခဲ့သည်။

ကြိုးကတော့ နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ဖိကိုက်ထား လေ၏။ မျက်ရည်တွေကျနေပေမယ့် လုံးဝအသံထွက်၍မငို။ သူမက လည်း မာနတစ်မျိုးလေးနှင့်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ကြိုး…အရှမ်းနာသွားလားဟင်"

သူမ ပါးပြင်ကို လက်နှင့်စမ်းရင်း-

"ရပါတယ် မချောရယ်…ဒီလောက်နဲ့တော့ ကြိုး မမှုဘူး"

"အို…ကြိုးရယ်"

သိပ်မကြာလိုက်ပါ။ လေးလေးထွန်း ပြန်ဆင်းလာပြီး ကြိုး ရှေ့မှာ လာရပ်၏။

"ကြိုး"

ကြိုး မော့မကြည့်ပါ။ ဦးထွန်းတောက် ကြိုးကို ဘယ်လိုဆုံးမ ရမလဲ။

"ညည်းကလည်း ညည်းပဲ…သူ မကြိုက်တာကို ဘာလို့ လုပ်ရတာလဲ"

"ပိစတာပဲ လေးလေးထွန်းရဲ့…သက်ရှိလူမှ မဟုတ်တာ။ ကြိုး ဒီလောက်တော့ လုပ်ပိုင်ခွင့်ရှိတယ်ထင်လို့ လုပ်လိုက်တာ"

ဦးထွန်းတောက်ကို အဘိုးတော်ပေမယ့် အန်တီခေါ်သလိုပဲ ကြိုးက လေးလေးထွန်းလို့ လိုက်ခေါ်သည်။ ဒီအိမ်မှာ လေးလေးထွန်း ကအစ ဦးလောင်းပုတို့၊ ကြီးကြီးအုံးတို့အားလုံး အန်တီအကြင်နာမှ အကြင်နာ။ အန်တီအကြင်နာကို ချစ်ကြ၊ ဂရုစိုက်ကြ၊ ယုယနေကြတာ ကြိုး မကျေနပ်ပါဘူး။

ကြိုးကိုကျတော့ အားလုံး ဥပေက္ခာပြုထားကြတာလေ။

ဒါကြောင့်…

ကြိုး ပညာပြနေတာ။ အန်တီ စိတ်အနှောင့်အယှက်ဖြစ်မှ



ကြိုးက ကျေနပ်တာ။

"ပြောရခက်ပါလား ကြိုးရယ်၊ ညည်း အန်တီကို စိတ်အနှောင့် အယှက်ဖြစ်အောင် မလုပ်ပါနဲ့"

"လေးလေးထွန်းတို့က ကြိုးကိုပဲ အပြစ်မြင်နေကြတာပဲ။ ကြည့်နေ ယောက်ျားတစ်ယောက် ကောက်ယူပြီး အိမ်ပေါ်ကို ခေါ်တင် လာဦးမယ်"

"ကြိုး"

ကြိုး ပြောချင်တာကို ပြောခဲ့ပြီး ဧည့်ခန်းထဲမှ ထွက်လာခဲ့တော့ သည်။ ဘာလဲ…ဆုံးမတယ်ဆိုတဲ့စကားကို ပေါပေါလောလော သုံးပြီး ကြိုးကို ချုပ်ကိုင်ချင်နေကြတာ ဘယ်ရမှာလဲ။

ကြိုးတဲ့…

မိုးထိအောင် လှေကားထောင်တက်ပြီး ကဲ…ပြဦးမှာ အသေ အချာပဲ အန်တီအကြင်နာရေ…။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ကောင်လေး"

"ဗျာ"

"ပျင်းနေပြီလား"

သူ ဝါးကန့် သိမ်းလိုက်ပြီး လက်ကိုဆန့်၊ အပျင်းလုံးကို ထုတ်လိုက်သည်။ ပြီးမှ-

"ပျင်းတာတော့ မပြောပါနဲ့တော့ဗျာ…ဒီမှာ ထိုင်ရလွန်းလို့ တင်ပါး ပွတ်တက်တော့မယ်"

မျက်နှာကို ရှုံ့မဲ့၍ဆိုတော့ ကိုလောင်းပုက ကိုယ်ချင်းစာသလို ခေါင်းညိတ်ပြကာ-

"ဒီလိုလုပ်ကွာ"

"ဘယ်လိုလုပ်ရမလဲ"





သူ့ စိတ်ဝင်စားစွာ ကိုလောင်းပုအနားကို တိုးကပ်လိုက်သည်။ ကိုလောင်းပုကယ်မှ ကိုလောင်းပု မကယ်ရင် သေဖွယ်ရာရောက်တော့မယ့် သူ့ဘဝလေ။ လူဆိုတာ ကိုယ်လက်လှုပ်ရှားမှုရှိမှ သွေးလည်ပတ်မှုညီမျှပြီး ကျန်းမာရေးကောင်းတာ။ ခုလို အခန်းအောင်းပြီး ထိုင်နေရလို့ကတော့ ကြာရင် ရောဂါဖြစ်သွားနိုင်သည်။ အလုပ်မရှိရင် မနေတတ်တဲ့ သူ့ဘဝက ပိုတောင်ဆိုးသေး၏။

"မင်း စိတ်တော့ရှည်ရမှာနော်"

"ဟုတ်ကဲ့"

"လောလောဆယ် အကြင်နာက ကောင်းကောင်းနေမကောင်းလို့ ကုမ္ပဏီကို မသွားဘူးကွ။ အနည်းလေး သုံးလေးရက်တော့ အနားယူဦးမှာ"

"မြတ်စွာဘုရား"

မျှော်လင့်ချက်ရောင်ခြည်တန်းလေးက ချက်ချင်းပင် နောက်ကြောင်းပြန်လှည့်သွားလေပြီ။

"ဒီအတိုင်း အခန်းအောင်းနေရရင် မင်းလည်း ဒုက္ခရောက်သွားနိုင်တယ်။ အဲဒီတော့ အကြင်နာ အနားယူတဲ့ ရက်ကလေးမှာ မင်းမိန်းကလေးယောင်ဆောင်ပြီး အပြင်ထွက်ပေါ့ကွာ၊ သုံးလေးရက်ပဲဟာ"

"နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်လာတာပဲ"

ခုမှတော့ မတတ်နိုင်တော့ဘူးလေ။ ဒီလိုပဲ လုပ်ရတော့မှာပေါ့။ အိမ်ကြီးဘက်ကို သွားတုန်းခဏ သရုပ်ဆောင်ရမှာပဲဟာ။ ကိုလောင်းပု



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပုံအရဆိုရင် သူ့ကို ယောက်ျားပုံစံနဲ့ ဒီမှာနေဖို့ အကြင်နာဆိုတဲ့ အသွားကြီး လက်ခံရေးက သိပ်မလွယ်ပေ။

ဒါကြောင့်…

ဝက်ဖြစ်မှတော့ ကျဉ်ပွေ့ကို ကြောက်နေလို့မဖြစ်တော့။

"ဘာပဲဖြစ်ဖြစ် အပြင်ထွက်ရရင် ပြီးရောဗျာ…ကျွန်တော် လုပ်မယ်"

"ဒါဆို ခဏစောင့်"

ဘယ်အချိန်က အစီအစဉ်ဆွဲထားလဲမသိ။ ကိုလောင်းပုက မိန်းမ ပစ္စည်းအသုံးအဆောင်တွေကို ထုတ်ပေးလေသည်။ သူ ထိုပစ္စည်းတွေ ကို ကြည့်ပြီး သက်ပြင်းချမိတာလည်း အခါခါ။

"ဒါတွေကို ဆရာ မနေ့ကတည်းက ငါ့ကို ပေးလိုက်တာ။ လိုအပ်ရင် သုံးဖို့တဲ့။ မင်းကို အရင်စည်းရုံးပြီးမှ ပေးဆိုလို့ ငါ သိမ်း ထားတာ"

"ဘယ်တတ်နိုင်ပါ့မလဲ…ဝဋ်ကြွေးလို့ပဲ သတ်မှတ်ရတော့မှာ ပေါ့"

ကိုလောင်းပု ခမှပင် ဟင်းချနိုင်တော့သည်။ ဒီအရေးကိစ္စ အတွက် အကြင်နာနှင့် ကြိုးမလွဲ၍ ကျန်တဲ့လူတွေအားလုံး ခေါင်းချင်း ဆိုင် တိုင်ပင်ရတာ အမောပါပဲ။

"အစကတော့ အသနားခံပြီး အကြင်နာကို ဝိုင်းဖျောင်းဖျ နားချ မလို့လေ။ မင်းကို လက်ခံထားဖို့ တောင်းပန်ကြမလို့ပဲ။ ခုတော့ မဖြစ် နိုင်တော့ဘူးကွာ"





"ဘာလို့ အစီအစဉ်ပြောင်းသွားတာလဲ"

"ကြိုး ဂြိုလ်မွှေလို့ပေါ့ကွာ"

"ကြိုး"

"အေးလေ"

လာပြန်ပြီ…နောက်တစ်ယောက် ကြိုးတဲ့။ ချွေးချည်တဲ့ကြိုး လား၊ နှားချည်တဲ့ကြိုးလားတော့ မသိပါဘူး။ ပုံစံနားထောင်ရတာ တော့ မိန်းကလေးပဲဖြစ်မှာပါ။ ဘာတွေ သွားဂြိုဟ်မွှေလို့လဲ မသိဘူး။ သူ့ကြောင့် ဒီအစဉ်အစဉ်ကို ပြောင်းရတယ်ဆိုတော့ ရင်ထဲမှာ မေတ္တာ တွေ ပို့လိုက်မိတော့၏။

"မင်း သနပ်ခါး လိမ်းတတ်ရဲ့လား"

"အဲဒါ"

သူ ခေါင်းကို တဖျင်းဖျင်း ကုတ်လိုက်မိတော့သည်။ ယောက်ျား ပါဆိုမှတော့ ဘယ်လိုလုပ် သနပ်ခါးလိမ်းတတ်မှာလဲ။ ဆိတ်ဆိတ် နေခြင်းသည် ဝန်ခံခြင်းလို့ မှတ်ယူလျက်…

"ကဲ…ငါသွားတော့မယ်ကွာ…ပြီးရင် လုံးချောကို ငါ လွှတ် လိုက်မယ်ကြားလား။ မင်းကို မိန်းမအသွင် သူပဲ ပြောင်းပေးလိမ့် မယ်"

ပြောပြီး ကိုလောင်းပု ထွက်သွားလေသည်။ သူ တောကိုပြန် ပြေးရကောင်းမလား။ ဒါလည်း မဖြစ်သေးပါဘူး။ ဆရာတော် မှာလိုက်တဲ့စကားက နားထဲကမထွက်။

"ဖိုးတွယ်…တောင်အီအီ မြောက်အီအီလုပ်ပြီး တောကိုတော့



www.burmeseclassic.com

www.burmeseclassic.com



[illegible]ပြောနော်။ တို့တောက နွံထဲမှာ ရုန်းနိုင်မှ ထမင်းစားရတာ။ ခင်းပုံစံကို မင်းပြန်ကြည့်၊ ငါ ကျောင်းထားပေးလို့ ဆယ်တန်းတော့ အောင်ပါရဲ့။ ဆက်မတက်ဘူးဆိုပြီး ကြုံရာအလုပ်လုပ်နေတာ နွံစော်နံပြီး ရွှံ့ရောင်ထနေပြီ။ မြို့လိုက်သွားပြီး မြို့မှာပဲ အလုပ်ရှာပြီး ငွေစု၊ မင်းဘဝ အခြေခိုင်ပြီဆိုမှ တောကို အလည်ပြန်ခဲ့…ကြားလား”

“တင်ပါ့ဘုရား”

ကတိပေးပြီးမှ တောကို ပြန်ပြေးလို့ကတော့ ဆရာတော့်ကြိမ်လုံးက ကျောပေါ်မှာ တရွှမ်းရွှမ်း ကစားမှာ ကျိန်းသေပေါက်။

“ဟဲ့…ကောင်လေး”

“ခင်ဗျာ”

“တွယ်ယာမဲ့ဆိုတာ နင်လား”

“အင်း…ဟုတ်တယ်”

ကောင်လေးဆိုလို့ မော့ကြည့်လိုက်တာ ကောင်မကြီးလား မှတ်တယ်။ သူ့နဲ့မှ ရွယ်တူလောက်ပဲရှိဦးမည်။ ဒါကြောင့် တရိုတသေ မဟုတ်ဘဲ အင်းခတ်လိုက်တာ ဖြစ်၏။

“ကောင်လေးဆိုလို့ ငယ်ငယ်လေးလား မှတ်ပါတယ်။ ဆင်ကိုးစီး စားလို့တောင်ကုန်မှာမဟုတ်ဘူး”

“အောင်မာ…ကိုယ်လူစဉ်မမီတာနဲ့ သူများကို ကဲ့ရဲ့နေတယ်”

“ချွေတာရေးပေါ့ဟဲ့”

လုံးချောက ပစ္စည်းပစ္စယတွေ ထုတ်ပြီး သူ့ကို အသွင်ပြောင်းရေးလုပ်ငန်းကြီးကို စတင်ပါလေပြီ။ စကားတပြောပြောနှင့်ပင် ဒီနေရာ





မှာပဲ လုံးချောနှင့်သူ သူငယ်ချင်းဖြစ်သွားခဲ့ရ၏။ ဆံပင်တုကြီးတွေစွပ်၊ မိန်းမအဝတ်တွေဝတ်ရတာ စိတ်မောစရာ။

“အဟင်း…နင် မဆိုးဘူး တွယ်ယာ…တော်တော်လေး အလှသား…အေးလေ နင့်ရုပ်က နဂိုကတည်းက အချောသားလေးဟာ။ ခုလို ပြင်လိုက်တော့ နင့်အရုပ်ကြီးကလည်း သက်မွန်မြင့် အတိုင်းပဲ”

“တော်စမ်းပါဟာ…ဒီမှာ စိတ်ညစ်ရတဲ့အထဲ”

“ညစ်မနေနဲ့…လာ…သွားကြမယ်”

ဟူး…အသက်ကို ရှူရှူမှန်။ အဲလေ…မှားလို့၊ မှန်မှန်ရှူနိုင်ဖို့ ကြိုးစားပေတော့ တွယ်ရေ။

အိမ်ကြီးပေါ်သို့ ခြေချလိုက်မိတာနှင့် ကျောထဲမှာ စိမ့်ကနဲ ဖြစ်လာသည်။ ဧည့်ခန်းထဲမှာ သူ့ကို စောင့်နေကြပုံရလေသဖြင့် ခေါင်းကို မမော့ရဲ။ ဖြစ်နိုင်ရင် မျက်လုံးတွေကိုပါ မှိတ်ထားလိုက်ချင်၏။

“ထိုင်”

“ဟုတ်”

မိန်းမသားတစ်ယောက်ရဲ့ရှေ့မှာ ဒူးထောက်ခစားရမယ့်အဖြစ်ပါလား။ အင်း…သဏ္ဌာန်လုပ်သရုပ်တူဆိုသလို ယောကျ်ားတန်မယ့်ကြမ်းပြင်ပေါ်မှာ ကျုံ့ကျုံ့လေးထိုင်ဖို့ ဟန်ပြင်တော့-

“ဟော့…အပေါ်မှာထိုင်…ဒူးတုတ်ခစားတယ်ဆိုတာ ကျေးကျွန်တွေရဲ့အလုပ်။ ဒီအိမ်မှာ သခင်တွေ၊ ကျွန်တွေ မရှိဘူး။ လူချင်း



www.burmeseclassic.com

www.burmeseclassic.com

အားလုံး အတူတူပဲ”

ဆော်ပါသေးရဲ့။ တွယ်ယာလည်း မထိုင်ချင်တာနဲ့ အတော်ပဲလေ။ ယောကျ်ားက ကြမ်းပြင်ပေါ်ထိုင်ပြီး မိန်းမတစ်ယောက်ကို အရိုအသေပေးရမယ့်အဖြစ်ကို သူ လက်မခံနိုင်ပါ။ ကိုယ့်အမေလည်း မဟုတ်ဘဲနဲ့။

“မင်း…အသက်ဘယ်လောက်ရှိပြီလဲ”

တံတွေးတစ်ချက် မျိုချလိုက်ပြီး-

“နှစ်ဆယ်ပါ”

“ပညာအရည်အချင်းကရော”

“ဆယ်တန်းအောင်ပြီးပါပြီ”

“ဘာဖြစ်လို့ ကျောင်းဆက်မတက်တာလဲ”

“ဆင်းရဲတော့ ပိုက်ဆံမရှိလို့ မတက်နိုင်တာပါ”

“သြော်”

အသံက တိတ်ဆိတ်သွားပြီမို့ သူ မဝံ့မရဲ ခိုးကြည့်လိုက်သည်။ အားပါးပါး စောစောက ဘာလို့ မကြည့်မိပါလိမ့်နော်။ ကိုယ်လုံးတင်သာကြည့်မိသော သူ့မျက်လုံးကိုသာ ကျိန်ဆဲပစ်လိုက်ချင်တော့၏။ ပါတိတ်ဝမ်းဆက်ကိုသာ ဝတ်ထားသဖြင့် အသက်လေးဆယ်ကျော်ငါးဆယ်အရွယ်လောက် အဒေါ်ကြီးလို့ ထင်ထားတာ။ ခုတော့ အထင်နဲ့အမြင်က တက်တက်စင်အောင် လွဲနေပြီ။

နောက်တွဲဆံထုံးပုံ့ပုံ့လေးနှင့် အဖြူရောင်မျက်မှန်အကြည်ကို တပ်ထားသော အကြင်နှာဆိုတဲ့ မမဟာ ဘယ်လိုပဲ လူကြီးဂိုက်





ဖမ်းထားထား…

နုဖတ်ချောမွေ့နေသည့်မျက်နှာက လိမ်ညာမှုကို ဖော်ထုတ်နေသည်။ ဖူးပြည့်ပြည့်မျက်နှာလေးမှာ ဘယ်လောက်ပဲ တည်တင်းနေပါစေ စိတ်ပျက်စရာမကောင်းဘဲ ချစ်ဖို့ကောင်းနေ၏။

“တွယ်ယာမဲ့”

“ဗျ…အဲ…ရှင်”

ဗျာလို့ ထူးမလို့ ဟန်ပြင်ပြီးမှ သတိရကာ ပြောင်းထူးလိုက်သော သူ့အသံကို သူမ ရိပ်မိဟန်မတူပါ။ တည်တည်ငြိမ်ငြိမ်ပါပဲ။

“မင်း ကျောင်းဆက်တက်မလား”

“ဟင်”

မထင်မှတ်သောမေးခွန်းမို့ တွယ်ယာမဲ့ ဘာဖြေရမှန်းမသိ။ နောက်မှ…

“အသက်ကြီးမှ မတက်တော့ပါဘူး မမရယ်”

“ပညာသင်တာပဲကွာ…ဘယ်အချိန်ပဲဖြစ်ဖြစ် တင့်တယ်ပါတယ်။

ဒီလိုကျတော့လည်း သဘောတွေကောင်းနေပါ၄လား။ သူ့ကို တကယ်မိန်းကလေးထင်ပြီး သဘောကောင်းနေတာနေမှာပေါ့။ ဒီနေရာမှာ သူ ယောကျ်ားပါဆိုတာသာသိရင်…

“ဟုတ်သားပဲ တွယ်ယာရယ်”

ဒီနေ့ စကားဝိုင်းလေးဟာ ဒီမျှနဲ့ပဲ အေးအေးချမ်းချမ်း ပြီးဆုံးသွားခဲ့သည်။ နောက်မှ ကိုလောင်းပုထံမှ ကြားလိုက်သော စည်းကမ်း


www.burmeseclassic.com

www.burmeseclassic.com



ချက်များကတော့ ကြီးကြီးနှင့် မီးဖိုထဲမှာ ကူညီရမည်။ ယောက်ျားတွေနဲ့ ကင်းကင်းရှင်းရှင်း ရှိရမည်။ ကျောင်းဆက်တက်ရမည်။ အားတဲ့အခါ သူနှင့် ကုမ္ပဏီသို့ လိုက်ရမည်။ ထိုမည်…မည်သောအချက်တွေနှင့် သူ ဘယ်လောက်ကြာအောင် ဟန်ဆောင်နိုင်မလဲ။





## အခန်း (၄)

"ကျွန်တော်ခံ ဒီပုံစံကြီးနဲ့ ဘယ်လောက်ကြာအောင်နေရဦးမလဲဦးလေးထွန်းရယ်။ ဒီပုံစံအတိုင်းဆိုရင်တော့ ကျွန်တော် တောကိုပဲပြန်တော့မယ်ဗျာ"

တွယ်ယာ တကယ်ပဲ စိတ်ပျက်လွန်းပါ၏။ ကျောင်းတက်ရမည်တဲ့။ ကျောင်းဖွင့်ဖို့က တစ်ပတ်လောက်ပဲ လိုတော့တာ။ သူဘယ်လိုပုံစံနဲ့ ကျောင်းတက်ရမလဲ။ တစ်ယောက်တည်း တက်ရမည်ဆိုလျှင် တော်သေးရဲ့။ ယခု ကြိုးဆိုတဲ့ ကောင်မလေးကလည်း ခုမှပထမနှစ်တက်မှာ။

သူကလည်း ပထမနှစ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကနေ မိန်းမပုံစံနဲ့ထွက်သွားပြီး လမ်းရောက်မှ တစ်နေရာရာဝင်ပြီး အဝတ်လဲသွားမည်ဆိုတော့လည်း မေဂျာချင်းမတူပေမယ့် ကြိုးဆိုတဲ့ကောင်မလေး တစ်နေ့မဟုတ် တစ်နေ့ သိသွားနိုင်သည်။

"သုံးလေးရက်လောက်တော့ သည်းခံပေးပါ ကောင်လေးရာ၊ ကျောင်းမဖွင့်ခင် ငါ အဆင်ပြေအောင် လုပ်ပေးပါ့မယ်"

"လုပ်မယ်ဆိုလည်း မြန်မြန်လုပ်ဗျာ။ ကျွန်တော် သည်းမခံနိုင်တော့ဘူး"

"အေးပါ ကောင်လေးရာ"

ဦးထွန်းတောက် စိတ်အိုက်နေရှာပြီ။ မတတ်နိုင်ဘူးလေ။ သူက ခေါ်လာမိပြီပဲ။ ကလေးကို ချော့မော့ပြောပြီး သူ့ဘကြီးဘုန်းကြီးနဲ့ပဲ ကိုင်ပေါက်ရတော့မှာပဲ။

"ကြီးကြီးအုံး"

"အလိုတော်"

မီးဖိုချောင်ထဲမှာ လူစုနေသဖြင့် ကြိုး ဘာများလဲဟု စပ်စုချင်သောကြောင့် ဝင်လာခဲ့တာ။ လေးလေးထွန်းကအစ ဒီအထဲမှာ ဘာလုပ်နေတာလဲ။ သူမဝင်လာမှ စကားသံတွေ တိတ်ကျသွားတာမို့ ဘာတွေ တိုင်ပင်နေကြတာလဲဟု တစ်ယောက်ချင်း၏မျက်နှာကို လိုက်ကြည့်ပြီး အကဲခတ်လိုက်စဉ်-

"ဟင်"

အားလုံးထဲမှာ အရပ်မြင့်နေသော တွယ်ယာကို သတိထားမိသွားပြီး-



"သူက ဘယ်သူလဲဟင်…ကြီးကြီးအုံး"

ကြီးကြီးအုံးက မဖြေဘဲ လေးလေးထွန်းက ဝင်ဖြေလေသည်။

"လေးလေးထွန်း တောကခေါ်လာတာ"

"ဪ"

တွယ်ယာ တောင့်တောင့်ကြီးသာ ရပ်နေမိသည်။ ဒီဟာမလေးက ကြိုးဆိုတဲ့ကောင်မလေးပဲ ဖြစ်ရမယ်။ သူ့ကို သေသေချာချာ စိုက်ကြည့်နေပြီးမှ ပြုံးလိုက်ကာ-

"မမအရပ်ကြီးက အမြင့်ကြီးပဲနော်။ ကြိုးလည်း အဲဒီလို အရပ်ရှည်ချင်လိုက်တာ။ ခုခေတ်က အရပ်ရှည်တာကိုပဲ သဘောကျကြတာ။ စိုးမြတ်သူဇာတို့၊ စိုးမြတ်နန္ဒာတို့ဆို ဘော်ဒီတွေ တကယ်တောင့်ပြီး ဖြောင့်နေတာ"

အထင်မကြီးနဲ့ ကောင်မလေးရေ…ငါ့ခန္ဓာကိုယ် ဘော်ဒီဖြောင့်တာက တင်တုကြီးကြောင့်ဟလို့ အော်ပြောလိုက်ချင်၏။

"မမနာမည် ဘယ်လိုခေါ်လဲဟင်"

"တွယ်ယာမှဲ့"

"ဟယ်…နာမည်က တစ်မျိုးပဲနော်။ မမက အရမ်းလည်းလှတယ်၊ ကြိုးတော့ မမကို မြင်မြင်ချင်း ခင်သွားပြီသိလား"

ကြိုးက သူ့လက်မောင်းကို ဖက်၍ဆိုတော့ လုပ်ပါဦးဟူသော သဘောနှင့် ဦးလေးထွန်းကို လှမ်းကြည့်လိုက်သည်။ ဦးလေးထွန်းကသည်း သဘောပေါက်စွာ…

"ကြိုး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ညည်း ဘယ်လိုဖြစ်နေတာလဲ။ လူကြီးတွေ စကားပြောနေတယ်"

"ဒီက ခင်လို့ပဲဟာကို"

ကြိုးက ခြေကလေးဆောင့်၍ နှုတ်ခမ်းစူလေသည်။ ဒါပေမယ့် တွယ်ယှာလက်မောင်းကို ဖက်ထားတာက လွှတ်မပေး။ ဦးထွန်းတောက် နာခေါင်းကြီးပွ၊ မျက်လုံးကြီးပြူး၍ ကြိုးကို ကြည့်လိုက်ပြီး-

"ညည်း ဘယ်လိုဖြစ်နေတာလဲ ကြိုး…ထွက်သွားစမ်း"

"ဟွန်း"

ကြိုး လေးလေးထွန်းကိုကြောက်၍တော့ မဟုတ်ပါ။ သူမကို ကလေးဆိုပြီး လူရာမသွင်းကြတာ။ အဲဒါကိုပဲ ကြိုး မုန်းတာ။

ဒါကြောင့်…

ချာကနဲ လှည့်ထွက်သွားလေ၏။

"လောလောဆယ် အဲဒါကိုပဲကြည့် ဦးလေးထွန်း…ကျွန်တော် ဘယ်လောက်အနေရခက်သလဲ"

"အမယ်…မင်းကပဲ နာအုံထင်နေသေး"

ဝင်ပြောလိုက်သူက ကိုလောင်းပု…

"ဟာ…နာတော့မနာဘူးပေါ့ဗျ။ အဲဒီလိုဖြစ်တော့ ဦးလေးထွန်းကို ကျွန်တော် ဘယ်မျက်လုံးမျိုးနဲ့ ကြည့်ရမလဲ…ပြော"

"ဒီမျက်လုံးနဲ့ ဒီလိုကြည့်ပေါ့"

ကိုလောင်းပုက အခြောက်ပုံစံနှင့် မျက်လုံးကို စွေ၍ကြည့်ပြ





သဖြင့် ဒေါ်ခင်မေအုံး၏လက်က ဒေါက်ကနဲ လောင်းပုခေါင်းပေါ်မှာ နေရာယူသွားလေသည်။

"နင်ကတစ်မျိုး"

"ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

ဒေါက်တာခက်ခက်ခိုင်သည် ဆေးခန်းတွင် လူရှင်းသွားပြီမို့ သိမ်းစရာရှိတာတွေ အိမ်ပြန်ကာနီး သိမ်းဆည်းနေသည်။ တံခါးတွေ လိုက်ပိတ်နေသော နာ့စ်မလေးကို လှမ်း၍မှာစရာရှိတာတွေ မှာရပြန်၏။

"သူဇာရေ"

"ရှင်…ဒေါက်တာ"

"မနက်ဖြန် စောစောလာခဲ့နော်။ ခုရက်ပိုင်းမှာ လူနာတွေ များလာလို့ပါ"

"ဟုတ်ကဲ့ ဒေါက်တာ"

"လူနာတွေက များလာမှာပေါ့၊ တစ်နေ့ထက်တစ်နေ့ ရောဂါဆန်းတွေက တစ်မျိုးပြီးတစ်မျိုးပဲ ပေါ်လာတာကိုး"



အခန်းထဲသို့ အသံနှင့်ထပ်တူ ဝင်လာသူကို မြင်လိုက်ရတော့ ဒေါက်တာခက်ခက်ခိုင် ဝမ်းသာသွားလေသည်။

"ဟယ်…အကြင်နာ"

"ဟုတ်ပါ့…ဘယ်လိုလဲ…လူနာတွေကြားမှာ မောနေပြီလား ဒေါက်တာမကြီး"

ဒေါက်တာခက်ခက်ခိုင် ဟင်းကနဲ သက်ပြင်းချရင်း-

"အေးဟယ်…ပြောကိုမပြောချင်တော့ဘူး"

"မပြောချင်လည်း မပြောနဲ့တော့"

ဒေါက်တာခက်ခက်ခိုင် ရယ်လိုက်ရင်းပဲ အကြင်နာ ပခုံးကို ဖက်ကာ-

"ကဲ…ပြော၊ ဘယ်ကနေ လှည့်လာတာလဲ"

"ဒီကိုပဲ တမင်လာခဲ့တာလေ"

"ထုံးစံအတိုင်းပဲမို့လား"

အကြင်နာ ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်…ခက်ကို ဖုန်းဆက်ခေါ်ရမှာ အားနာလို့ ကိုယ်တိုင်ပဲ လာခဲ့တာ"

"အားနာစရာ လူတွေလား အကြင်နာရယ် ခေါ်ရောပေါ့"

ခက်ခက်ခိုင်နှင့် အကြင်နာက ငယ်သူငယ်ချင်းတွေ၊ ကျောင်းမှာ တုန်းကဆို ခက်က အေးသလောက် အကြင်နာက စွာသည်။ မဟုတ်ခံ လက်သွက်လွန်းလှပေ၏။ အဲဒီလက်သွက်မှုတွေက အကြင်နာကို ဒုက္ခပေးခဲ့ပြီးပြီ။

www.burmeseclassic.com



"တဲ့--နင့်ကို ငါ ပြောရဦးမယ်"

"အင်း…ဆိုစမ်းပါဦး"

"ဒေါက်တာ"

"ဩော်…ဘာလဲ သူဇာ"

နာ့စ်မလေးက သူတို့အနားတွင် လာရပ်ရင်း-

"တံခါးတွေလည်း ပိတ်ပြီးပြီ။ ပစ္စည်းတွေပေည်း သိမ်းပြီးပြီ။ သူဇာ ပြန်လို့ရပြီလား…မသိဘူး"

"အေး…အေး…ပြန်လေ၊ မနက်ဖြန်ကျရင်သာ စောစောလာခဲ့ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

နာ့စ်မလေး ပြန်သွားလေတော့ ဆေးခန်းထဲမှာ ခက်နှင့်အကြင်နာ နှစ်ယောက်တည်း ကျန်ခဲ့လေ၏။ ပြောပြစရာတွေက အများကြီးမို့ အကြင်နာက ခက်ကို စားသောက်ဆိုင်တစ်ခုသို့ လိုက်ခဲ့ရန်ခေါ်သည်။ ခက်ကလည်း မငြင်းဘဲ လိုက်ဖို့ရာ ဆေးခန်းထဲမှ ထွက်လာခဲ့ကြ၏။

"ကဲ…မရွှေအကြင်နာ…စောစောက စကားကိုဆက်ပါဦး"

"ဆက်မှာ…ဆက်မှာ"

ပြောပြီး ရယ်မိကြသည်။

"ကြိုးပေါ့ ခက်ရယ်"

"အင်း…နင် စိတ်ညစ်အောင် ဘာတွေလုပ်လိုက်ပြန်ပြီလဲ"

"ယောကျ်ားတွေကို ငါ ဘယ်လောက်မုန်းတယ်ဆိုတာ နင် လည်း အသိသားပဲဟယ်"



"အေးလေ…သိသားပဲ၊ အိမ်မှာ ဖိုဆိုရင် လေးလေးထွန်းရယ်၊ ကိုလောင်းပုရယ်၊ ထမင်းဟင်းချက်တဲ့ မီးဖိုရယ်တောင် မလွှဲသာလို့ ထားရတာဆို"

"အေး…အဲဒါကို မိကြိုးက ဘာလုပ်တယ်ထင်လဲ"

ဘာလုပ်လဲဟူသော အဓိပ္ပာယ်ဆောင်သည့် မျက်ဝန်းနှင့် ခက်က အကြင်နာကို ကြည့်လေသည်။ အကြင်နာ မဲ့ပြုံးတစ်ချက်ကို လှလှပပ ပြုံးလိုက်ရင်း-

"ဘာလုပ်ရမလဲ…မင်းသားပုံပိုစတာကို ညှော်ခန်းထဲမှာ ချိတ်ထားတာ"

"ဟယ်"

ခက် အကြင်နာကို ကရုဏာမျက်ဝန်းလေးနှင့် ကြည့်လိုက်သည်။ ဒီကောင်မလေး ဘာကြောင့် အကြင်နာကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ရတာလဲ။ အကြင်နာရဲ့စေတနာမေတ္တာတွေကို သူမ ဘာလို့နားမလည်ရတာလဲ။ ကြိုးနှင့်ပတ်သက်ပြီး အကြင်နာက ခက် ဘာတစ်ခွန်းမှ ဝင်ပြောစရာမလိုဘူးဟု တားထား၍ နေနေရတာ။

အကြင်နာက ဘာပဲဖြစ်ဖြစ် ကြိုးကိုလည်း အကြင်နာအကြောင်း ဘာမှမပြောရဟု ဆိုထားသေးသည်။

"အဲဒါနဲ့ နင် ဒေါသတွေ ထွက်ရရောမဟုတ်လား"

"အေးလေ…ငါလည်း ဒေါသကို မထိန်းနိုင်ဖြစ်ပြီး သူ့ကို ပါးရိုက်ပစ်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်ဟု ခက် ရင်ထဲကနေ တိတ်တဆိတ် မေတ္တာပို့လိုက်သည်။ စကားပြောကြရင်း စားသောက်ဆိုင်သို့ ရောက်လာခဲ့ကြတော့…

"နင် ဘာစားမလဲ ခက်…ဒီနေ့ ငါ ကျွေးမယ်"

"နင် ကြိုက်တာပဲမှာပါ။ ငယ်ငယ်တုန်းကလိုပေါ့"

ငယ်ငယ်တုန်းကဆိုလျှင် အကြင်နာ မုန့်ဝယ်ကျွေးသည့်အခါ ခက်က သူမ ကြိုက်တာမစားဘဲ အကြင်နာ စားတာကို လိုက်စားသည်။ အကြင်နာကလည်း ခက် ဝယ်ကျွေးမည့်နေ့ဆို ခက်စားသည့် မုန့်မျိုးကိုပဲ စားလေ၏။ ခုလည်း အကြင်နာ သူမ ကြိုက်တာတွေမှာပြီး ခက်ကို ကြည့်လိုက်လေလျှင်-

"နင်ပြောတဲ့အတိုင်းဆို ကြိုးက နင့်ကို ဆန့်ကျင်နေပြီပေါ့"

"အဲဒီသဘောပဲ သက်ရောက်နေတာ"

"ဒီအတိုင်းပဲဆို လွယ်ပါ့မလား အကြင်နာရယ်"

"ဘာတတ်နိုင်မှာလဲ ခက်ရယ်…ပါးစပ်နဲ့ ဆုံးမလို့မရရင် လက်နဲ့ ဆုံးမလိုက်ရုံပေါ့"

"တော်ကြာမှ ကျော်မကောင်းကြားမကောင်းတွေ ဖြစ်နေပါဦးမယ်"

ညည်းညည်းညူညူလေးနှင့် ခက် ဆိုလိုက်မိသည်။

"ငါ အသက်ရှင်လျက်ရှိနေသေးတာ သူ့အတွက် အင်အားတွေ မွေးထားလို့ဆိုတာ သူမှ မသိရှာတာ ခက်ရယ်"

"သိအောင် ပြောပြသင့်တာပေါ့ဟဲ့"



"ငါကြောင့် သူ့ဘဝလေး အကျည်းတန်အရုပ်ဆိုးသွားခဲ့တယ်လို့ ငါ့ရင်ထဲမှာ ခံစားနေရသရွေ့ သူ့ကို ဘယ်လိုအကြောင်းမျိုးနဲ့မှ စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူးဟာ။ ငါ အမိုက်ခံပြီး ဆုံးမနေရတာလည်း သူ လမ်းမှားသွားမှာစိုးလို့ပါ"

"ငါ နားလည်ပါတယ် အကြင်နာရယ်"

အကြင်နာ တွေဝေငေးမောစွာ နံရံတစ်ခုကို စိုက်ကြည့်နေမိသည်။ တစ်ခါတစ်ခါ အတိတ်က အရိပ်ဆိုးတွေက သူမကို ခြောက်လှန့်နေခဲ့သည်လေ။

"ဟဲ့…အဲဒါ အကြင်နာခြွေ မဟုတ်လား"

"ဟုတ်တယ်လေ…မနှစ်ကကတည်းက ထောင်က လွတ်လာတာ"

"ထောင်ထွက်မပေါ့နော်…ဟင်း…ဟင်း"

တစ်စွန်းတစ်စ ကြားလိုက်ရသောအသံကြောင့် ခက်နှင့် အကြင်နာ အကြည့်ချင်း ဆုံသွားကြလေ၏။

"ရက်စက်ချက်ကတော့ ရုပ်ကလေးနဲ့ကို မလိုက်ဘူး"

"ဒါတင်ဘယ်ကမလဲဟဲ့…အကြံကလည်းပိုင်ပါ့"

"ဘာအကြံပိုင်တာလဲ"

"မပြောချင်ပါဘူးဟယ်…အခု သူ အရမ်းချမ်းသာနေတာ ဘယ်သူ့ပစ္စည်းတွေမှတ်လဲ"

ကြားနေရသော စကားတွေက အကျဉ်းချထားသော သူမ၏ ဒေါသတွေကို ရန်စလို၍ တံခါးလာခေါက်နေသည့်နှယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါမသိလို့ ပြောပြပါဦး"

"သူကိုယ်တိုင် ရက်ရက်စက်စက် သတ်ပစ်လိုက်တဲ့ သူ့အစ်မလင်မယားရဲ့ပစ္စည်းတွေပေါ့ဟဲ့…မမလုပ်သူ့ရဲ့ယောကျ်ားကိုလည်း ကြောင်တောင်နိုက်သေး။ ပြီးတော့ လူတွေကို သတ်ပြီး ပစ္စည်းတွေကို အပိုင်သိမ်းထားတာ။ မလွှတ်သာလို့ ထောင်ကျပေမယ့် ခု…ထောင်ကထွက်လာတော့ အဲဒီပစ္စည်းတွေနဲ့ သူက ငြိမ့်နေတာ"

"တော်တော်ကြောက်စရာကောင်းတဲ့ မိန်းမပဲ"

"ဟုန်း"

အကြင်နာ စားပွဲကို လက်ဝါးနှင့် ရိုက်ချလိုက်သည်။ ကျန်တာတွေပြောတာ အကြင်နာ သည်းခံနိုင်သေးပါ၏။ အစ်မလင်ကို ကြောင်တောင်နိုက်တယ်ဆိုတဲ့စကားကိုတော့ လုံးဝ သည်းမခံနိုင်ပါ။ ဒါ သူမ၏ကိုယ်ကျင့်တရားကို စော်ကားတာ။ ဒေါသကြောင့် တစ်ဖက်ဝိုင်းသို့ ဘယ်လိုရောက်သွားမှန်းပင် မသိလိုက်။

"အကြင်နာ"

ခက် သူမလက်ကို ဆွဲထားပေမယ့် မရ။

"ဒီမှာ"

အတင်းပြောသည့် မိန်းမတွေ သူမကိုမြင်တော့ ဖြူသွားပုံရသည်။

"ကိုယ့်အကြောင်းကိုယ်ပြောကြရင် ကောင်းလိမ့်မယ်နော်"

"တို့က ဘယ်သူ့အကြောင်း ပြောနေလို့လဲ"

ဖြောင်လိမ်တာကြည့်။



"နင်တို့ ငါ့အကြောင်းကို ပြောနေတာ မဟုတ်လား"

"ဟုတ်တယ်…ဘာဖြစ်လဲ၊ တို့က ဟုတ်တာမှန်တာတွေ ပြောနေတာပဲ ထောင်ထွက်မရဲ့"

တစ်ဖက်ကလည်း တစ်ယောက်က ငြိမ်နေပေမယ့် တစ်ယောက်က စွာသည်။

"အေး…ငါ ထောင်ကထွက်လာတာ ဘာမှုနဲ့လဲ သိလား"

"သိတယ်လေ…နင့်ဟာနင် လူဘယ်နှယောက်ပဲသတ်သတ် သူတို့ သတ္တိနည်းလို့ အသတ်ခံပေမယ့် ငါလိုမိန်းမက မရဘူးဟေ့"

အကြင်နာပုံစံက ကျားနာတစ်ကောင်လို ဖြစ်လာသည်။ သွေးစွန်းထားဖူးတဲ့ လက်တစ်စုံဟာ နောက်ထပ် သွေးစွန်းစေဖို့ရာ ဝန်မလေးဘူးတဲ့။ ခက် ဘာလုပ်လို့ဘာကိုင်ရမှန်း မသိတော့။

"အကြင်နာရယ်…ငါ တောင်းပန်ပါတယ်။ တို့…သွားကြရအောင်နော်"

"ဟုတ်ပါတယ် အစ်မတို့ရယ်…ကြားထဲက ကျွန်တော်တို့ တောင်းပန်ပါတယ်။ ဝုန်းဝုန်းဒိုင်းဒိုင်းတွေ ဖြစ်ကုန်ရင် အစ်မတို့အတွက် မကောင်းသလို ကျွန်တော်တို့ဆိုင်လည်း နာမည်ပျက်မှာပေါ့"

ဆိုင်တာဝန်ခံနဲ့ ဝိတ်တာလေးတွေ ရောက်လာပြီး ရန်ဖြေပေးကြ၏။

"တောက်"

ဆိုင်ရှင်ကို အားနာ၍ အကြင်နာ စိတ်လျှော့လိုက်ရတော့သည်။

"အကြင်နာရယ်…ကိုယ်က ဂုဏ်နဲ့ဒြပ်နဲ့ သိက္ခာနဲ့နေတဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



လေ…သူတို့ ဘာပဲပြောပြော အမှန်တရားကို ဘုရားနဲ့နတ် သိပါတယ်"

"ဘာဂုဏ်နဲ့ ဒြပ်နဲ့နေတာလဲ၊ ထောင်ထွက်က ထောင်ထွက်ပဲပေါ့"

တစ်ဖက်ကို တောင်းပန်ထားပြန်တော့ တစ်ဖက်က စွာလာပြန်သဖြင့်-

"ခင်ဗျားဗျာ…ဒီဘက်က စိတ်လျှော့ထားမှတော့ ကျေနပ်ရောပေါ့…သွားဗျာ…ခင်ဗျား ဒီက အမြန်ထွက်သွား"

"သွားမယ်…သွားမယ်"

တစ်ဖက်က မိန်းမ ဒေါနှင့်မောနှင့် ထွက်သွားလေသည်။ အကြင်နာကိုတော့ မနည်းဆွဲနေရ၏။ ဒီမိန်းမ မသိသေးလို့ပါ။ အကြင်နာဆိုတာ သမင်ခွာယက်ပြသလို ခြေသံနှင့်ခြောက်တတ်သူ မဟုတ်။ လူနှစ်ယောက်ကို တစ်ပြိုင်တည်း သတ်ခဲ့တဲ့ ထောင်ထွက် မဟုတ်လား။





## အခန်း (၆)

"ရှီ…ရှီ…ရှီ…ရှီ"

ဒီနေ့ မမအကြင်နာ မိုးလင်းကတည်းက ကုမ္ပဏီကို ထွက်သွားပြီ။ ကြီးဆိုတဲ့ကောင်မလေးကလည်း သူငယ်ချင်းတွေဆီ အလည်သွားတာ ညနေမှပြန်မတဲ့။ ဒါကြောင့် တွယ်ယာ လွတ်လပ်ခွင့်ရလေပြီမို့ လေချွန်တမြမြနှင့် အဝတ်တွေ လျှော်နေသည်။ တစ်နေကုန် နေချင်သလိုနေ၊ လုပ်ချင်တာလုပ်လိုက်စမ်း။ အဲ…မတော်လို့ ကားသံကြားရင်တော့ အိမ်ထဲဝင်ပြီး ပုန်းနေလိုက်ရုံသာ။

"ကောင်လေး"

"ဗျာ…ကိုလောင်းပု"



www.burmeseclassic.com

www.burmeseclassic.com



"အဝတ်တွေလျှော်ပြီးရင် ပန်းပင်တွေ ရေလောင်းလိုက်ဦး… ကြားလား"

"ဟုတ်ကဲ့"

ဒီအလုပ်ကလေးတွေလုပ်ဖို့ကို မနည်းပြောယူရသည်။ မီးဖိုထဲ ဝင်ပြီး ကူရတာက မမနဲ့ကြီးရှိတဲ့အချိန်။ သူတို့မရှိတဲ့အချိန်မှာတော့ ယောက်ျားပီပီ ကျားကျားလျားလျားအလုပ်ပဲ လုပ်ချင်၏။ ဒါမှ ကိုယ် လက်လှုပ်ရှားမှုရှိပြီး ကျန်းမာရေးကောင်းမှာ။ အဝတ်တွေလျှော်ပြီး လှန်းခဲ့ကာ ပန်းပင်တွေ ရေလောင်းဖို့ရာ အားရပါးရ ပြေးလာခိုက်-

"ဟာ…ဖိနပ်ပြတ်သွားပြီ…ဒုက္ခပဲ"

အရေးထဲ ဖိနပ်က ပြတ်သွားသဖြင့် သူ လောလောဆယ် စီးဖို့ ဖြစ်ရေးအတွက် ကြိုးပမ်းရလေ၏။ အပြဲရာလေးရှိနေသော ပုဆိုး၏ အောက်နားစကို ဖြဲစုတ်၍ ကြိုးသေးလေးကျစ်ကာ သဲကြိုးနှင့် ဖိနပ်ကို တွဲဖို့ ကြိုးစားရသည်။ ဒီဆင်ကြယ်ဖိနပ်ပါးလေးက သူစီးခဲ့တာ နှစ်နှစ် ကျော်ပြီဆိုတော့ ပြတ်ပြီပေါ့။

"ဟင်"

ဖိနပ်ပြန်ကောင်းရေးကို ကြိုးစားပမ်းစား ပြုပြင်နေခိုက် ငုံ့နေ သော သူ့မျက်နှာရှေ့တွင် ခြေတစ်စုံက လာရပ်လေ၏။ ဖြူဖွေးနေပြီး အကြောစိမ်းကလေးတွေကို ခပ်ရေးရေးမြင်နေရသည့် ခြေတစ်စုံ။ ပြီးတော့ နီညိုရောင်အပွင့်ကားကားနှင့် လုံချည်။

အမြင်အာရုံကို ဖြည်းဖြည်းချင်း ဆွဲယူမြှင့်တင်နေရာမှ မျက်နှာ ဆီသို့အရောက် တွယ်ယာ သွေးပျက်မတတ် ဖြစ်သွားလေသည်။



"မမ"

တင်းတင်းစေ့ထားသော နှုတ်ခမ်းအစုံ၊ စူးရဲနေသော အကြည့်၊ ဒါတွေက ကိုယ့်ကို ခုတ်ထစ်ချလိုက်မည့် ဓားတစ်ချောင်းလို ရင်ထဲမှာ ကြောက်လန့်စိုးရွံ့မှုတွေက လျှံထွက်လာ၏။

"မင်း ဘယ်သူလဲ"

"ဗျာ"

အဖြေမရှိသလို နှုတ်က စွံ့အနေသည်။

"ငါ မေးနေတယ်လေ…မင်း ဘယ်သူလဲ"

"ဟို…တွယ်…တွယ်ယာမဲ့ပါ မမ"

"နာမည်ကို မေးနေတာ မဟုတ်ဘူးကွ၊ မင်း ဘယ်ကလဲ။ ဘယ်သူ့ခွင့်ပြုချက်နဲ့ ဒီခြံထဲကို ရောက်လာတာလဲ။ ငါ့ကို မလိမ့် တစ်ပတ်လုပ်ပြီး ချဉ်းကပ်လာတာ။ မင်းမှာ ဘာအကြံအစည်တွေရှိလဲ ပြောစမ်း"

တွယ်ယာ ခေါင်းမဖော်ရဲတော့။ စစ်တလင်းမှာ ပစ်ခွင်းလာမည့် မြှားကို ရင်ကော့ပြီး အစိုက်ခံရဖို့ပဲ ရှိတော့သည်။ ထို့ကြောင့်-

"ကျွန်တော့်မှာ ဘာမကောင်းတဲ့အကြံအစည်မှ မရှိပါဘူး မမ။ ဒီကိုရောက်လာခဲ့တာလည်း ဦးလေးထွန်း အတင်းခေါ်လာလို့ပါ။ ဒွာက ဆရာတော်ဘုရားရဲ့အမိန့်ကို မလွန်ဆန်ရဲတာလည်း ပါပါ တယ်"

"ဆရာတော်"

အကြင်နာ မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေသည်။ စတွေ့တဲ့

www.burmeseclassic.com



နေ့ကတည်းက အကြင်နာ သက်သာမကင်း ဖြစ်နေခဲ့တာ။ စကားပြော လိုက်ရင် ဗျာနဲ့ရှင် ရှုပ်နေတာတွေ။ ပြီးတော့ သူ့အသွင်က မိန်းမ တစ်ယောက်ရဲ့ ပျော့ပျောင်းနွဲ့နှောင်း လှုပ်ရှားဟန်တွေ မပီပြင်တော့ အကြင်နာ ရိပ်မိခဲ့တာပေါ့။

"မင်းက ငါ့ကို ခပ်တုံးတုံး ခပ်အအ မိန်းမတစ်ယောက်လို့ ထင်နေတာလား"

"မထင်ပါဘူး"

"ငါ မင်းကို စတွေ့ကတည်းက မသင်္ကာဘူး။ အဲဒါကြောင့် ပြန်လာပြီး သူခိုးဖမ်းတာ"

"မမ"

"မင်း ဘာမှပြောခွင့်မရှိဘူး။ ငါပြောတာကိုပဲ နားထောင်"

"ဟုတ်"

အမိန့်ကိုသာ နာခံပြီး ထားလိုကနေ၊ သတ်လိုကသေဖို့ပဲ ရှိတော့သည်။

"ခြံဝမှာ ချိတ်ထားတဲ့ ဆိုင်းဘုတ်ကို မင်း ဖတ်ဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့...ဖတ်ဖူးပါတယ်"

"ဖတ်ဖူးတယ်ဆိုရင် ဒီအိမ်မှာ သူစိမ်းယောကျ်ားကို အလိုမရှိ ဘူးဆိုတာ မင်း သိမှာပေါ့"

"သိပါတယ်"

ဓာတ်ထဲမှာကတဲ့ နောက်ပိုင်းဓာတ်ထုပ်ကြီးလို ရှင်ဘုရင်အမိန့်





နာလိုက်တာနဲ့ 'အောင်မယ်လေး' ကြားရတာ နားဝမှာ မသက်သာလို့ အစချီပြီး ငိုချင်းရှည်ဟစ်ကြွေးရတဲ့အဖြစ်မျိုးကို သူ ရင်ဆိုင်ရတော့မည် ထင်ပါရဲ့။

"သိတယ်ဆိုရင် မင်း ကိုယ့်အထုပ်ကိုယ်ပိုက်ပြီး ဒီခြံထဲကနေ ထွက်သွားပေတော့။ ဒါ ငါ အသက်ညှာဆုံး ပြောပြတာ"

သူ အကြင်နာကို ရီဝေဝေလေး ကြည့်လိုက်သည်။ နာမည်နဲ့ ဆန့်ကျင်ပြီး ဘာလို့ ဒီလောက် ရက်စက်တတ်တာလဲ မမရယ်...

"သွားလေ...ဘာလုပ်နေတာလဲ"

"သွားပါ့မယ် မမ...ဒါပေမယ့် မသွားခင်တော့ ကျွန်တော် တစ်ခုလောက် ပြောပါရစေ"

"မင်းက ဘာပြောချင်သေးတာလဲ"

"လောကမှာ ယောကျ်ားတွေကို မုန်းစရာ ကျားသစ်ဝံပါအဖြစ် မြင်နေတဲ့ မမရဲ့အမြင်တွေက လွဲမှားနေပါတယ်"

"ဘာကွ"

"ယောကျ်ားတိုင်းဟာ မုန်းစရာဖြစ်လောက်အောင် ယုတ်မာ ဆောက်ကျစ်တယ်လို့ မထင်ပါနဲ့။ ကိုယ်ကျင့်တရားပျက်ပြားနေတဲ့ ချက်မှာရှုးတွေရှိသလို အကျင့်သီလကို ခါးဝတ်ပုဆိုးလိုမြဲပြီး သမာဓိ ရှိတဲ့ယောကျ်ားတွေလည်း လောကမှာရှိပါသေးတယ်။ ဒီပုပ်ထဲက ပဲ ပဲကြီးမထွန်းပါဘူးဆိုပေမယ့် အရွယ်အစားချင်း မတူညီကြဘူး ဆိုတာတော့ မမ သိထားပေးပါ။ ကျွန်တော် သွားတော့မယ်"

သဲကြိုးပြတ်သွားသော ဖိနပ်ပါးလေးကို ကောက်ယူလျှင်



www.burmeseclassic.com

www.burmeseclassic.com



တွယ်ယာ သူမရှေ့မှ ထွက်ခွာသွားလေသည်။

မင်း ဘယ်လိုကောင်လေးလဲ တွယ်ယာမဲ့။ ငါ တွေ့ဖူးတဲ့ ယောကျ်ားတွေအားလုံးထဲမှာ မင်းက ဘာကြောင့် ထူးခြားနေတာလဲ။ ထွက်သွားလို့ နှင်ထုတ်လိုက်တာကို တောင်းပန်ခယဖို့ မကြိုးစားဘဲ အပြစ်ရှိသူတစ်ယောက်လို ငြိမ်ငြိမ်လေး နာခံပြီး ထွက်သွားတာ။ မင်းရဲ့ မာနတွေကို ပြချင်တာလား။

ငါ အထင်ကြီးလိမ့်မယ်လို့ မင်း မတွက်နဲ့ တွယ်ယာမဲ့။ ငါ့ အမြင်မှာတော့ ယောကျ်ားတွေအားလုံးဟာ ကြောင်သူတော်ကြွက်သူခိုး တွေပဲ။ လေးလေးထွန်းတစ်ယောက်ကလွဲရင်ပေါ့။ လောကမှာ အကြင်နာ အထင်ကြီးလေးစားတဲ့ ယောကျ်ားဆိုလို့ လေးလေးထွန်း တစ်ယောက် ရှိသည်။

ကျန်တဲ့သူတွေအားလုံးကိုတော့ အမဲလိုက်သည့် မုဆိုးတွေပဲလို့ အကြင်နာထင်သည်။ သူမကို သိပ်ချစ်လှပါသည်ဆိုသော ဒယ်ဒီက အစ ထိုအမျိုးအစားထဲမှာပါနေတော့ အကြင်နာ ဘယ်လိုလုပ် ယောကျ်ားတွေကို အထင်ကြီးလို့ရမှာလဲ။

"ကလေး"

"ဟင်…လေးလေးထွန်း"

သူမအနားသို့ လေးလေးထွန်း ရောက်လာသည်။ မျက်နှာက အကြင်နာကို တောင်းပန်နေဟန် ရှိ၏။

"လေးလေးထွန်း အကြင်နာကို ညာရက်တယ်နော်"

"အစကတည်းက ကလေးကို ဖွင့်ပြောမလို့ပါပဲ။ ကြိုးကိုင်





ရှုပ်ထွေးသွားတော့ ဒေါသဖြစ်နေတဲ့အချိန်မှာ ကလေးကို မပြောရဲလို့ ခုလို လေးလေး လုပ်မိနိုင်းမိတာပါ။ ကောင်လေးမှာ အပြစ်မရှိပါဘူး"

လေးလေးထွန်းကိုတော့ အကြင်နာ မပြောရက်။ သူက အကြင်နာရဲ့အုပ်ထိန်းသူလေ။ ပြီးတော့ အကြင်နာကို ချစ်တဲ့စိတ်နဲ့ သက်ထပ်ကာနီး ချစ်သူကိုတောင် ရင်နာနာနှင့် စွန့်လွှတ်ခဲ့သူ။

"ကောင်လေးက ရိုးသားတယ်၊ ဒါကြောင့် ကလေးရဲ့ ဘကြီး ဘုန်းကြီးက သူ့ဘဝလေးလှပအောင် ကူညီပံ့ပိုးပေးပါဆိုတဲ့အမိန့်နဲ့ လေးလေးထွန်းကို ကတိတွေ အထပ်ထပ်တောင်းပြီး ထည့်ပေးလိုက်တာ။ ကောင်လေးက မိဘမဲ့တစ်ကောင် ကြွက်ကလေးပါ ကလေး ရယ်"

ရှည်လျားစွာ ရှင်းပြနေတဲ့ လေးလေးရဲ့စကားသံတွေကြားမှာ အကြင်နာ၏စိတ်တို့က လေပြေကြားမှာ ဆော့ကစားနေတဲ့ တိမ်တိုက် တို့သဖွယ်။ မိဘမဲ့တစ်ကောင်ကြွက်ဆိုတဲ့စကားဟာ သူမ၏နှလုံးသား ကို ပစ်ခွင်းသည့် မြားတစ်စင်းလို။

"ကလေးလည်း မိဘမဲ့တစ်ယောက် မဟုတ်လား။ ကလေးက လေးလေးထွန်းတို့လို ဆွေမျိုးသားချင်း ရှိနေသေးတယ်။ ပြီးတော့ ချမ်းသာတယ် သူ့မှာက…"

"တော်ပါတော့ လေးလေးရယ်"

ဘယ်လောက်ပဲ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီး ဖြစ်ခဲ့ပါစေ လူ ဘယ်နှယောက်ပဲသတ်သတ် အကြောင်းအပေါင်းမသင့်လို့ လုပ်ခဲ့ရတဲ့ သူမတို့၏နှလုံးသားထဲဝယ် အပေါ်ယံမှာ ခက်ထန်လင့်ကစား အတွင်း



www.burmeseclassic.com

www.burmeseclassic.com



သားပွင့်ဖတ်တွေက နူးညံ့သိမ်မွေ့ကြဆဲမဟုတ်လား။

"ငါးခုံးမတစ်ကောင်ပုပ်တာကြောင့် တစ်လှေလုံးကို နံစေခေါင်းရှုံ့မပြုပါနဲ့ ကလေးရယ်။ ပုပ်တဲ့ငါးကို ဘေးဖယ်ထားပြီး ရေဆေးငါးကို ချိန်ခွင်ထိုးခံပြီး ဝယ်ထားလိုက်သင့်ပါတယ်"

မျက်ရည်တွေ၊ ဒါ ဘာဖြစ်လို့ကျတဲ့မျက်ရည်တွေလဲ။ အစာမရှိတဲ့ ပေါက်စီတစ်လုံးလို သူမနှလုံးသား မဲ့နေခဲ့ပါလား။ ပေါက်စီဟာ အစာမရှိရင် အရသာမရှိသလို လူသားတွေလည်း နှလုံးသားမရှိရင် လူမည်ပါဦးမည်လား။ အမှန်နဲ့အမှားကို ဝေဖန်ပိုင်းခြားနိုင်ဖို့တော့ လိုနေပါပြီ။

"ဦးလေးထွန်း"

"ကောင်လေး"

"မမ"

တွယ်ယာ ဂျင်းန်ကျောပိုးအိတ်ကလေးကို ဘေးသို့ချလျှက် သူတို့ရှေ့မှာ ဒူးထောက်ထိုင်ချလေသည်။ အကြင်နာ မျက်နှာလွှဲထား လိုက်၏။

"တစ်လုပ်စားဖူး သူ့ကျေးဇူးတဲ့၊ ကျွန်တော် ဒီအိမ်မှာ ခိုနားခွင့်ရခဲ့တဲ့ ရက်ကလေးတွေအတွက် အခြားနည်းနဲ့ ကျေးဇူးမဆပ်နိုင်ခဲ့ပေမယ့် ဂါရဝတရားနဲ့တော့ ကန်တော့ပြီး ကျေးဇူးဆပ်ပါရစေ"

တွယ်ယာ ဦးလေးထွန်းနှင့်မမကို ကန်တော့လိုက်သည်။

"ကောင်လေး"

ဦးထွန်းတောက်အသံက စိတ်မကောင်းခြင်းတွေနှင့် ရောမွှေ





သည်သာ။

"ကျွန်တော် သွားတော့မယ်"

ဂျင်းန်အိတ်ကလေးကို ကောက်ကိုင်ပြီး ခေါင်းငိုက်စိုက်ချလျှက်သာ နှုတ်ဆိတ်ထွက်ခွာခဲ့လေပြီ။ ညှို့သည်နဲ့အိမ်ရှင်ဆိုတာ ငှက်နဲ့ သစ်ပင်မှမဟုတ်ဘဲ မမရယ်။ ငှက်ကလေးတွေက သစ်ပင်ကြီး လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ခိုနားလို့ရပါတယ်။ ဧည့်သည်ဆိုတာကတော့ အိမ်ရှင်လက်မခံရင် ခိုနားခွင့်မရဘူးမို့လား မမ။

"တွယ်ယာမဲ့"

ခပ်ပြတ်ပြတ်ခေါ်လိုက်သော မမရဲ့အသံ။ တွယ်ယာ ရပ်နေလိုက်မိ၏။

"မင်း ဒီကနေ ထွက်သွားစရာ မလိုတော့ဘူး"

"ဗျာ"

ကိုယ့်နားပင် ကိုယ်မယုံနိုင်။

"ကလေး…ကလေး တကယ်ပြောတာလားဟင်"

"ဘဘုန်းကြီးရဲ့အမိန့်ဆိုတဲ့အချက်နဲ့ မိဘမဲ့တစ်ကောင်ကြွက်ဆိုတဲ့အချက်ကြောင့် သူ့ကို ဒီအိမ်မှာပဲ ဆက်နေခွင့်ပေးလိုက်ပါ"

"ဟာ…လေးလေးထွန်း…ဝမ်းသာလိုက်တာ ကလေးရယ်"

ဦးထွန်းတောက်ရော တွယ်ယာရော ဝမ်းသာလွန်းလို့ ထတောင်ခုန်တော့မတတ်။

သူမကတော့ အပြုံးတစ်ပွင့်မျှ ခြွေမချခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် တစ်ခုတော့ ရှိတယ်"

"ပြောပါ ကလေး"

"ဟုတ်ပါတယ်…မမ…ပြောပါ"

သူမ တွယ်ယာ့မျက်နှာကို ခပ်ရှုးရှုးလေး ကြည့်လျက်-

"ဒီအိမ်မှာနေရင် ငါ့စည်းကမ်း၊ ငါ့အမိန့်ကို လိုက်နာရမယ်"

"အဲဒီအတွက် စိတ်ချပါ မမ…ကျွန်တော် တစ်သွေမတိမ်း လိုက်နာပါ့မယ်"

"မင်း ကတိတည်ပါစေ တွယ်ယာမဲ့"

"ဟုတ်ကဲ့ပါ မမ"

စကားဆုံးတာနှင့် အကြင်နာ ချာကနဲ လှည့်ထွက်သွားလေသည်။

ဘာပဲဖြစ်ဖြစ် မမအပါးမှာ နေခွင့်ရတယ်ဆိုရင်ပဲ ကျွန်တော် ကျေနပ်ပါတယ် မမရယ်။

"ကဲ…ကောင်လေး ဒီအိမ်မှာ လွတ်လပ်စွာနေခွင့် ပါမစ် မင်း ရသွားပြီဆိုတော့…"

"ကျွန်တော် ဘာလုပ်ပေးရမလဲ ဦးလေးထွန်း"

"ဝမ်းသာပေးရမှာပေါ့ကွာ…ဟား…ဟား"

ဦးလေးထွန်းက တွယ်ယာပခုံးကိုဖက်၍ အားရပါးရ ရယ်မော လေသည်။ သူရောက်လာကတည်းက အထိတ်ထိတ် အလန့်လန့်နှင့် နေနေကြရသော ကြီးကြီးအုန်း၊ ကိုလောင်းပုနဲ့ လုံးချောတို့လည်း ကျေနပ် ပီတိဖြစ်ကြမှာပါ။



# အခန်း (၇)

နံနက်ခင်း၏အလင်းရောင်သည် ပန်းကလေးတွေပေါ်မှာ ဖြန့်ကျက်ကျင်လည်လျက် မြင်ရသူ၏စိတ်နှလုံးကို ကြည်နူးချမ်းမြေ့ စေ၏။ သဘောသဘာဝက အရောင်ပျော့နေစဉ် ခင်မင်နှစ်လိုဖွယ် ကောင်းပေမယ့် နွေရာသီ၏ နေ့လယ်ခင်းတွေမှာတော့ အလွန်မုန်းစရာ ကောင်းလောက်အောင် ပူပြင်းခြောက်သွေ့လေသည်။

"ကြိုး…နင့်မှာ လိုအပ်တာရှိရင် ပြောနော်…ရှော့ပင်ထွက်ချင် ရင် လေးလေးထွန်းဆီမှာ ပိုက်ဆံတောင်းလို့ရတယ်…ဖြစ်ချင်တာ၊ လိုချင်တာရှိရင် အားနာပြီး မပြောဘဲမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



အနံ့တီအကြင်နာသည်လည်း နေမင်းကြီးလို။ အဲဒီလိုစကားတွေက အပြောမဟုတ်။ ကြိုး လိုအပ်သမျှကို ဖြည့်ဆည်းခဲ့တာချည်းပါပဲ။ ဒီလိုအချိန်တွေမှာတော့ အနံ့တီအကြင်နာဟာ ကြိုးအတွက် အရောင်ပျော့တဲ့ နေခြည်လင်းလေးလို ချစ်စရာကောင်းနေတော့သည်။

"မိကြိုး…ငါ မကြိုက်ပါဘူးလို့ ပြောထားရက်နဲ့ နင်က ငါ မုန်းတဲ့ ယောက်ျားတွေနဲ့မှ အရောတဝင် နေချင်ဟယ်ပေါ့လေ… ဟုတ်လား။ ငါ့ကို ပမာမခန့် လုပ်ချင်တဲ့ကောင်မ"

"ကဲဟာ"

"ဖြန်း"

အဲဒီလိုအခါမျိုးမှာတော့ အနံ့တီအကြင်နာဆိုတာ နွေနေ့လယ်ခင်းရဲ့ နေမင်းကြီးပဲ ဖြစ်သည်။ ဘာလဲ…သူ ယောက်ျားတွေကို မုန်းတာနဲ့ ကြိုးက ယောက်ျားလေးသူငယ်ချင်း မထားရဘူးလား။ မခင်ရဘူးတဲ့လား။ အရိုက်ခံရလည်း ကြိုး မမှုပါဘူး။ သူ့ကို ကလန်ကဆန်လုပ်နေရမှလည်း ကြိုးတို့က စားဝင်အိပ်ပျော်ဖြစ်တာ။

"ဟင်"

ခပ်လှန့်လှန့်ပြုံးရင်း တန်းလျားဘက်သို့ အကြည့်ကို ရွှေ့လိုက်မိစဉ်…

ခွေးလေး 'နောင်ညို' နှင့် ဆော့ကစားနေသော ခပ်ချောချောကောင်လေးတစ်ယောက်ကို မြင်လိုက်ရ၍ ကြိုး စိတ်ဝင်စားသွားလေသည်။ အင်း…ကောင်လေးသာ ပြောရတယ်၊ ကြိုးကဖြင့် ခုမှ ဆယ့်ရှစ်နှစ်ပဲ ရှိသေးတာကို၊ ကြိုးထက်ငယ်ရင် ကလေးပဲဖြစ်မှာပေါ့။





ခုဟာက…

အရုပ်မြင့်မြင့်၊ ဘော်ဒီတောင့်တောင့်ကြီးပဲဟာ။ သူ ဘယ်သူလဲ။ သိချင်စိတ်ဖြင့် တန်းလျားဘက်သို့ ကြိုး ပြေးလာခဲ့မိစဉ်-

"အား"

မြေကြီးထဲမှာ မြုပ်နေပြီးမှ မသိမသာလေး အစွန်းပေါ်နေသော အုတ်ခဲလား၊ ကျောက်ခဲလား မသိသည့်အရာကို ခလုတ်တိုက်၍ လဲကျသွားလေသည်။

"အား…နာလိုက်တာ"

ခြေထောက်ကို လက်နှင့် ဖျစ်ညှစ်၍ တစ်ဦးတည်း ညည်းညူလိုက်မိသည်။

"ဟိတ်…ဘာဖြစ်သွားတာလဲ"

"အား"

အနားသို့ရောက်လာသူကို ညည်းညူရင်း မော့ကြည့်လိုက်တော့ အို…သူ…သူ ဘယ်သူလဲ။ ချောလိုက်တာ။

"သွေးတွေ အရမ်းထွက်နေပါလား…ငါ ကြည့်ပေးမယ်… လက်ဖယ်"

ကြိုးလက်ကို သူက ဆွဲဖယ်ပြီး သွေးတွေပေနေသော သူမ၏ လက်ကို သူ့ပုဆိုးအောက်နားစနှင့် အရင်သုတ်ပေးလေသည်။ ပြီးမှ ခြေမထိပ်က ဒဏ်ရာကို ကိုင်ကြည့်ကာ-

"ခြေသည်းက ကွဲသွားတာပဲ"

သူကပြောရင်း သွေးစတွေ လွတ်ကင်းသည့်နေရာမှနေ ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com

အောက်နားစကို ပါးစပ်နှင့်ကိုက်ဖြဲပြီး သူမ၏ဒဏ်ရာကို ပတ်တီးစည်းနေသည်။

ကြိုး ခြေထောက်က နာကျင်မှုဝေဒနာတွေကို မေ့ပျောက်သွားလေပြီ။ အနီးကပ်မြင်နေရသော သူ့မျက်နှာက ဝေဒနာတွေကို ပျောက်ကင်းစေသည့် ဆေးတစ်ခွက်သို့နှယ်။

မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်နှင့် ထူပြည့်ပြည့် နှုတ်ခမ်းအစုံက သူ၏ယောက်ျားပီသသောအသွင်ကို မီးမောင်းထိုးပြနေသလို ပါးပြင်ပေါ်က မွေးညှင်းနုလေးတွေက ကြိုး၏ရင်ခုန်သံကို မြန်စေသည့် စက်ခလုတ်ကလေးတစ်ခုလားကွယ်။

“ထနိုင်ရဲ့လား”

“.......”

“ဟေ့”

“..........”

“ကြိုး”

“အင်...ဟင်”

ခုမှ သတိရစွာ လန့်ထူး ထူးရလေ၏။ သူခိုးကို လူမိသွားသလို ကြိုး ရှက်ရယ် ရယ်လိုက်မိသည်။ နေစမ်းပါဦး။ စောစောက သူ ကြိုးနာမည်ကို ခေါ်လိုက်တာပဲ။ သူက ကြိုးကို သိနေတာလား။

“ငါ မေးနေတယ်လေ”

“ဟုတ်လား...ဘာမေးတာလဲ”

“ထနိုင်ရဲ့လားလို့ မေးနေတာ”





“ကြိုးစားကြည့်မယ်လေ...ဒါနဲ့ သူ ဘယ်သူလဲဟင်”

သူက မျက်ခုံးနှစ်ဖက်ကို တွန့်လျက်-

“စကားပြောတာ မရိုင်းနဲ့နော်...မင်းထက် ငါက အများကြီး ကြီးတယ်”

“ဘာကြီးတာလဲဟင်”

“အသက်ကို ပြောတာဟာ”

“ဒါဆို ပြန်မေးမယ်နော်”

ရှုံ့မဲ့နေရမည့်အစား အပြုံးတေးသွားလေး ဆိုညည်းမိတဲ့ သူမကို သူကတော့ အဖက်မတန်စွာ ခေါင်းကိုသာ ငုံ့လျက် ဒဏ်ရာကို ကြည့်နေသည်သာ။

“ရှင်...ဘယ်သူလဲဟင်”

“မင်း မသိဘူးလား။ ငါက မင်းဘော်ဒီဖြောင့်တယ်လို့ပြောတဲ့ တွယ်ယာမဲ့”

“ဟင်”

တွယ်ယာမဲ့ဆိုပါလား။ ဘဝကူးမြန်လိုက်တာ။ မိတ်ကပ်လိမ်းထားတဲ့မျက်နှာနဲ့ ဒီမျက်နှာ...ဟုတ်ပေသားပဲ။ ချက်ချင်း မမှတ်မိတာ ကြိုး ညံ့တာပေါ့။ သူမ ဟက်ကနဲ ရယ်လိုက်မိသည်။

“ဟိုနေ့က တစ်မျိုး...ခုတစ်မျိုးပါလား”

“အဲဒါ ခြံဝက ဆိုင်းဘုတ်ကြောင့်”

“ခုရော”

“ဒီမှာ”



www.burmeseclassic.com

www.burmeseclassic.com



သူက ကြိုးကို တည်တင်းနေသော မျက်နှာထားနှင့် ကြည့်လေသည်။ ဘယ်လိုလဲကွယ်…စိတ်ကလည်း တိုတတ်လိုက်တာ။ ဒီကဖြင့် ဒဏ်ရာကိုတောင် ဂရုမစိုက်အားဘူး။

"မင်း တော်တော်စပ်စုပါလား ကြိုး"

"မေးတာ မကြိုက်ဘူးလား"

"မကြိုက်လို့ ပြောနေတာပေါ့။ မလိုအပ်ဘဲ စကားများတာ ငါ မကြိုက်ဘူး။ စပ်စုတဲ့မိန်းမတွေကိုလည်း ငါ မုန်းတယ်"

ခြော်…ယောက်ျားတွေကို မုန်းတဲ့သူနဲ့၊ စပ်စုတာကို မုန်းတဲ့သူ ဒီအိမ်မှာ အမုန်းတွေပဲ စုနေရောသလား။ မကြိုက်ရင်လည်း မမေးတော့ပါဘူး ရှင်ရယ်။ ဒါပေမယ့် ရှင့်ရင်ထဲမှာ ကြိုး လေးတစ်ချောင်းကိုတော့ ထည့်ထားပေးပါနော်။ အနီးတို့လိုတော့ ကြိုးကို မရက်စက်ပါနဲ့။

"ထ"

ကြိုး သူ့လက်မောင်းကိုကိုင်၍ ထကြည့်လိုက်သည်။ ခုမှပဲ နာကျင်မှုဝေဒနာတွေက အသည်းခိုက်အောင်ပင်။ ထလို့ရပေမယ့် ထောက်လို့မရနိုင် ဖြစ်နေ၏။

"အား…နာလိုက်တာ"

"ခွဲကလည်း ပျော့လိုက်တာ"

"ကိုယ်ဖြစ်တာမဟုတ်တိုင်း ကိုယ်ချင်းမစာ မပြောပါနဲ့"

"အောင်မယ်…ဒါမျိုးတွေရိုးလို့ ရွာမှာနေတုန်းကဆို ငါ့မှာ ပေါက်တူးထိတာတို့၊ တံစဉ်ရှတာတို့ ခံရတာတောနေပြီ"





သူက တောသားပီပီ စကားပြောတာ ပွင့်လင်းလိုက်တာ။ တောမှာနေခဲ့တာတောင် သူ့အသွင်က အစုတ်အပြတ်တွေထဲက ထင်းနေတာ။ မြို့မှာ အနေကြာလာလို့ သပ်သပ်ရပ်ရပ် ဝတ်စားတတ်သွားရင်…အဟင်း…အတော်ကို ချောမှာပဲ။

"အို"

သူ့ခြေထောက်ဆီသို့ အကြည့်ရောက်သွားတော့ ကြိုး စိတ်မကောင်းလိုက်တာ။ ကြည့်စမ်းပါဦး…အဝတ်စကြီးနဲ့ တွဲထားတဲ့ ဖိနပ်စုတ်ကြီးကို စီးထားရပါလား။ သနားစရာကောင်းလိုက်တာ။

"ကဲ…မလျှောက်နိုင်ရင်လည်း လျှောက်မနေနဲ့တော့"

"အယ်"

ထော့နဲ့ထော့နဲ့ ဖြစ်နေသော ကြိုးကို သူက ဆတ်ကနဲ ကောက်ပွေ့၍ ချီသွားလေသည်။ အမယ်လေး 'ကြိုး' ဘာတွေဖြစ်နေပါလိမ့်နော်။ ရင်တွေခုန်လိုက်တာမှ အရမ်း…အရမ်းပါပဲ။

အိမ်ရောက်သည့်အထိ လျှောက်ရမယ့်လမ်းသွယ်လေးရယ် ကျေးဇူးပြုပြီး တစ်မိုင်ကွာလောက် ခြေဆန့်ပေးပါလို့ ဆုတောင်းပေမယ့် ကြိုး ဆုတောင်းမပြည့်ခဲ့ပါ။ ဧည့်ခန်းထဲကိုရောက်တော့ ဆိုဖာပေါ်မှာ ကြိုးကို ချပေးခဲ့ပြီး သူက လှည့်ပြန်ဖို့ ကြိုးစားသည်။

"ဒီမှာ…ဒီမှာ"

သူက သမင်လည်ပြန်ကြည့်ကာ–

"ဘာလဲ"

"ကြိုး သူ့ကို ဘယ်လိုခေါ်ရမှန်းမသိလို့…အဲဒါ သူက



www.burmeseclassic.com

www.burmeseclassic.com



တို့ထက် အသက်ကြီးတယ်ဆိုတော့ ကိုကိုလို့ ခေါ်မယ်…ရမလား”

“မင်းသဘောပဲ”

သူ ပြောပြီးပြန်သွားတော့ ကြိုး ပြုံးမိပါသည်။ အမြဲတမ်း အရာရာ မင်းရဲ့သဘောပဲလို့ ပြောနိုင်ပါစေ ကိုကိုရယ်။ ကြိုးကို ငယ်သေးတယ်ဆိုပြီး ချာတိတ်ကလေးလို့ မသတ်မှတ်ပါနဲ့နော်။ ချာတိတ်တွေကမှ ပိုပြီး ရင်ခုန်တတ်တယ်ဆိုတာ ကိုကို နားလည်ပေးပါ။





## အခန်း (၈)

မနက်ဖြန်ဆို ကျောင်းတက်ရတော့မည်။ အားလုံးဟာ သူ့အတွက် ရင်ခုန်ဖွယ်ရာအတိ။ အင်း…အဝတ်အစားကတော့ သိပ်ပေါပေါများများ မရှိပေ။ လွယ်အိတ်ကတော့ ကိုလောင်းပုက သူ့လွယ်အိတ်ဟောင်းလေးကိုယူတဲ့။ အဲ…ဖိနပ်ကတော့ အဝတ်စကို ဖြတ်ပြီး ကျည်ချိတ်နှင့် တွဲထားသည်။ ဒါမှ ဖိနပ်ပြတ်ရာကို လူမမြင်မှာ။

ကျောင်းတက်တာပဲ၊ ပညာလိုချင်လို့ သွားပြီး ပညာသင်ယူတာ။ အလှပြသွားတာမှ မဟုတ်ဘဲနော်။ သူ့ကို ဆင်းရဲနွမ်းပါးလို့ ဘယ်သူမှ မခေါ်ချင်နေပါစေ။ အတူးရတောင် သက်သာသေးရဲ့။

“ကောင်လေး”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ…ကိုလောင်းပု"

"မင်း…ငါ့ရဲ့လွယ်အိတ်အဟောင်းကြီးကို လွယ်စရာမလိုတော့ဘူးကွ"

"ဘာဖြစ်လို့လဲ"

ကိုလောင်းပုက ကြွပ်ကြွပ်အိတ်အကြီးစားတစ်လုံးကို လက်ထဲမှာဆွဲလာသူမို့ သူ့အနားကို ရောက်လာတာနှင့် ထိုအိတ်ကြီးကိုချ၍ ဖွင့်ပြလေသည်။

"ဒီမှာ မင်းအတွက် ဖိနပ်၊ လွယ်အိတ်နဲ့ အဝတ်အစားတွေ"

"ဟာ…ပွတာပဲ…ဦးလေးထွန်း ဝယ်ပေးတာ မဟုတ်လား"

"No"

ကိုလောင်းပုက သူ့ကို ပြုံးပြုံးကြီးကြည့်လျက်–

"အကြင်နာ ဝယ်ပေးတာ"

"မမ"

"Yes"

တွယ်ယာ ဒီတစ်ခါတော့ သူ ပြုံးရပြီ။ No or Yes ကြောင့် ထောင်ခြောက်လကျတယ်ဆိုတဲ့ လူတစ်ယောက်အကြောင်း သတိရလို့ပါ။

"ဒီလောက်အများကြီး ကျွန်တော် မလိုချင်ဘူး"

"ဟ…ကောင်လေးရ…ဒါ မင်းကို အလကားပေးတာ မဟုတ်ဘူးကွ"

"ဗျာ"



ကိုလောင်းပုစကားကို သူ နားမလည်နိုင်။

"ဒါတွေ ဝယ်ပေးတဲ့အတွက် မင်း အလုပ်လုပ်ပေးရမှာ"

"ဘာလုပ်ပေးရမှာလဲ"

"မင်းကို ဦးလေးထွန်းက ကားမောင်းသင်ပေးမယ်တဲ့။ ကျောင်းပိတ်ရက်တွေမှာ ကျောင်းဖွင့်ရက်ဆို အားတဲ့အခါ မင်း ဒရိုင်ဘာလုပ်ရမယ်။ ပြီးတော့ ငါ့ရဲ့လက်ထောက် မန်နေဂျာအဖြစ်နဲ့လည်း ဝိုင်းကူရမယ်"

"မာလီမန်နေဂျာပေါ့"

"ဆိုပါတော့ကွာ…သူတို့ခိုင်းရင် သူ့အလုပ် ကိုယ့်အလုပ် ခွဲခြားဘဲ လုပ်ရမယ်။ လစာက သုံးသောင်း"

"သုံးသောင်း"

ဝမ်းသာခြင်းအလင်းတန်းတွေက မျက်နှာပေါ်မှာ ပြိုးပြိုးပြက်ပြက်။

"အလုပ်ဟူက ဂုဏ်ရှိစွတဲ့။ ဘာပဲခိုင်းခိုင်း ကျွန်တော် ကြိုးစားပြီး လုပ်မယ် ကိုလောင်းပု"

"ဒါပေါ့ ကောင်လေးရ"

အထူးသဖြင့် အဝတ်အစားတွေကို မမကိုယ်တိုင် ဝယ်ပေးသည်ဆိုတာကြောင့် တွယ်ယာ အတိုင်းထက်အလွန် ဝမ်းသာနေမိသည်။ ရယ်…ကျွန်တော့်အပေါ်မှာ မမထားတဲ့စေတနာဟာ နှမ်းတစ်စေ့လောက်ပဲဖြစ်ဖြစ်၊ မုန့်ညှင်းစေ့လောက်ပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ထော်ယူကျေနပ်နေမှာပါ။

www.burmeseclassic.com



## အခန်း (၉)

ကားကို ရေဆေးနေရာမှ မျက်နှာရှေ့သို့ရောက်လာသော ဗူးရှည်ရှည်လေးကြောင့် သူ့အကြည့်တွေက ဗူးကလေးကို လက်ကမ်းနေသူထံသို့ ရောက်ရှိသွားလေသည်။ သူ့ကို ရွှန်းရွှန်းစားစားကြီး ကြည့်နေတဲ့ ကြိုးကို မြင်လိုက်ရတော့…

သူ ကားရေဆေးခြင်းအလုပ်ကို ခေတ္တဆိုင်းငံ့ထားလိုက်ရ၏။ မတော်လို့ ကိုယ့်ကြောင့် ရေစိုသွားရင် အားနာရတာတွေ ဖြစ်ရဦးမည်။ ဦးလေးထွန်းကလည်း မှာထားတယ်လေ။ ကြိုးနဲ့ ခပ်ကင်းကင်းနေတဲ့ ရင်းရင်းနှီးနှီးဖြစ်သွားရင် မင်း ဒီအိမ်က ပြေးနေရလိမ့်မယ်လို့ မှာထားတာ။





"ရော့…ယူလေ"

"ဘာလဲ"

"ကိုကို့ဖိနပ်ကြီးက စုပ်နေပြီ"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ…ကိုကို့အတွက် ကြိုး ဖိနပ်ဝယ်လာတာလေ"

"ကျွတ်"

သူ သိတာပေါ့။ သိရက်နဲ့ တမင်ဇွေလည်ကြောင်ပတ် လုပ်နေတာ။ မမ ဝယ်ပေးတဲ့ဖိနပ်နဲ့ ကြိုးဝယ်လာတဲ့ဖိနပ်က ဗူးကို မြင်လိုက်တာနဲ့ တစ်မျိုးတစ်စားတည်း၊ တစ်ပုံစံတည်း ဖြစ်ရမယ်ဆိုတာ တွေးမိပြီးသား။ ဒီနှစ်ယောက် စိတ်ကူးချင်းကတော့ တကယ် ထပ်တူညီတူပါလား။

"ယူလေ…ကိုကိုရဲ့၊ ကြိုး လက်ညောင်းနေပြီ"

"ငါ မယူဘူး"

"အာ…ကိုကိုကလည်း ကြိုးက စေတနာနဲ့ ဝယ်လာတာကိုပါ"

"မယူချင်ပါဘူးဆို"

"ယူပါ…ကိုကိုရဲ့"

"ကြိုး"

သူ့လက်ထဲသို့ အတင်းထိုးထည့်ပေးနေသော ကြိုး၏လက်ကို ခါထုတ်ပစ်လိုက်၏။ မျက်နှာကိုလည်း လိုသည်ထက် ပို၍



www.burmeseclassic.com

www.burmeseclassic.com



တင်းထားသည်။

"ငါ လုံးဝ မယူဘူးလို့ ပြောနေတယ်နော်။ သူများ ပေးစာ
ကမ်းစာကို ငါက မျှော်လင့်နေတဲ့ကောင် မဟုတ်ဘူး"

"ဒါဆို ကိုကိုက ချမ်းသာနေလို့လား"

"အေး…လူကတော့ မချမ်းသာတာအမှန်ပဲ…ဒါပေမယ့် မာ
တော့ ချမ်းသာတယ်"

"တကယ် မယူဘူးပေါ့"

သူ့အကြည့်ကို ဆတ်ကနဲ လွှဲဖယ်ပစ်လိုက်သည်။ မင်း
တော်တော်ခက်တဲ့ ကောင်မလေးပါလား ကြိုးရယ်။ မင်း ခုလိုလုပ်
တာတွေကို မမအကြင်နာသာ မြင်ရင် မိုးမီးလောင်မှာကို မင်း မသိဘူး
လား။

"ကိုကို"

တကယ်စိတ်ပျက်စရာကောင်းပါလား။

"မယူဘူးလို့ ပြောနေတယ်လေ။ အလုပ်လုပ်ရတာ စိတ်
အနှောင့်အယှက်ဖြစ်တယ်။ ကြိုး နင်သွားတော့ဟာ"

"မသွားနိုင်ပါဘူး"

သူ ရေပုံးကို ကောက်ကိုင်ပြီး ကြိုးကို ရှောင်ကွင်းသွားဖို့ ကြိုး
လိုက်ပေမယ့် မအောင်မြင်။ ကြိုးက သူ့ရှေ့ကနေရပ်လျက် ကာဆီး
ထားပြန်၏။

"ကိုကို ဒီဖိနပ်ကို မယူမချင်း ကြိုး ဒီနေရာကနေ တစ်ဖဝါး
မခွာနိုင်ပါဘူး"





"ကြိုး"

သူ့အသံ ဘယ်လောက်ကျယ်သွားသလဲ မသိဘူး။ ကြိုးကိုယ်
လေး ဆတ်ကနဲ တုန်သွားတာကို မြင်လိုက်ရသည်။ စိတ်တော့
ကောင်းပါဘူး ကြိုး။ မီးကို မလောင်ခင်က တားထားတာ အကောင်း
ဆုံးပါပဲ။ မင်း ငါနဲ့ ဝေးဝေးနေတာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်
ကြိုးရယ်။ ငါ့ကို သံယောဇဉ်တွေ မတွယ်ပါနဲ့။

"ကဲ…မင်း တစ်ဖဝါးမှ မခွာချင်လည်းနေ…မင်း မသွားရင်
ဒီနေရာကနေ ငါပဲ ထွက်သွားမယ်"

"အယ်"

ပထမတော့ ကြိုး ကြောင်အမ်းအမ်းလေး ရပ်နေပြီးမှ တွယ်ယာ
နောက်သို့ ပြေးလိုက်မိပြန်သည်။

သည်ဖြစ်ရပ်ကို ဝရန်တာမှာရပ်၍ မမိုတ်မသုန် ကြည့်နေသူက
အကြင်နာ။ ကြိုး လက်ထဲကဖူးကို မြင်လိုက်တာနှင့် သူတို့ ဘာဖြစ်
ကြတယ်ဆိုတာ အကြင်နာ ခန့်မှန်းလို့ရပါသည်။ ကြိုးလည်း သူမ
လိုပဲ ကောင်လေးမှာ ဖိနပ်စုတ်ကြီး စီးနေရတာကို မြင်ပြီး သနားလို့
ဆင်ပါရဲ့။

ဒါပေမယ့်…

သနားကြပုံချင်းက တူချင်မှတူမှာလေ။ ကြိုးနဲ့ကောင်လေး
ဘယ်လောက်တောင် ရင်းနှီးနေပြီလဲ။

ကောင်လေးက ခြင်းဆန်ရှောင်ကွင်းနေပုံထောက်တော့ မာနခဲ
လေးပဲ ဖြစ်ရမယ်။ ကြီးပေါ့…မင်း မာနကြီးမှ ကြိုးအတွက် သူမ



www.burmeseclassic.com

www.burmeseclassic.com



စိတ်အေးရမှာ။ ကြိုးဆိုတဲ့ ကောင်မလေးက သူမကို အမြဲဆန့်ကျင်ဖီဆန်နေချင်သူ။ ကောင်လေးက သူမအမိန့်ကို တစ်သွေမတိမ်း လိုက်နာမည့်သူ…အဟွန်း…ပွဲကတော့ ကြည့်ကောင်းဦးမယ်ထင်ပါရဲ့။

"မမ"

"ဟင်"

လုံးချော သူမအနားကို ဘယ်အချိန်ရောက်နေတယ် မသိပါဘူး။ ခေါင်းသံကြားမှ သူမ လှည့်ကြည့်လိုက်သည်။

"ဘာလဲ လုံးချော"

"တွယ်ယာက မမနဲ့ တွေ့ချင်လို့တဲ့၊ အောက်ထပ်မှာ စောင့်နေ တယ်"

"အေး…အေး…ခုပဲ လာခဲ့မယ်လို့ ပြောလိုက်"

"ဟုတ်ကဲ့"

လုံးချော ခပ်သုတ်သုတ်လေး ပြန်ထွက်သွားလေသည်။ သူမ လည်း အောက်ထပ်သို့ ဆင်းလာခဲ့တော့၏။ တွယ်ယာဆိုတဲ့ ကောင်လေး သူမကိုမြင်တာနှင့် ထိုင်ရာကနေ ထရပ်ပြီး လက်နှစ်ဖက် ကို နောက်သို့ပို့၍ ယှက်ထားလိုက်ပြီး ခေါင်းငုံ့ထားလေသည်။ ရှိသေ ခြင်းရဲ့အမှတ်တံဆိပ်ပေါ့နော်။ သူမ ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်ရင်း–

"ကဲ…ပြော…ငါ့ကို တွေ့ချင်တာ ဘာကိစ္စလဲ တွယ်ယာ"

"ဟို…မမ ဘယ်သွားစရာရှိသေးလဲလို့ မေးမလို့ပါ"

"မရှိပါဘူး…ဒီနေ့ နားတယ်။ ကုမ္ပဏီကိစ္စတွေကို မန်နေဂျာ မှာထားတယ်"



"သြော်"

မျက်လုံးလေးထောင့်ကပ်ပြီး သူ တစ်ခုခုကို စဉ်းစားနေပုံရ သည်။ အကြင်နာ သူ့ကို အကဲခတ်သလို ကြည့်လိုက်ပြီး–

"မင်းမှာ ပြောစရာ တစ်ခုခုရှိနေပုံရတယ်…ပြောလေ"

"ဟုတ်ကဲ့…ကျွန်တော် ပြောသင့် မပြောသင့် စဉ်းစားနေတာ ပါ"

"ပြောကြည့်ပေါ့ကွာ"

သူ မျက်လွှာကိုပင့်၍ အကြင်နာကို မရဲတရဲ ကြည့်လေသည်။ ဘာကိစ္စကို ပြောမှာမို့ ဒီလောက် ကြောက်နေရတာလဲ။

"ကျွန်တော်…နောက်နာရီဝက်လောက်ကြာမှ ကားကို ဆက်ပြီး ခုဆေးပါရစေ"

"အခုဆေးနေတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်…ခဏရပ်ထားချင်လို့ မမဆီမှာ ခွင့်တောင်း တာ"

"သြော်…ဘာဖြစ်လို့လဲ"

ပြောမှဖြစ်မည့်စကားမို့ တွယ်ယာ အရဲစွန့်ပြောဖို့ ဆုံးဖြတ်လိုက် သည်။ ကြိုး လုပ်နေပုံကြောင့် မတော်လို့ မမ မြင်ပြီး တစ်မျိုးထင်သွား ရင် တွယ်ယာအတွက် မကောင်းဘူးလေ။ ဦးလေးထွန်းကိုယ်တိုင်က ကြိုးနဲ့ မပတ်သက်ဖို့ တားထားတာ။ သူက မပတ်သက်ချင်ပေမယ့် ကြိုးက သူ့ကို လိုက်လျှောနေတာ မမသိအောင် အသိပေးထားမှ ဖြစ်မည်။ ဒါမှ ကြိုးကို မမ တားဆီးနိုင်မှာ။

www.burmeseclassic.com

www.burmeseclassic.com



"ကားရေဆေးတဲ့နေရာကို ကြိုး ရောက်လာလို့ပါ မမ"

"သူက ဘာလာလုပ်တာလဲ"

သိရက်နဲ့ မေးမိတာ ခွင့်လွှတ်ပါ ကောင်လေး။ မင်းရဲ့စိတ်ခံစားချက်ကို သိချင်လို့ပါ။

"ကျွန်တော့်ကို ဖိနပ်ဝယ်ပြီး လာပေးတာကဲ့"

"ယူလိုက်ပေါ့ကွာ"

"ဗျာ"

ငေါ့လိုက်တာလားဟု ပူပန်သောကတွေ ရင်ထဲကို စီးဝင်လာခဲ့၏။ ဒါပေမယ့် ခပ်တည်တည်လေး ပြောလိုက်တာကလွဲရင် မခ မျက်နှာမှာ ဘာဒေါသရိပ်မှ မရှိလေတော့ နည်းနည်းတော့ စိတ်အေးရသလိုပါပဲ။

"မင်း ငါ့ကို အဲဒီလောက် အရိုအသေပေးစရာ မလိုဘူး။ ထိုင်ပြောပါ"

"ဟုတ်ကဲ့"

သူက ဆိုဖာပေါ်မှာ ခပ်ရိုရိုလေး ဝင်ထိုင်ပြီး–

"သူပေးတာကို ကျွန်တော် မလိုချင်ဘူး မမ"

"စေတနာနဲ့ပေးတာကို ဘာလို့မယူချင်တာလဲ"

"မမ သိရင် ကျွန်တော့်အပေါ် တစ်မျိုးဖြစ်မှာစိုးလို့ပါ"

အကြင်နာ တွေကနဲ ဖြစ်သွားသည်။ မင်း တော်တော်ရိုးသားပွင့်လင်းတဲ့ ကောင်လေးပါလား တွယ်ယာ။ ယောကျ်ားတိုင်းမှာ မင်းရဲ့ စိတ်ထားမျိုးတွေသာရှိကြရင် ခြံဝက ဆိုင်းဘုတ်ကို ငါ ချိတ်ဖြစ်ခဲ့မှာ



မဟုတ်ဘူး…သိလား။ ထောင်မင်းသမီးဘဝကိုလည်း ငါ ရခဲ့မှာ မဟုတ်ဘူး။

"မင်းအတွက် ဝယ်လာတဲ့ဖိနပ်ကို မင်းမှမယူရင် သူက ဘာလုပ်ရမှာလဲ။ လေးလေးထွန်းတို့…ကိုလောင်းပုတို့နဲ့လည်း တော်မှာမှမဟုတ်တာ…ယူလိုက်ပါ။ တစ်ရံကုန်တော့ တစ်ရံထုတ်စီး လို့ရတာပေါ့"

"ကျွန်တော် ကြိုးနဲ့ မပတ်သက်ပါဘူးလို့ ဦးလေးထွန်းကို ကတိပေးထားတယ်။ အဲဒီကတိကို ကျွန်တော် တည်ချင်တယ် မမ"

"အဲဒါ…တို့ ချမှတ်ထားတဲ့စည်းကမ်းပါ။ ခုဟာက မင်း သွားပြီးပတ်သက်တာမှ မဟုတ်ဘဲ"

တွယ်ယာ ပြောစရာစကားတွေ ပျောက်ဆုံးသွားသလို ငြိမ်သက်သွားလေသည်။ အကြင်နာ သူ့မျက်နှာကို ကြည့်နေဆဲတွင် မျက်နှာပေါ်မှာ နီနီရဲရဲ အဖုလေးတွေရှိနေတာကို မြင်လိုက်ရ၏။ အရင်ရက်တွေက ဒီကောင်လေး မျက်နှာပေါ်မှာ ဘာအဖုအပိန့်မှ မရှိပါဘူး။ မြင်နေရပြန်တော့ မမေးဘဲ မနေနိုင်ပြန်။

"မျက်နှာပေါ်မှာ အဖုတွေပါလား…ဘာဖြစ်တာလဲ"

တွယ်ယာ သူ့မျက်နှာကို လက်ဖြင့် စမ်းကြည့်ရင်း–

"ခြင်ကိုက်တာပါ"

"ဟင်…ခြင်ထောင်နဲ့ မအိပ်ဘူးလား"

"ကျွန်တော် ခြင်ထောင်နဲ့အိပ်ရင် အသက်ရှူကျပ်သလို ခံစားရလို့ မအိပ်တတ်ပါဘူး မမ"

www.burmeseclassic.com

www.burmeseclassic.com



"ဪ...ထူးဆန်းပါလား"

ခြင်ထောင်မရှိလို့ပါလို့ ပြောမထွက်ပါဘူး မမရယ်။ ဘာမှ မပြည့်စုံခဲ့တဲ့ ကျွန်တော့်ဘဝအတွက် နေရာတကာ သူများရဲ့ပံ့ပိုးမှုတွေကိုလည်း မယူချင်တော့ပါဘူး။ ငရဲကလာတဲ့လူက ပြာပူကို ဘယ်ကြောက်မှာတဲ့လဲနော်။

"ကျွန်တော့်ကို သွားခွင့်ပြုပါဦး မမ"

"ကောင်းပြီ...ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ပေါ့ တွယ်ယာ။ ကြိုးကို ဂရုစိုက်မနေနဲ့...ကြားလား"

"ဟုတ်ကဲ့ မမ"

ကျွန်တော့်ကို ခုလိုနားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မမ။ ယောကျ်ားတွေကို မုန်းပါတယ်ဆိုတဲ့ မမတစ်ယောက် တွယ်ယာအပေါ်မှာတော့ အမုန်းစာချွန်လွှာကို လက်ညှိုးထိုးမပြတဲ့အတွက် ဝမ်းသာပီတိ ဖြစ်မိပါတယ်။ တွယ်ယာ ရင်ထဲမှာ မမဆိုတာ သံမှိုစွဲထားသလို အခိုင်အမာရှိနေခဲ့ပြီ။

ဒါကြောင့်...

ကြိုးနဲ့မပတ်သက်အောင် နေခဲ့တာ။ မမရဲ့အမုန်းတွေကို တွယ်ယာ မလိုချင်ပါဘူး။ အချစ်တွေရဖို့ကိုလည်း မမျှော်လင့်ရဲဘူးလေ။

တည်တင်းနေတဲ့ မမရဲ့မျက်နှာလေးကို စမြင်တဲ့နေ့ကတည်းက ရင်ထဲမှာ ဖြစ်ထွန်းလာတဲ့ မေတ္တာသောင်ပြင်တစ်စွန်းတစ်စဟာ ဘယ်ရေလှိုင်းတွေ တိုက်စားတွန်းဖဲ့လို့မှ ပဲ့ကြွေလိုက်ပါသွားမှာ မဟုတ်





ဘူးဆိုတာ ကိုယ့်ကိုယ်ကိုသာ အသိဆုံးပါ။ မမအမိန့်ကို နာခံပြီး မမအပါးမှာ နေချင်တယ်။ မမပြောသမျှ ခေါင်းညိတ်ပြီး မမ ခိုင်းသမျှ လုပ်ပေးချင်၏။

"မင်းပြောသမျှ×××ငါ ခေါင်းညိတ်မယ်×××မင်းခိုင်းတိုင်း ငါ ငြင်းသလားကွယ်××××"

ဘာရယ်မဟုတ် ပါးစပ်ထဲသို့ သူ့အလိုလိုရောက်လာသော မာရွှေရဲ့ 'ချစ်လို့' သီချင်းတစ်ပိုင်းတစ်စကို ဆိုညည်းဖြစ်တဲ့ သူ့အဖြစ်ကို တစ်ယောက်တည်းတွေးပြီး ပြုံးမိသွားသည်။

ကျွန်တော် အဲဒီသီချင်းထဲကလိုဖြစ်နေပြီ မမရယ်။

"တွယ်ယာ...ခဏနေဦး"

လုံးချော သူ့နောက်ကို အပြေးလိုက်လာသည်။

"ဘာလဲဟ"

"ရော့...ကြိုး ပေးခိုင်းတာ...မလိုချင်ရင် လွှတ်ပစ်လိုက်တဲ့"

လုံးချောက ပြောပြောဆိုဆိုနှင့် ဖိနပ်ဗူးကို သူ့လက်ထဲသို့ ထိုးထည့်ပေးခဲ့ပြီး လှည့်ပြန်သွားလေသည်။

"မင်းအတွက် ဝယ်လာတဲ့ဖိနပ်ကို မင်းမှမယူရင် သူက ဘာလုပ်ရမှာလဲ။ လေးလေးထွန်းတို့ ကိုလောင်းပုတို့နဲ့လည်း တော်မှမှမဟုတ်တာ...ယူလိုက်ပါ...တစ်ရုံကုန်တော့ တစ်ရုံထုတ်စီးလို့ ရတာပေါ့"

စောစောက မမ ပြောလိုက်တဲ့စကားတွေက နားထဲကို ပြန်ဝင်လာသည်။ ဟုတ်သားပဲ။ ဒီဖိနပ်ကိုပဲ စီးတော့မယ်။ ဒီလောက် စီးချစ



www.burmeseclassic.com

www.burmeseclassic.com



ချင်နေတာပဲဟာ။ ကဲ···မမ ဝယ်ပေးတဲ့ဖိနပ်ကိုတော့ သိမ်းထားရမည်။ ထားရပေါ့နော်။ ကြိုး ပေးတဲ့ဖိနပ်ကို ယူခွင့်ပေးလိုက်တဲ့ မမကိုပဲ ကျေးဇူးတင်ရမယ်။

စိတ်တော့မရှိပါနဲ့ ကြိုးရယ်···

မင်းပေးတဲ့ဖိနပ်ကို မင်းရဲ့စိတ်တိုင်းကျပဲ စီးပြပေးမယ်နော်။ မမပေးတဲ့ဖိနပ်လိုတော့ ရင်ထဲမှာ သိမ်းထားမပေးနိုင်တာ ခွင့်လွှတ်ပါ။





## အခန်း (၁၀)

"အကြင်နာ···နင် ငါ့ကို ခေါ်တယ်ဆို"

ငယ်ငယ်လေးကတည်းက ဒီခြံထဲမှာ အတူတူ ကြီးပြင်းလာသူတွေမို့ အကြင်နာနှင့်တော့ နင်နဲ့ငါပဲ ပြောလေ့ရှိသည်။ ဆရာ့ကိုသာ တရိုတသေ ဆရာလို့ခေါ်တာ။ အကြင်နာကတော့ ကိုယ်ထိန်းရင်းကျောင်းရင်း ကြီးပြင်းလာသူတွေမို့ ဒါတွေမလိုဘူးလို့ လူကြီးတွေကိုယ်တိုင်က ပြောခဲ့သည်လေ။

"ဟုတ်တယ်···ခဏထိုင်ပါဦး"

လောင်းပု ခိုဖာတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ အကြင်နာက တော်တော်နှင့် စကားမဟ။ အတန်လေးကြာမှ···



www.burmeseclassic.com

www.burmeseclassic.com



"ခြံ၀က ဆိုင်းဘုတ်ကို ဖြုတ်လိုက်တော့ ကိုလောင်းပု"

"ဟော"

ကိုယ့်နားပင် ကိုယ်မယုံနိုင်။ နားကြားမှားသလားလို့ ထင်ရလောက်အောင်ကလည်း အကြင်နာ ပြောလိုက်တဲ့အသံက တိုးတိုးလေးမှမဟုတ်တာ။ အံ့သြသလို မျက်လုံးနှင့် သူမကိုကြည့်ကာ…

"ငါ နားကြားမှားတာတော့ မဖြစ်နိုင်ပါဘူးနော်"

"ကိုလောင်းပု နားကြားမမှားပါဘူး၊ ပတ်ဝန်းကျင်အမြင်မှားမှာစိုးလို့ ဆိုင်းဘုတ်ကို ဖြုတ်ခိုင်းတာ"

"ငါတော့ နင့်ကို နားကိုမလည်နိုင်တော့ဘူး"

"နားမလည်ရင် လည်အောင်ပြောပြမယ်။ ယောကျ်ား မဝင်ရ ဆိုတဲ့ဆိုင်းဘုတ်ကြီးချိတ်ပြီး ထွက်လာဝင်လာတော့လည်း ယောကျ်ားတွေ တစ်ယောက်ပြီးတစ်ယောက်လို့ သူများပြောတာ မခံချင်ဘူး။ အဲဒီတော့ ဆိုင်းဘုတ်ကို ဖြုတ်ပစ်လိုက်တာပဲ အကောင်းဆုံး ဖြစ်လိမ့်မယ်"

ဒါလည်း ဟုတ်သားပဲ။ အရင်က ဆရာနဲ့လောင်းပု နှစ်ယောက်တည်းပဲ ရှိတာ။ အခု တွယ်ယာတစ်ယောက် တိုးလာပြီလေ။ ဒီကောင်က ကျောင်းသွားကျောင်းပြန် အမေ့ကို ကူညီရင်း ဈေးသွားဈေးပြန်ဆိုတော့ အဝင်အထွက် အများဆုံးမဟုတ်လား။

"ဒါဆို ငါ အခုပဲ သွားဖြုတ်လိုက်တော့မယ်"

အကြင်နာ ခေါင်းညိတ်ပြလိုက်သည်နှင့် လောင်းပု ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ ဆိုင်းဘုတ်ရှေ့ကိုရောက်တော့ တစ်ဦးတည်း





ပြုံးလိုက်မိ၏။ သွားပေဦးတော့ ဆိုင်းဘုတ်ရေ။ မင်းကို ငါတို့ အမြင်ကတ်နေတာကြာပြီ၊ သိရဲ့လား။

"ဦးလောင်းပု"

"ဘာလဲဟ"

'ကြိုး' လောင်းပုအနားသို့ အပြေးရောက်လာသည်။

"အဲဒါဘာလုပ်တာလဲ"

"ဖြုတ်နေတာလေ"

"ဖြုတ်နေတာတော့ ကြိုး မြင်တာပေါ့။ ဘာလုပ်မလို့လဲလို့"

"လွှင့်ပစ်မလို့"

"အင်"

ကြိုး မျက်လုံးလေးဝိုင်းသွားလေ၏။ ဒီဆိုင်းဘုတ်ကို လွှင့်ပစ်မတဲ့။

'စည်းကမ်းကို မလိုက်နာရင် ဒီအိမ်က ထွက်သွား' ဆိုတဲ့စကားကြားချင်လို့ထင်ပါရဲ့။ ခြံရှေ့ကို ကားလေးတစ်စီး ထိုးဆိုက်လာသည်။ ကားကိုရပ်၍ ပြူထွက်လာသောခေါင်းက-

"ကိုလောင်းပု…ဆိုင်းဘုတ်ကြီးကို ဘာလုပ်မလို့လဲ"

"ခက်ပါလား…ဘာလုပ်မလို့လဲဆို ဆိုင်းဘုတ်ကြီးကို သုသာန်ထုတ်ပြီး ခေါင်းချတ်သတ်မလို့ဟော့"

"မြတ်စွာဘုရား"

ခက်…သူမ ရင်ဘတ်ကို လက်နှင့်ဖိလိုက်မိသည်။ ကိုလောင်းပုဆောမှာလည်း ကြိုးက ရပ်လို့။ ဒီကောင်မလေး ဖြုတ်ခိုင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဘုတ်ကို ဖြုတ်နေတာလား။ ကြိုးဆိုတဲ့ကောင်မလေးက အကြင်နာကို အမြဲတမ်း ဆန့်ကျင်နေသူပင်။

"ကိုလောင်းပုရယ်...ကျားခေါင်းကို သန်းရှာနေပြန်ပါပြီ"

"ငါက ကျားခေါင်းကို သန်းရှာတာမဟုတ်ပါဘူးဟ... အဲဒီကျားကကိုပဲ ငါ့ကို ဒီလိုလုပ်ခိုင်းတာ"

အထွေးအဆန်းလို ခက် ယုံပင်မယုံချင်။

"ကဲ...ခက်ကို တံခါးလေးဖွင့်ပေးပါဦး"

"အေး...အေး"

ကိုလောင်းပု ခြံတံခါးကို ဖွင့်ပေးလိုက်သည်နှင့် ခက်၏ကားလေးက ခြံထဲသို့ လျှောကနဲ ပြေးဝင်သွားလေသည်။ အန်တီခက်တအံ့တသြလေးဖြစ်သွားသလို ကြိုးလည်း မယုံကြည်နိုင်။ ဆိုင်းဘုတ်ကို အန်တီကိုယ်တိုင် ဖြုတ်ခိုင်းတာဆိုတော့ မဟုတ်မှလွဲရော ယောကျ်ားတွေကို မုန်းပါတယ်ဆိုတဲ့ အန်တီအကြင်နာ ဘယ်နေရာမှာ ဘယ်အလန်းလေးနဲ့ တွေ့ပြီး စိတ်ပြောင်းသွားပြီလဲမသိ။

အပျိုကြီးတော့ ရင်ဘတ်ထဲက သံတုံးသံခဲတွေ ဘယ်သံရည်ကျိုစက်က ထည့်ကျိုလိုက်လို့ အရည်ပျော်သွားပြီလဲမသိဘူး။ ကြိုးသိချင်လိုက်တာ။

ပြောသာပြောရတယ်။ အန်တီက လူကြီးဂိုက်ဖမ်းထားပေမယ့် အသက်က သုံးဆယ်တောင် တင်းတင်းမပြည့်သေးဘူး။ သူများတွေလို ခေတ်နဲ့အညီ ဝတ်စားဆင်ယင်လိုက်ရင်ဖြင့် ကြိုးနဲ့ နင်လားငါလားပဲ။

"ကဲ မရွှေအကြင်နာ ဘယ်လိုတွေဖြစ်တာလဲ ပြောစမ်းပါဦး"





"ဟယ်...ခက်"

ပဟောဋ္ဌိတွေကို နှုတ်ခမ်းဖျားပေါ်မှာ တင်လာသော ခက်တစ်ယောက်မှာလည်း ခရီးရောက်မဆိုက်ဆိုသလိုပဲ စလင်းဘတ်အိတ်ကလေးကို ပခုံးပေါ်ကချရင်း မဆိုင်းမတွ မေးလိုက်မိသည်။

"ခက် ဘယ်ကလှည့်လာတာလဲ"

"ဘယ်ကမှ လှည့်မလာဘူး၊ မရွှေချော အခြေအနေကို လာကြည့်တာ"

"အခြေအနေကတော့ မြင်တဲ့အတိုင်းပဲ ဒေါင်ဒေါင်မြည်ပဲ"

အပြုံးတစ်ပွင့်ကို ဖန်ဆင်းဖို့ရာ ခက် မစွမ်းသာခဲ့။ ဒီစကားကိုနင် ဘယ်လောက်ကြာအောင် ပြောနိုင်မှာလဲ အကြင်နာ။ တစ်နေ့ချ တစ်နေ့ ငွေဖြစ်နေတဲ့ ကိုယ့်ကျန်းမာရေးကို ဂရုမစိုက်သလိုနေပြီး ဘာကြောင့် စီးပွားရေးနောက်ကို အသည်းအသန် လိုက်နေရတာလဲ။

"ဒေါင်ဒေါင်မြည်လည်း ဆေးကတော့ ထိုးပေးခဲ့ရဦးမှာပဲ။ သောက်ဆေးရော ကုန်နေပြီမဟုတ်လား"

"နင် ငါ့ကို အရမ်းဂရုစိုက်တာပဲနော်"

"သြော်...ဟယ်...ကိုယ့်သူငယ်ချင်း အကောင်းစားလေးကို ချစ်ထားလို့ ဖြစ်ပါ့မလား"

"အဲဒီစကားလေးတွေကိုပဲ ချစ်နေရတာ"

အကြင်နာက ခက်၏ပါးဖောင်းဖောင်းလေးကို ဆွဲလိမ်ရင်း နယ်လေသည်။

"ဟဲ့...စောစောကစကားကို ပြန်ဆက်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ…ဟာ"

"ခြံဝက ဆိုင်းဘုတ်ကြီးကို ဖြုတ်နေတာတွေ့လို့ ဘယ်လိုလဲ"

စကားကို မယုတ်မလွန် ပြောလိုက်ရခြင်းပါ။ အကြင်နာ ကိုယ်တိုင် ဖြုတ်ခိုင်းတာဆိုရင် ခက်က ဝမ်းတောင်သာသေးရဲ့။ ကြီး ဖြုတ်ခိုင်းတာဆိုရင်…

"အဲဒါကြီးချိတ်ထားတော့ရော ဘာထူးတော့လို့လဲ ခက်ရယ်"

"အခြားလူတွေကို မဝင်စေချင်ပေမယ့် ကိုယ့်အိမ်ကလူတွေက ဝင်ထွက်သွားလာနေရတာပဲဟာ။ သူများ လက်ညှိုးထိုးစရာတောင် ဖြစ်ဦးမယ်"

"နင် အမြင်မှန်ရလို့ ငါ ဝမ်းသာပါတယ်။ ဒါတင်မကသေး ဘူးနော်…နင့်ကို ပြုပြင်စေချင်တာတွေ ရှိသေးတယ်…သိလား"

"နင်က ဘာတွေကို ပြုပြင်စေချင်သေးတာလဲ"

ခက်က အကြင်နာတစ်ကိုယ်လုံးကို ခေါက်ကယ်ပြန်ကယ် ကြည့်နေသဖြင့် အကြင်နာ စိတ်မလုံသလို ဟိုကြည့်ဒီကြည့် လုပ် လိုက်သည်။

"နင့်ရဲ့အကျင်္ီတွေ၊ အိုင်ဒီတွေ၊ စတိုင်လ်တွေအားလုံးကို ပြောင်းစေချင်တာ။ ဒီမှာ ကျုပ်ကိုကြည့်လေ… ဘယ်လောက်လ နေလဲ။ နင့်မှာသာ အသက်ငယ်ငယ်နဲ့ တောက အဘွားကြီးစတိုင် ဖမ်းနေတာ"

"ဟား…ဟား"

အကြင်နာ ခပ်ပေါ့ပေါ့လေး ရယ်ပစ်လိုက်သည်။



"ခက်ရယ်…ယောကျ်ားတွေ စိတ်မဝင်စားအောင် နေပါတယ် ဆို"

ခက်တို့ကလည်း နှိုင်းပြီဆို တောကတက်လာတဲ့အဘွားကြီးနဲ့ ကို နယ်နယ်ပယ်ပယ် နှိုင်းပစ်လိုက်တာ။ ဒါကို ဒင်းက စိတ်မဆိုးတဲ့ အပြင် ရယ်တောင်နေသေးရဲ့။

"ရယ်ပါ…ရယ်ပါ…ဒီမှာ အကြင်နာ"

"ပြော"

"နင်က ယောကျ်ားတွေကို မုန်းပဲမုန်းဖူးသေးတာနော်။ မချစ်ဖူး သေးဘူး သိလား…ချစ်တဲ့သူတွေ့လို့ ဒိန်းတလိမ်း နတ်ဝင်ပူးမှတော့ ကောင်တာမရနဲ့…ဟင်း"

အကြင်နာ မျက်နှာလေး ညှိုးလျှသွားလေသည်။ သူမဘဝမှာ ချစ်သူရည်းစားဆိုတာ ဘယ်သောအခါမှ ရှိလာမှာမဟုတ်ပေ။ နှလုံး သားတွေ မူးမိုက်၍ ရူးရလိုက်ခဲ့ရင်တောင် ချစ်သူဆိုတဲ့ ဝေါဟာရကို အကြင်နာ ရှောင်ကွင်းသွားရလိမ့်မည်။ ဘာကြောင့်လဲဆို အချစ်နဲ့သူမ ဘာ တစ်နယ်လွန် အဝေးဆီမှာပါ။

"နင် မသိတာလည်းမဟုတ်ဘဲနဲ့ ခက်ရယ်…ငါ့မှာ ချစ်သူနဲ့ ပျော်ရွှင်ကြည်နူးဖို့ဆိုတာ အချိန်မှမရတာ။ အမိက ငါလုပ်ရမှာက ကြီးဘဝလေး အခြေခိုင်အေးချမ်းနိုင်ဖို့အတွက် စီးပွားဥစ္စာကို ရနိုင် သလောက် ငါ ရှာရမယ်လေ။ ဒါမှ ငါ့အပြစ်တွေကို ဆေးကြော နိုင်မှာ"

"အကြင်နာရယ်"

www.burmeseclassic.com

www.burmeseclassic.com



ခက် သူငယ်ချင်း၏လက်ဖဝါးလေးကို ကရုဏာသက်စွာ ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်သည်။ ကံကြမ္မာအလှည့်အပြောင်းကြော ဆေးထိုးအပ်ကိုင်ရမယ့် အကြင်နာလက်တွေဟာ လူသတ်၍ သွေး ခံခဲ့ရသည်။

ယောက်ျားတစ်ယောက်၏ တဏှာရာဂမီးတွေ တောက်လော မှုကြောင့် အကြင်နာခမျာ အရှက်ကို အသက်နှင့်ရင်း၍ ကာကွယ်ရ လက်လွှန်ခြေလွှန်ဖြစ်ကာ ထောင်နန်းစံခဲ့ရကာ မနစ်ကမှ ပြန်လွ လာခဲ့တာလေ။





# အခန်း (၁၁)

သူငယ်ချင်းတွေအားလုံး ကြိုးမျက်နှာကို စိတ်ဝင်တစား ကြည့် ကြသည်။ မိန်းကလေးသူငယ်ချင်းတွေအဖို့ကတော့ ပြဿနာမရှိပါ ။ ခက်တာက ယောက်ျားလေးတွေ။ တစ်ခါက ကြိုး နေမကောင်း သူ့အိမ်ကို သူငယ်ချင်းတွေစုပြီး သွားမေးမိပါရဲ့။ ကြိုးရဲ့အန်တီက ကဲ ဆိုင်းဘုတ်ကြီးကို လက်ညှိုးထိုးပြပြီး ယောက်ျားလေးတွေကို င်းထုတ်ခဲ့ဖူးသည်လေ။

ခု ကြိုးက သူငယ်ချင်းတွေအားလုံးကို ကျောင်းပိတ်ရက်မှာ အိမ်သို့ အလည်လိုက်ခဲ့ကြရန် ဖိတ်ခေါ်နေပြီ။ သူငယ်ချင်းတွေ ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အသံတိတ် တိုင်ပင်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ…လိုက်ကြမှာလား"

နီလာဇော်၊ ဝင်းဝင်းဖြိုးနှင့်စိုးထိုက်၊ တေဇအောင်တို့ ဆုံးဖြတ်ရခက်နေပုံရသည်။ မိန်းကလေးနှစ်ယောက်က သူငယ်ချင်းဟောင်းဖြေမို့ ကြိုးရဲ့အိမ်အကြောင်းကို သိပြီးသားဆိုတော့ ခပ်လန့်လန့်ဖြစ်နေကြတာ။ စိုးထိုက်နဲ့တေဇက သူငယ်ချင်းအသစ်တွေ။ တေဇက…

"နီလာ ပြောပြပုံအရဆို ကိုနှစ်ယောက် လိုက်လို့ဖြစ်ပါ့မလား ကြိုး"

"ဩော်…ဟယ် ဆိုင်းဘုတ်ကြီး ဖြုတ်လိုက်ပါပြီဆိုမှ ဒါ အခွင့်အရေးပဲ"

"ဟုတ်မှလည်းလုပ်ပါဟယ်…ငါကတော့ သမ္မာဒေ့ရွတ်ပြီး လိုက်ဖို့ ဆုံးဖြတ်ပြီးသား။ ဟိုကောင်တွေအတွက်သာ စိတ်ပူတာ"

စိုးထိုက်က ရယ်ကာ…

"အိုကေ…ငါလည်း ဂုဏ်တော်ကိုးပါး ရွတ်ပြီး လိုက်မယ်"

"ငါကတော့ ဂုဏ်တော်တွေ၊ ဂါထာတွေ မရဘူးဟေ့… မာန သွန်ပြိုင်ပွဲမှာ ပထမဆုရထားတာလေး…အားကိုးပြီးလိုက်မှာ"

တေဇတစ်ယောက်ပဲ မလှုပ်မယှက် ငြိမ်နေသည်။ ကြိုး ဘွားတော်ကြီးက မတော်လို့ မောင်းထုတ်လိုက်ရင် တေဇဆိုတဲ့ကောင်က လွယ်လွယ်နဲ့ အလျှော့ပေးချင်တာ မဟုတ်ဘူးလေ။

အဲဒီတော့ ဘွားတော်ကြီး ဘယ်လောက်တောင် မာနကြီးသလဲ ကြည့်ရတာပေါ့။

"ဘယ်လိုလဲ တေဇ"



"လိုက်မယ်ကွာ"

"အိုကေ"

ငါးယောက်သား တပ်မကြီး ချီတက်လာသည့်နှယ်။ ယောက်ျားမဝင်ရဆိုတဲ့ ဆိုင်းဘုတ်ကို ဖြုတ်ချခိုင်းလိုက်တာ အကြောင်းမဲ့တော့ မဖြစ်နိုင်ပါဘူး။ အန်တီရဲ့မာန်စွယ်တွေကို ချိုးဖို့ ကြိုးအတွက် အခွင့်အရေး ရသွားတာလေ။ ယောက်ျားလေးတွေကို ခေါ်လာတဲ့ကိစ္စနဲ့ ပြဿနာရှာလို့ကတော့ ဆိုင်းဘုတ်မရှိတော့လို့ ခေါ်လို့ရပြီထင်ပြီး ခေါ်လာတာလို့ ဆင်ခြေပေးလိုက်မှာပေါ့…ဟင်း…ဟင်း…။

"တီတီ…တီတီ"

ကားဟွန်းတီးလိုက်တော့ ဦးလောင်းပု ပြေးထွက်လာပြီး ခြံတံခါးကို ဖွင့်ပေးလေသည်။ ဆင်ဝင်အောက်ကိုရောက်တော့ အားလုံး ကားပေါ်မှ ဆင်းလိုက်ကြသည်နှင့်…

"ကဲ…သူငယ်ချင်းတို့ရေ…လွတ်လွတ်လပ်လပ်နဲ့ ကဲချင်သလောက် ကဲပစ်လိုက်ကြစမ်း"

"ကြိုး"

ကားပေါ်က ဆင်းလာတဲ့လူအုပ်ကို မြင်ပြီး လောင်းပု မျက်စိ ထွက် မျက်နှာပျက်နှင့် ကြိုးကို ခေါ်လိုက်လေလျှင် ကြိုးက ရယ်လျက် ခုနဲ့ကိုတွန့်ပြပြီး အိမ်ထဲသို့ သူ့သူငယ်ချင်းတွေနှင့် ဝင်သွားလေသည်။

"ဟူး…ရာဇဝင်အိုးကို တုတ်နဲ့ထိုးဖို့ တုတ်ထမ်းလာတာပဲ"

လောင်းပု စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါလိုက်မိသည်။ ပြဿနာကတော့ အိမ်ပေါ်ကို အစုလိုက် အပြုံလိုက် တက်လာတာ။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သလိုနေတာပဲ ကောင်းပါလိမ့်မယ်။

"မချော…မချောရေ…မချော"

"လာပြီ…ကြိုးရေ…ခဏလေး"

ကြိုး အသံစာစာနှင့် အော်လေတော့ လုံးချော မီးဖိုထဲမှ ထွက်ခဲ့ရတော့သည်။

"ကဲ…သူငယ်ချင်းတို့ ဘာစားကြမလဲ။ ဘာသောက်ကြမလဲ ကြိုက်တာမှာကြ…အားမနာနဲ့…ဟဲ…ဟဲ"

"ငါတော့ ကော်ဖီပဲသောက်မယ်…ချမ်းတယ်ဟ"

"လက်ဖက်သုတ်ကလေးကမှ ကောင်းမှာကို"

"မောတယ်ဟာ…သံပရာရည်လေးဘာလေး လုပ်ကြစမ်းပါ"

"နင်တို့ တစ်ယောက်တစ်ပေါက် ပြောမနေကြနဲ့…ဒါ သူများအိမ်…ကိုယ့်အိမ်မဟုတ်ဘူး။ ဆင်ဆင်ခြင်ခြင်လည်း လုပ်ကြဦး"

လုံးချော ခေါင်းကုတ်လိုက်မိသည်။ သူမ ဘာလုပ်ပေးရမှန်းမသိတော့။ အဲဒါထက် ပိုဆိုးတာက ကြိုးလုပ်ပုံက မမကို ခေါ်သထွက်အောင် စပေးနေသလို ဖြစ်နေပြီ။ လုံးချောနောက်မှဝင်လာတဲ့ ကိုလောင်းပုကို အကူအညီတောင်းသလို လှမ်းကြည့်တော့ ကိုလောင်းပုကလည်း သူ မတတ်နိုင်ဘူးဆိုတဲ့သဘောနဲ့ ခေါင်းခါပြလေ၏။

"တက်ညီလက်ညီ တစ်ခုပဲပြောကြဟာ…သုံးလေးမျိုးလုပ်ပေးဖို့ကတော့ လုပ်ပေးရမယ့် မချောကို အားနာကြဦး"

"ဒါဆိုလည်း အားလုံး ကော်ဖီပဲသောက်ကြမယ်"

"မချောရေ…ကြားတဲ့အတိုင်းပဲ လုပ်ပေးပေတော့"



လုံးချော မီးဖိုထဲသို့ သုတ်ခြေတင်ခဲ့ရတော့၏။

ကြားလိုက်ရသော ဆူဆူညံညံအသံတွေကြောင့် ကြိုး သူမကို ပညာပြပြီဆိုတာ အကြင်နာ တပ်အပ်သိလိုက်ပါပြီ။ လုပ်ပေါ့ ကြိုးရယ်…

မင်းစိတ်ကြိုက်လုပ်ဖို့ ငါ ခွင့်ပြုပါတယ်။ မင်းအတွက် ငါ့ရင်ခွင်ကို ဖွားထားပေမယ့် အဲဒီအငွေ့ရင်ခွင်ကို မင်း တန်ဖိုးမထားတတ်ခဲ့ဘူး။

ပိုစတာကပ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ဒေါသတွေ ဒီဂရီမြင့်ကာ အိပ်ရာထဲလဲခဲ့ပြီးကတည်းက အကြင်နာ စိတ်တွေကို လျှော့ချလိုက်ပါပြီ။ တစ်နေ့တော့ မင်း ငါ့ရဲ့စေတနာတွေကို နားလည်လာမှာပါ ကြိုး။

"ကိုလောင်းပုရေ"

"လာပြီ အကြင်နာ"

အကြင်နာ လေကားအတိုင်းဆင်းခဲ့ရင်း ကိုလောင်းပုကိုခေါ်လိုက်တော့ ကြိုးတို့အဖွဲ့ အသံတိတ်ကျသွားလေ၏။

"ကား…အဆင်သင့်ဖြစ်ပြီလား…တွယ်ယာရော"

"ကားလည်း အဆင်သင့်ဖြစ်နေပါပြီ၊ တွယ်ယာလည်း ကားပေါ်မှာ စောင့်နေပါတယ် အကြင်နာ"

"ဟုတ်ပြီ…တွယ်ယာကို ခဏလွှတ်လိုက်ပါဦး…ဒီမှာ ပစ္စည်းတွေ သယ်စရာရှိလို့"

ကိုလောင်းပု ချာကနဲ လှည့်ထွက်သွားပြီးတာနှင့် အကြင်နာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြိုးတို့အဖွဲ့ကို တစ်ချက်သာ ငေးကြည့်ပြီး အပေါ်သို့ ပြန်တက်သွားလေလျှင်-

"ကြိုး"

"ဘာလဲ"

ခေါ်လိုက်သူက တေဇ မျက်နှာက ပြုံးတုံ့တုံ့နှင့်။

"နင်က အန်တီ…အန်တီနဲ့ခေါ်တော့ တို့က အသက်ကြီးကြီး အဘွားကြီးမှတ်နေတာ"

"စတိုင်လ်က အဘွားပုံပဲ မဟုတ်လား"

"နင်ကလည်းဟာ… ဒီလောက်ချောတာကို ငါတော့ နင့်အန်တီရဲ့ အလှအပအောက်မှာ ရင်ခုန်သံတွေတောင် မမှန်တော့ဘူး"

"သေလိုက်"

အန်တီ ဘာများပြောလေမလဲလို့ ကြိုးက မော်းတင်ပြီး စောင့်နေတာ။ ခုတော့ ဘာမှပြောမသွားဘဲ အေးအေးဆေးဆေးပင်။

"အသက်က သုံးဆယ်တောင် မပြည့်သေးဘူးဟ"

"ဟုတ်လား…ငါတော့ အဲလက်စ်ရဲ့ဖီလင်တွေ အဝင်ခံရတော့မယ်"

"ဘာဖီလင်လဲ"

"မမှ မချစ်ရင် ဘဝပျက်သွားနိုင်တယ်ဆိုတာလေ"

"နောက်တစ်ခါ ထပ်သေလိုက်ဦး"

"အဲ…အဲ…ဟိုမှာ"

နီလာက တစ်အဲအဲနှင့် လက်ညှိုးထိုးပြလေသဖြင့် အားလုံး၏



အကြည့်တွေက နီလာ လက်ညှိုးနောက်ကနေ ကပ်ပါသွားလေသည်။

အသားမဖြူမညိုနှင့် အရပ်မြင့်မြင့်၊ မျက်ခုံးမွေးကောင်းကောင်း၊ လေးထောင့်မကျတကျ မျက်နှာအနေအထားနှင့် ယောကျ်ားပီသစွာ ချောမောသော တွယ်ယာ လျှောက်လှမ်းလာပုံက ဘစ်ခါကြည့်ရုံနှင့် မလုံလောက်စွာ နောက်တစ်ခါ ပြန်ငေးကြည့်ရမယ့်အသွင်မျိုး။

"ချောလိုက်တာဟယ်…အဲဒါ…ဘယ်သူလဲ ကြိုး"

"ဟဲ…ဟဲ…အဲဒါ ငါ့ရဲ့ heart လေ"

"နင်က heart ထိတာလား၊ သူက heart ထိတာလား"

"လောလောဆယ်တော့ ငါ့ဘက်က ထိနေတာ"

သူတို့တွေ တိုးတိုးကျိတ်ကျိတ် ပြောနေကြတုန်း တွယ်ယာက ဘယ်သူ့ကိုမှ ဂရုမစိုက် လှည့်ကြည့်ခြင်းမရှိဘဲ အပေါ်ထပ်သို့ လှေကားအတိုင်း တက်သွားလေသည်။

ဧည့်ခန်းထဲမှာ လူငယ်တွေ လေးငါးယောက် ထိုင်နေကြတာ တွယ်ယာ ဝင်လာလာချင်း တစ်ချက်သာကြည့်ဖြစ်သည်။ ဘယ်သူတွေလဲဆိုတာ သူ စိတ်ဝင်စားဖို့ မလိုဘူးလေ။

သူ စိတ်ဝင်စားတာက မမ ပြောသမျှနာခံဖို့၊ မမ ခိုင်းတာကို မညည်းမညူ လုပ်ပေးနိုင်ဖို့၊ မမ ပျော်နေရင် သူ ကျေနပ်နေသည်လေ။ ဒါတွေပဲ စိတ်ထဲမှာရှိခဲ့တာ။

"မမ"

"တွယ်ယာ…ရောက်လာပြီကိုး"

"ဟုတ်ကဲ့…ပစ္စည်းတွေ သယ်စရာရှိတယ်ဆိုလို့"

www.burmeseclassic.com

www.burmeseclassic.com



"အေး…ဟုတ်တယ်၊ ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ မမအခန်းထဲက ပန်းချီကားနှစ်ချပ်ကို ကုမ္ပဏီမှာ ရွှေ့ကပ်ချင်လို့… အဲဒါ တွယ်ယာ ယူလာခဲ့ပေးနော်"

"ဟုတ်ကဲ့ မမ"

ပြောရင်းမှ အကြင်နာ ပန်းချီကားနှစ်ချပ်ကို တွယ်ယာဆီသို့ လက်ပြောင်းပေးလိုက်သည်။ ဒီပန်းချီကားနှစ်ချပ်က အကြင်နာ ဘဝအတွက်တော့ အလွန်အဓိပ္ပာယ်ရှိလှပါသည်။ တစ်ချပ်က အကြင်နာ ကိုယ်တိုင် ဝယ်ထားတာ။ တစ်ချပ်ကတော့ လေးလေးထွန်း ဝယ်လာပေးတာလေ။ အကြင်နာ ဝယ်လာတဲ့ ပန်းချီကားပုံလေးက ညနေဆည်းဆာအချိန်မှာ တောင်စွယ်အကွယ်သို့ တစ်ခြမ်းမျှ ငုံ့လျှိုးနေရသော နေမင်းကြီးရဲ့ပုံ။

လေးလေးထွန်း ဝယ်လာပေးတဲ့ပုံကတော့ ရော်ရွက်ဝါလေးတွေ ကြွေကျနေသည့်ပုံ။ ပုံစံနှစ်ခုစလုံးက ဘဝကို လက်မြှောက်အရှုံးပေးပြီး နောက်ဆုံး ထွက်သက်မှို့ လောကကြီးကို လက်ပြနှုတ်ဆက်ခြင်းတို့ကို ရည်ညွှန်းနေသည့်နှယ်။

"မမ"

"ဟင်"

"မမရဲ့ပန်းချီကားတွေက သေသေချာချာကြည့်ရင် လွမ်းစရာကောင်းလိုက်တာ။ ကျွန်တော်တောင် ဘာကို လွမ်းမိသွားမှန်း မသိဘူး"

"လျှောက်တွေးမနေစမ်းပါနဲ့ကွာ…သွားကြစို့"





အကြင်နာက ရှေ့မှထွက်သွားသည်နှင့် တွယ်ယာက နောက်မှ ထပ်ကြပ်မကွာ ခြေခိုင်းကို ဖြတ်လျှောက်လာခဲ့ပေမယ့် ကိုယ်စီကိုယ်စီ အတွေးစတွေနှင့်။

"ဖလပ်…ဖလပ်"

"ရှပ်"

မိုးရနံ့တွေ စွတ်ပုံ့နေသော လေကြမ်းကြမ်းက သူတို့နှစ်ဦး၏ ရင်ဝကို ဆောင့်တွန်းရန်စသွားလေသည်။ သစ်ရွက်ကြွေတွေ၊ သစ်ကိုင်းသစ်ခက်တွေလည်း အချင်းချင်း ခိုက်ရန်ဖြစ်ပွားနေကြသည် ထင်ပါရဲ့။ ချမ်းစိမ့်စိမ့်ဖြစ်နေသော ရာသီဥတုကြောင့် အကြင်နာ အနွေးထည်လေးကို ကြယ်သီးစုံအောင် တပ်လိုက်၏။

ကားပေါ်သို့တက်ပြီး မောင်းထွက်လာကာမှ အကြင်နာ တွယ်ယာကို တစ်ချက် ငဲ့ကြည့်မိသည်။ ရှပ်အင်္ကျီလက်တိုလေးနှင့် တွယ်ယာတစ်ယောက် ချမ်းလို့ထင်ပါရဲ့။ သူ့ရဲ့ပင်ကို နီထွေးထွေး နှုတ်ခမ်းအစုံက အပြာရောင်ဘက်သို့ ကူးပြောင်းစပြုနေပြီ။

"တွယ်ယာ"

"ဗျာ"

"ရာသီဥတုက ဒီလောက်အေးစိမ့်နေတာကို ဘာလို့ အနွေးထည် မဝတ်တာလဲ"

တွယ်ယာ မဖြေသေးဘဲ ကားကိုသာ ဂရုစိုက်မောင်းနေသည်။

"ပြောလေ…ဘာလို့ အနွေးထည်မဝတ်တာလဲ"

"ဟို…အဲဒါလေ"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း အဖြေမပေးနိုင်တာကြောင့် တွယ်ယာ ဘယ်လို ညာတော့မယ်ဆိုတာ အကြင်နာ သိပြီးသား။ မညာတတ်တဲ့လူတွေ ညာတော့မယ်ဆိုရင် မျက်လုံးက ဂဏာမငြိမ်ကြဘူးတဲ့။

“အဝါလေ…အနွေးထည် လျှော်ပြီးလှမ်းထားတာ မခြောက်သေးလို့ မမရဲ့…အဲဒါကြောင့်”

အကြင်နာ ခပ်လှဲ့လှဲ့လေး ပြုံးလိုက်ရင်း–

“မင်း ငါ့ကို ညာတာ နှစ်ခါရှိပြီနော်”

“ဗျာ…ကျွန်တော် ဘာညာလို့လဲ မမရယ်”

“မင်းမှာ ခြင်ထောင်မရှိလို့ ခြင်ကိုက်ခံရတာကို ခြင်ထောင်နဲ့ အိပ်ရင် အသက်ရှူကျပ်လို့လေးဘာလေးနဲ့ ညာခဲ့တာလေ။ ခုလည်း မင်း ညာနေတာ။ မင်းမှာ ခုလည်း အနွေးထည်မရှိဘူးမဟုတ်လား”

“ဗျာ”

လူကဲခတ်တော်လိုက်တဲ့ မမပါလား။

“ဗျာ…ဆိုတာကိုက ညာတာကို ဖော်ထုတ်နေတာ”

ညာတာကို သိနေပြီဆိုမှတော့ တွယ်ယာ့မှာ ပြောစရာစကား မရှိတော့။ မျက်နှာကို ဘယ်လိုထားရမှန်းမသိ။ ဟိုလိုဟို ဒီလိုလိုနှင့် နေရတာလည်း စိတ်က သိပ်မလုံချင်။ တွယ်ယာကပဲ အလိမ်အညာ စကားသုံးတဲ့နေရာမှာ ညံ့ဖျင်းတာလား။ မမကပဲ နတ်မျက်စိရှိနေသလားပဲ။

“ကဲ…ကားကို ရန်ကင်းစင်တာဘက်သာ အရင်မောင်း”

“ဟုတ်ကဲ့”





သတိရမိသွားပြန်ပြီ။ မာရှုရဲ့ ‘ချစ်လို့’ ဆိုတဲ့သီချင်း။ ဒီသီချင်းလေးကို ရင်ထဲမှာပဲ တိတ်တိတ်ကလေး ဆိုညည်းပစ်လိုက်သည်။ မမသာကြားရင် ပါးကိုပဲ ရိုက်မလား။ ကားပေါ်ကပဲ တွန်းချပစ်ခဲ့မလား မပြောတတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ဒီကိစ္စကို အကြင်နာက ကြိုး လုံးဝ မသိပါစေနဲ့တဲ့ လေးလေးထွန်းရဲ့"

ဦးထွန်းတောက် ခေါင်းကို ဆတ်ကနဲ ညိတ်ရင်း သက်ပြင်းရှည်ကြီးကို ချမိတော့သည်။

"လေးလေးထွန်း ကတိပေးပါတယ်ကွယ်"

"ဪ…လေးလေးထွန်း…သူ ခက်ကို တိုင်ပင်ထားတာ တစ်ခုရှိသေးတယ်"

"ဘာများလဲ တူမကြီးရဲ့"

"ဒီနှစ်ကုန်လောက်မှာ သူ ကြိုးကို အမွေလွှဲပြောင်းတဲ့စာချုပ် လုပ်ပေးမယ်တဲ့"



"သူ အဲဒီလောက်အထိ အချိန်ရပါ့မလား"

"ရပါတယ် လေးလေးထွန်း…လောလောဆယ် သူ ထွက်မသွားနိုင်အောင် ခက် ကူညီနိုင်သလောက် ကူညီမှာပါ။ အစွမ်းကုန်ကြိုးစားပြီး တားဆီးပေးထားမှာပါ"

"အဲဒီအတွက် လေးလေး တူမကြီးကို ကျေးဇူးတင်ပါတယ်"

ဦးထွန်းတောက်ရင်ထဲမှာ ချစ်တူမအတွက် ရတက်မအေးနိုင်ရှာ။ သောကဗျာပါဒတွေက ဖွဲမီးလို တငွေ့ငွေ့ လောင်ကျွမ်းနေသည်။ ကိုယ့်လက်ပေါ်မှာ ကြီးခဲ့တဲ့ကလေးမို့ မခွဲနိုင်မခွာရက်ဖြစ်ခဲ့ပေမယ့် ခုတော့ ခွဲခွာရဖို့အကြောင်းက ဖန်လာသည်။ သူ ဘာများတတ်နိုင်ဦးမှာလဲ။

"ခက်လည်း စိတ်မကောင်းပါဘူး လေးလေးထွန်းရယ်။ အကြင်နာက ခက်ရဲ့ အချစ်ဆုံးသူငယ်ချင်းပါ။ သူ့ကို ဘယ်ထွက်သွားခချင်မှာလဲ။ ဒါပေမယ့် ကံကြမ္မာက ဒီလိုအကြောင်းဖန်လာတော့ ခက်တို့ ဘာများတတ်နိုင်ဦးမှာလဲရှင်"

ပြောရင်းက ခက် မျက်ရည်လေးတွေ လည်ရပြီ။

"ကဲ…တူမကြီး လေးလေးထွန်း ပြန်မယ်…ခွင့်ပြုဦးနော်"

"ဟုတ်ကဲ့…လေးလေးထွန်း"

အိမ်အပြန်လမ်းမှာ ဦးထွန်းတောက်၏စိတ်တွေ လေးလံနေ၏။ သောကမ်ရဲ့ရိုက်ပုတ်မှုဒဏ်ကို အလူးအလိမ့် ခံခဲ့ရရှာသော ကလေးငယ်။ များမကြာသောကာလများမှာ လေးလေးတို့နဲ့ ဝေးရာကို ထွက်သွားတော့မယ်တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



"လေးလေးထွန်း"

အိမ်ကိုပြန်ရောက်တော့ ကြိုးက သူ့ဆီသို့ လျှောက်လာရင်း ခေါ်သည်။ ဦးထွန်းတောက် ကြိုးကို မှိန်ဖျော့ဖျော့ မျက်ဝန်းတွေနှင့် ကြည့်လိုက်ပြီး–

"ညည်း…ဘာပြောချင်လို့လဲ ကြိုး"

"လေးလေးထွန်းကို မေးစရာရှိလို့"

"အင်း…မေးလေ"

"ဒီအိမ်မှာရှိတဲ့လူတွေအားလုံးက အန်တီ့ကို အရမ်းဂရုစိုက်ကြ တာပဲနော်။ ကြိုးကိုကျ ဘာလို့မချစ်ကြတာလဲ…ဟင်"

ဦးထွန်းတောက် တစ်မျိုးရင်နင့်ရပြန်ပြီ။ ကြိုးကို အပြုံးယဲ့ယဲ့နှင့် နှစ်သိမ့်သလို ခေါင်းလေးကို ပွတ်လိုက်ရင်း–

"သမီးလေးကိုလည်း ချစ်ကြပါတယ်ကွယ်…ချစ်လို့လည်း သမီးလိုအပ်တာမှန်သမျှကို ဖြည့်ဆည်းပေးနေကြတာပဲမဟုတ်လား အကြင်နာကို ဂရုစိုက်တယ်ဆိုတာက…"

"အကြင်နာနဲ့ပတ်သက်တဲ့ အကြောင်းမှန်သမျှကို ကြိုးကို ဘာ မပြောပါနဲ့ လေးလေးထွန်း…အဲဒီကတီတော့ အကြင်နာကို ပေးပါ ကြိုး မိဘမဲ့လေးဖြစ်ခဲ့ရတာ အကြင်နာကြောင့်။ နောက်ထပ် သူ့ ကို အကြင်နာ ဘာဝေဒနာ ဘာခံစားမှုမှ ထပ်မပေးချင်တော့လို့ပါ"

အကြင်နာပြောခဲ့သောစကားသံတွေက နားထဲမှာ ပဲ့တင်ထပ်နေ သည်။ ဒါကြောင့် လေးလေးထွန်းကို ခွင့်လွှတ်ပါတော့ ကြိုးလေးရယ် အကြင်နာက ပြောထားသေးတယ်လေ။ ကြိုး သူ့အပေါ် သံယောဇဉ်



ဘွယ်နေတာကို မလိုချင်ဘူးတဲ့။ ကြိုး သူ့ကို နာကြည်းတာ မုန်းနေ တာကိုပဲ လိုချင်သတဲ့လေ။

စောစောစီးစီး သံယောဇဉ်ကြိုးကို ဖြတ်တောက်ထားတာ အကောင်းဆုံးပဲဆိုတာ အကြင်နာရဲ့ စေတနာ၊ မေတ္တာတွေကို ကြိုး တစ်နေ့ နားလည်လာမှာပါကွယ်။

"ဆက်ပြောလေ…လေးလေးထွန်း"

"အကြင်နာက ဒီအိမ်ရဲ့ အရှင်သခင်မကိုးကွဲ့"

ကြိုး နှုတ်ခမ်းကို သိသိသာသာ မဲ့ပစ်လိုက်သည်။

"ကြိုးရဲ့မိဘတွေကိုသတ်ပြီး ကြိုးတို့ရဲ့ပိုင်ဆိုင်မှုတွေကို မတရား သိမ်းပိုက်ယူထားတာကိုတော့ ထည့်မပြောတော့ဘူးလား လေးလေး ထွန်း"

"ကြိုး"

"သူ့ကြောင့် ကြိုး မိဘမဲ့လည်း ဖြစ်ခဲ့ရတယ်။ ကြိုးဘဝကို ဒုက္ခတွင်းထဲ တွန်းချပစ်ခဲ့တာ အန်တီအကြင်နာပဲ။ သူကတော့ ကြိုး မိဘတွေရဲ့ ချမ်းသာကြွယ်ဝမှုတွေကို သိမ်းပိုက်ပြီး သူဌေးမကြီးဖြစ်လို့။ ကြိုးမှာတော့ သူတောင်းစားလို သူများဆီ လက်ဖြန့်တောင်းပြီး သုံးနေ ရတာ။ ဒီကြားထဲ ပါးရိုက်နားရိုက်နဲ့ နှိပ်စက်လိုက်သေးတယ်။ သူ့ရဲ့ သေမာတဲ့လုပ်ရပ်တွေကို ကြိုး အကုန်သိတယ်။ ဒါကြောင့် ကြိုး သူ့ကို နာကြည်းတယ်…မုန်းတယ်"

"မဟုတ်ဘူး…ကြိုး…အဲဒါ သမီး အထင်လွဲနေတာပါ"

ကြိုးမျက်ဝန်းတွေက နာကြည်းရိပ်တွေနှင့် ယှက်နွယ်သမ်း၍

www.burmeseclassic.com



နူးရှနေသည်။ ဒယ်ဒီကို သတိခဲ့တာ အန်တီပဲလေ။ သွေးအိုင်ထဲမှာ မချိမဆန့် ခံစားရင်း သေဆုံးသွားတဲ့ ဒယ်ဒီကိုကြည့်ပြီး မာမီလည်း နေရာတင် သေဆုံးခဲ့ရတယ်။

"နားမလည်တဲ့သူကို ရှင်းပြစရာမလိုဘူး လေးလေးထွန်း"

"ဟင်…ကလေး"

အကြင်နာ လျှောက်လှမ်းလာပုံက အေးစက်စက်။

"တစ်မိသားစုလုံးက အလိုလိုက်ပြီး ငုံထားမတတ် ချစ်ခဲ့ကြလို့ အားလုံး သံယောဇဉ်တွေနဲ့ ရစ်ပတ်ဖွဲ့နှောင်ထားခဲ့ကြလို့ သံယောဇဉ် ကြိုးလေးဆိုတဲ့ အဓိပ္ပာယ်နဲ့ နင့်နာမည်ကို ကြိုးလို့ မှည့်ပေးခဲ့တာ၊ ခုတော့ နင်က ငါ့လည်ပင်းကို ကွင်းစွပ်မယ့်ကြိုးပဲ"

"ဟုတ်တယ်…ကြိုးက အန်တီ့လည်ပင်းကို ကွင်းစွပ်ပြီး သေမိန့်ပေးမယ့် ကြိုးပဲ"

"ငါသေရင် နင်က ကျေနပ်မယ်ပေါ့။ ဟုတ်လား…ကြိုး"

"ဝန်ခံပါတယ်…ဒီလောကမှာ အန်တီမရှိမှ ကြိုး ပျော်မှာ ဒယ်ဒီ ခံစားရသလို အန်တီ ခံစားရမှ ကြိုး ကျေနပ်မယ် အန်တီ"

"ကြိုး…ညည်း"

ဦးထွန်းတောက် ဒေါသတွေ ဝုန်းကနဲ ပေါက်ကွဲကာ ကြိုးကို ရိုက်ဖို့ လက်ရွယ်လိုက်စဉ်–

"လေးလေးထွန်း…မလုပ်နဲ့"

အကြင်နာက လေးလေးထွန်းလက်ကို ဖမ်းချုပ်ဆွဲထားလိုက်သည်။





"ဘာလဲ…လေးလေးထွန်းက ကြိုးကို ရိုက်မလို့ပေါ့လေ။ ဟုတ်လား…ရိုက်ပါ…ရိုက်လိုက်စမ်းပါ လေးလေးထွန်းရဲ့…ဒီပါး တွေက ကျင့်သားရနေပါပြီ"

ဦးထွန်းတောက် လက်ကို ပြန်ရုတ်သိမ်းပြီး မျက်နှာကို ငုံ့ချလိုက် ဘာနှင့် မျက်ရည်ပွင့်တွေက ခုန်ဆင်းသွားလေသည်။ ဒီကလေး နှစ်ယောက်ကြားမှာ စိတ်တွေ မောလှပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ဂျင်းနံ့ဘောင်းဘီနှင့် မမ ဝယ်ပေးထားသော တီရှပ်အစင်းလေးကိုဝတ်ကာ အပေါ်မှ မိုးကာအင်္ကျီကို ထပ်ဝတ်လိုက်၏။ မိုးကရွာတာမျိုးလည်းမဟုတ်ဘဲ တစ်ဖွဲဖွဲ၊ နှစ်ဖွဲစသာကျနေသည်မို့ ဂျင်းနံ့ဦးထုပ်ကလေးကိုပါ ချိတ်မှဖြုတ်၍ ဆောင်းလိုက်သည်။ ပြီး လွယ်အိတ်ကလေးစလွယ်သိုင်းလွယ်လျက် လေချွန်တမြမြနှင့် တန်းလျားပေါ်ကဆင်းလာခဲ့သည်။

အင်း…သူ့တစ်ကိုယ်လုံးမှာ ဝတ်ဆင်ထားသမျှ မမ ဝယ်ပေးတာချည်းပဲ။ ဖိနပ်သာ ကြိုး ဝယ်ပေးထားတာ။ သူ့ရဲ့ကိုယ်ပိုင်ပစ္စည်းဆိုလို့…အဲပွန်း။





“ဟ…တစ်ယောက်တည်း ပြုံးလို့ရှင်လို့ပါလား”

“ဟာ…ပြုံးမနေလို့ ကျွန်တော်က ငိုနေရမှာလား”

“မင်းဂျိုးတော်ကြီး အဲဒါကိုပြောတာမဟုတ်ဘူး”

“ဒါဆိုဘာလဲ”

“ဘာတွေသဘောကျနေသလဲ သိချင်တာ”

“ဩော်”

တွယ်ယာ ဟန်ပါပါနှင့် ရယ်လိုက်ရင်း မမ ဝယ်ပေးထားတာတွေကို တစ်ခုစီပြ၍-

“ဒါ…ဒါ…ဒါ…ဒါ…အားလုံး မမ ဝယ်ပေးထားတာချည်းပဲဆိုတော့ ကိုယ်ပိုင် ဘာမှမရှိပါလားလို့ တွေးမိလို့”

“ကိုယ်ပိုင်လား”

“အင်းလေ”

“ရှိတဲ့ဟာတော့ ရှိပါတယ်ကွာ”

“ဗျာ”

“ဟဲ…ဟဲ…မျက်နှာကိုပြောတာ”

တွယ်ယာ သက်ပြင်းချလျက်-

“တော်ပါသေးရဲ့”

လောင်းပုက တွယ်ယာကိုယ်လုံးကို လှည့်ပတ်၍ကြည့်နေသည်။ ဒီကောင် အပြတ်သားနားနေပါလား။ ခါတိုင်းဆို ပုဆိုးနဲ့ ရှပ်အင်္ကျီပဲဝတ်တော့ သူ့ရဲ့ သန့်ရှင်းချောမောမှုတွေက မပီပြင်။ ခု…ခေတ်နဲ့အညီ ဝတ်ဆင်လိုက်တော့ တောသွေးတွေပျောက်၍ ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



မင်းသားတစ်ယောက်လို စတိုင်လ်မိုးပြီး အပြတ်သားနေ၏။

"ကိုလောင်းပု…ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ"

"ကြည့်လို့ကောင်းလွန်းလို့ပါ မင်းသားရယ်… တကယ်ပါ အပိုမပြောဘူး။ မင်းတော့ ကျောင်းမှာ မရွှေချောတွေ အပိုင်းခံရတော့မှာပဲ"

"နေပါစေ…ကိုလောင်းပုရယ်…ဘယ်မရွှေချောမှ အပိုင်းမခံချင်ပါဘူး။ ကျွန်တော့်ချစ်သူရဲ့မျက်စိထဲမှာ ကျွန်တော့်ကို ကြည့်ကောင်းနေရင်ပဲ ကျေနပ်ပြီ"

တွယ်ယာ စပ်ဖြဲဖြဲပုံစံနှင့် ပြောလေတော့ ကိုလောင်းပု မျက်လုံးပြူး၍ သူ့ကို ကြည့်လေသည်။ တွယ်ယာက ဆက်၍ သူ့ဘယ်ဘက်ရင်အုံကို လက်နှင့်ပုတ်ပြကာ-

"ကျွန်တော့်ရင်ဘတ်ထဲမှာရှိတာက တစ်ယောက်တည်း"

"မင်းကျောင်းတက်တာမှ သိပ်မကြာသေးဘူး၊ ချစ်သူက တွေ့နေပြီလား ကောင်လေးရ"

"ကိုလောင်းပုကလည်း ကျွန်တော့်ချစ်သူက ကျောင်းက မဟုတ်ပါဘူးဗျ"

"ဒါဆို ဘယ်ကလဲ"

"ဒီအနီးအနားတစ်ဝိုက်က"

"ဘုရားရေ"

လုံးပါတယ်ဆိုတဲ့ ကမ္ဘာကြီး ပြားသွားပြီလား မပြောတတ်၊ လောင်းပုရဲ့ အမြင်အာရုံတွေကတော့ ပြားကနဲ ဖြစ်သွားရလောက်အောင် အံ့သြထိတ်လန့်သွားလေသည်။ ဒီအနီးအနားတစ်ဝိုက်မှာဆိုရင်တော့ ကြိုးနဲ့ အကြင်နာပဲ ရှိလေသည်။ အကြင်နာကတော့ မဖြစ်နိုင်ပါဘူး။ ကြိုးက ကောင်လေးကို အရမ်းအရေးပေးဂရုစိုက်နေတော့ ကြိုးပဲ ဖြစ်ရမယ်။

"ကောင်လေး…မင်း ကြိုးကို ကြိုက်နေတာလား"

တွယ်ယာက ခေါင်းခါလျက်-

"မဟုတ်ဘူး"

"ဒါဆို"

"မမ"

"အမယ်လေး…ရွှေတိဂုံ ကယ်တော်မူပါ"

"ဟား…ဟား"

လောင်းပု မျက်စိမျက်နှာပျက်သွားပုံကိုကြည့်၍ တွယ်ယာ တဟားဟားပဲ ရယ်ပစ်လိုက်သည်။ လောင်းပုက ဘယ်ရယ်နိုင်ပါ့မလဲ။ အကြင်နာအကြောင်းကို သူတို့သာ အသိဆုံးပဲလေ။ ငါ့နှယ်နော်…ဒီတွယ်ယာဆိုတဲ့ကောင်တော့ ကြိုးကိုတော့ မကြိုက်ဘဲ အကြင်နာကိုမှ သွားကြိုက်ရတယ်လို့။ သင်း…ရင်ကွဲပက်လက်ဖြစ်ရဦးမှာ မြင်ယောင်မိပါသေးရဲ့။

"ဒီလောက် ရုပ်ပျက်ဆင်းပျက် ဖြစ်မနေစမ်းပါနဲ့ ကိုလောင်းပုရာ…ဒီမှာ ကျွန်တော်ကလေ မမဆီက ပြန်ရမယ့်အချစ်ကို မမျှော်လင့်ပါဘူး။ ကျွန်တော့်ဘက်က ချစ်နေရရင် ကျေနပ်တယ်"

"ကောင်လေးရာ"





www.burmeseclassic.com

www.burmeseclassic.com

လောင်းပု ခေါင်းကို တဗျင်းဗျင်း ကုတ်ပစ်လိုက်သည်။ ကုတ်လက်စလက်ကို ခေါင်းပေါ်ကမချဖြစ်ဘဲ တစ်ခုခုကို စဉ်းစားနေ ဟန်ရှိသည်။

"ခင်ဗျား…အဲဒီလိုလုပ်နေပုံက ဘာနဲ့တူလဲ…သိလား"

"ဟင်…ဘာနဲ့တူလို့လဲ"

"မျောက်နဲ့"

"ခွီးထဲမှ မင်းကတစ်မျိုး"

"ဟား…ဟား"

ရယ်ပါ ကောင်လေးရာ။ မင်း ရယ်နိုင်တုန်း ရယ်ထားဦးပေါ့။ အဲဒီရယ်မောခြင်းတွေဟာ တစ်နေ့ မင်းအတွက် မျက်ရည်တွေဖြစ်လာမှာ ငါ စိုးရိမ်လိုက်တာ ကောင်လေးရာ။ အရှင်သခင်ရဲ့အပေါ်မှာ သစ္စာရှိတဲ့ တို့ရဲ့ပါးစပ်တွေကလည်း ကတိတစ်လုံးရဲ့ တန်ဖိုးအတွက် ဖြေရှင်းချက်တွေနဲ့ မင်းကို တားဆီးပိတ်ပင်နိုင်စွမ်း မရှိဘူးလေ။ ငါ အတတ်နိုင်ဆုံး ဖျောင်းဖျပေးချင်တာကတော့-

"အကြင်နာကို မင်း မချစ်ပါနဲ့လား ကောင်လေးရာ"

"ဟာ…ကိုလောင်းပုကလည်း အချစ်ကို ဈေးဆစ်နေပြန်ပြီ။ နှလုံးသားထဲကို သူ့အလိုလို တစိမ့်စိမ့် စီးဝင်လာတဲ့ အချစ်စိတ်ကို ဘယ်လိုလုပ် တားဆီးလို့ရမှာလဲ။ ကျွန်တော် မမကိုချစ်တာ ဘာတပ်မက်မှုမှ မရှိဘူး။ အဖြူထည်လေး…တိတ်တခိုးအချစ်ပေါ့ဗျာ…မပိုင်ဆိုင်ရရင် နေပါစေ။ မမအနားမှာ နေခွင့်ရရင်ပဲ ကျေနပ်တယ်"





ကမ္ဘာကျော်မယ့် တော်ကီလ်တွေပါလား။

"ခက်တယ် ကောင်လေးရာ…မင်းကို ငါ ဘယ်လိုပြောရမလဲ"

"ဘယ်လိုမှမပြောနဲ့၊ ကျွန်တော် ကျောင်းချိန်နီးနေပြီ…သွားတော့မယ်။ ခင်ဗျားကလည်း မိုးစိမ့်စိမ့်နဲ့ စောင်ခြုံကွေးလိုက်တော့…ဟုတ်ပြီလား"

တွယ်ယာပြောပြီး ပြေးထွက်လာခဲ့သည်။ ရင်ထဲမှာ သိုသိပ်ထားတဲ့စကားတွေကို ရင်ဖွင့်လိုက်ရလို့ စိတ်ထဲမှာ ပေါ့ပါးသွားသလိုပါပဲ။ မမအကြောင်းတွေ ဆက်တွေးနေရင် ကားတိုက်ခံပြီး သေနေရဦးမယ်။ ခဏတော့ မေ့ခွင့်ပြုပါ မမ။ လိုင်းကားတိုးစီးရဦးမှာမို့ပါ။

"ဟဲ့…ဟိုမှာကြည့်စမ်း"

"ဘာလဲဟ"

"နင့်ဘေးမှာလေ…ဘဲလေးချောတယ်ဟ"

"အရေးထဲဟာ…ဒီမှာကျပ်နေရတဲ့အထဲ ငမ်းကြောက ထနေသေး"

တွယ်ယာက နားပါးသူမို့ ထိုတိုးတိုးတိတ်တိတ်ဆိုသံကို ကြားနေရသည်။ ယောက်ျားလေးချောချော မြင်တာနဲ့ ငမ်းနေကြတာဒါ မြန်မာမိန်းကလေးတွေတဲ့လား။ တွယ်ယာက ခေတ်လူငယ်ဆိုပေမယ့် မြန်မာဆန်တာကိုပဲ ကြိုက်တာ။ အဲဒါကြောင့်လည်း လူတကာက အဘွားကြီးစတိုင်လ်ဟု နောက်ပြောင်ပြောဆိုနေသည့်ကြားမှ လူကြီးဆန်ဆန်လေးနဲ့ ယဉ်စစ မမကို သူ ချစ်မြတ်နိုးခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရလေနော်။ မတွေးဘူးဆိုတဲ့ကြားက တွေးမိပြန်ရာ မမ အကြောင်း။

"အမယ်လေး...မမ...ဟာ"

မမအကြောင်း တွေးနေရင်းပဲ နောက်ကတိုးလာတဲ့လူ့ရဲ့လက်က တွယ်ယာ့ခါးကို ထိခတ်သွားလေရာ တွယ်ယာ ယောင်၍အော်လိုက်တော့ ဘေးကလူတွေ ခွီးကနဲ ထရယ်ကြလေ၏။

"ယောင်တတ်တယ်တော့"

ရှက်တာနှင့် မျက်နှာ ဘယ်ထားရမှန်းမသိဖြစ်နေစဉ် သူ ဆင်းရမယ့်မှတ်တိုင်သို့ ရောက်လာတာနှင့် အတင်းပြေးဆင်းလာခဲ့တော့၏။





## အခန်း (၁၄)

အချိန်တွေသာ သရေပင်ဖြစ်ခဲ့ရင် ရက်ကြီးလေးတွေကို ဆွဲဆန့်ထားချင်ပါရဲ့။ ဒါပေမယ့် အချိန်နှင့်ဒီရေသည် လူကိုမစောင့်တဲ့။ အချိန်တွေဟာ အကြင်နာအတွက် စက္ကန့်တိုင်း၊ မိနစ်တိုင်း တန်ဖိုးရှိနေသည်။

အတွေးစတွေ ခြေရှုပ်လာတာနဲ့ စိတ်တွေ မွန်းကျပ်လာသလိုရှိတာကြောင့် ထွက်ပေါက်ရှာဖို့ရာ စန္ဒရားရှေ့မှာ ထိုင်လိုက်သည်။ ပြီး အကြင်နာ၏လက်ချောင်းသွယ်သွယ်လေးတွေ လှုပ်ရှားနေသည်နှင့် အမျှ ချိုမြသည့် စန္ဒရားလက်သံက ကြားရသူတို့ ညည်းညူဖွယ်ရာ တစ်စက်ကလေးမှ မရှိပေ။ သူမ တီးခတ်ခြင်းကို အဆုံးသတ်၍ စန္ဒရားခုံမှ ထရပ်ပြီး နောက်သို့အလှည့်တွင်-



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"အို"

နောက်မှရပ်နေသူကို မမြင်ဘဲ အရှိန်နှင့်ဝင်တိုးမိတော့ နှစ်ယောက်စလုံး ဟန်ချက်ပျက်သွားချိန်မှာ သူက အချိန်မီထိန်းထား လိုက်နိုင်တော့ အကြင်နာက သူ့ရင်ခွင်ထဲမှာ။

အတန်ကြာ မှင်သက်နေမိကြရာမှ အကြင်နာက အရင်သတိရ ပြီး သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ သည်တော့မှ သူကလည်း-

"ဆောရီးနော် မမ…မမ အာရုံပျက်မှာစိုးလို့ ကျွန်တော် အသံ မပေးဘဲ ရပ်နေမိတာပါ"

"မင်းကို ငါ ဘာပြောရသေးလို့လဲ"

သူမအသံက အဖျားခတ်၍ တုန်ယင်နေသည်။ မခုန်ဘူးတဲ့ ရင်ခုန်သံတွေ ဘာကြောင့် ဒီလောက် ကြမ်းတမ်းနေရတာလဲ။

"ဟို…မမ တစ်မျိုးထင်မှာစိုးလို့ပါ"

"မင်း…ဒီကို ဘာလာလုပ်တာလဲ"

"ကျွန်တော် နှင်းဆီပင်တစ်ပင် ပျိုးထားတာ ပွင့်နေပြီလေ။ အဲဒါ မမကို ပေးချင်လို့။ ဘယ်နေရာမှာ ထားပေးရမလဲ မမ"

"မင်းပျိုးတဲ့ နှင်းဆီပင်က ဘာရောင်လဲ"

"မမက ဘာရောင်ကြိုက်လို့လဲ"

"အနီရောင်ကို ငါ မုန်းတယ်။ မင်းပျိုးတဲ့ နှင်းဆီပင်က အနီရောင်ဖြစ်နေရင်တော့ အဲဒီပန်းအိုးကို ရိုက်ခွဲပစ်လိုက်"

တွယ်ယာ့မျက်နှာလေးကတော့ ပြုံးသွားပြီး အကြင်နာရင်ထဲမှာ





တော့ နှင်းဆီနီတစ်ပွင့်ကို မြင်ယောင်ကြည့်ပြီး မျက်ခုံးနှစ်ဖက် တွန့်ကုတ်သွားလေ၏။ သွေးတွေ…ရဲရဲနီနေတဲ့ သွေးတွေကိုမြင်ပြီး အကြင်နာ အနီရောင်ကို မုန်းခဲ့တာ ယခုထက်ထိ။ သူမ ထိုးစိုက်လိုက် သောဓားကို ရာဇဝင်လူကြီး၏ရင်ဝမှ ဆွဲနုတ်လိုက်တာနဲ့ ဖြာထွက်လာ တဲ့ သွေးစက်တွေ။

"တစ်ခြားအရောင်ဆိုရင် မမ ယူမှာလားဟင်"

အကြင်နာ သူ့မျက်နှာကို မော့ကြည့်လိုက်၏။ အို…ဒီကောင် လေးနဲ့ အကြည့်ချင်းဆုံတိုင်း ငါ ဘာကြောင့် ရင်တွေခုန်နေရပါလိမ့်။

"အင်း"

"ဟာ…ဝမ်းသာလိုက်တာ မမရယ်…ကျွန်တော် ပျိုးထားတဲ့ နှင်းဆီပင်က အဖြူရောင် မမရဲ့"

"မင်း ဘာကြောင့် ငါ့ကို ပေးချင်တာလဲ"

"မမကို ပန်စေချင်လို့ပါ"

"အဲဒါတော့ ငါ အာမမခံဘူးနော်။ ငါ အဲဒီနှင်းဆီတွေကို ပန်ဖြစ်ချင်လည်း ပန်ဖြစ်လိမ့်မယ်။ မပန်ဖြစ်လို့ ဘုရားကိုတင်တော့ လည်း မင်းရော ငါရော ကုသိုလ်ရတာပေါ့"

သွားတန်းညီလေးတွေပေါ်အောင် ရယ်လိုက်တဲ့ သူ့အသွင်လေး က အိပ်ပျော်နေသော အကြင်နာ့နှလုံးသားကို လှုပ်နှိုးပုတ်ခတ်၍ ချစ်တတ်တဲ့စိတ်ကလေးတွေကို ရစ်ပတ်ဖွဲ့နှောင်၍ ယှဉ်နေသည့်နှယ်။ ယောကျ်ားတွေကို မုန်းပါတယ်ဆိုတဲ့ အကြင်နာ သူ့ကိုမှ ဒီစက်ကွင်း ထဲကနေ ဘာလို့ ဘေးမဲ့ပေးထားမိပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားတင်မယ်ဆိုရင် ကျွန်တော့်အတွက် ပိုပြီး ဆုတောင်းပေးနော် မမ"

"မင်းက ဘာဆုလိုချင်လို့လဲ…တောင်းပေးမယ်လေ"

"ကျွန်တော်ချစ်တဲ့သူနဲ့ ပေါင်းစည်းခွင့်ကြုံပါရစေလို့"

"သြော်"

ဘာမှန်းမသိ ရင်ထဲမှာ နင့်သွားတာကြောင့် စကားသံက တိတ်ဆိတ်သွားလေသည်။ ဒါကို သူကပဲ ပြန်စ၍-

"မမ"

"ဟင်"

"တောင်းပေးမယ် မဟုတ်လားဟင်"

သူမ ခေါင်းညိတ်ပြလျက်-

"တောင်းပေးရမှာပေါ့ကွယ်"

"ဒါဆို ကျွန်တော် သွားယူလိုက်မယ်နော်"

"အေး…အေး"

ဝမ်းသာအားရနှင့် ထွက်သွားသော တွယ်ယာကျောပြင်ကို ကြည့်၍ အကြင်နာ သက်ပြင်းချမိတော့သည်။ မင်း စိတ်ကျေနပ်အောင် ငါ ယူလိုက်ပါ့မယ် ကောင်လေးရယ်။ နှင်းဆီတောင် အဖြူရောင်ကိုမှ ရွေးပေးတဲ့ မင်းရဲ့ရိုးသားဖြူစင်မှုတွေကို အသိအမှတ်ပြု တန်ဖိုးထားရင် မင်းပေးမယ့် နှင်းဆီလေးတွေနားမှာ ငါဟာ လိပ်ပြာ ဖြစ်တောင် ဝဲပျံနားခိုနေဦးမှာပါ။

ပန်းအိုးက မြေအိုးဆိုပေမယ့် အတန်ကြီးတာကြောင့် သူ ပိုက်လာ



ပုံက မနိုင်မနင်း။ ဒါကြောင့် အကြင်နာ သူ့ဆီသို့ မပြေးရုံလျှောက်သွားမိသည်။

"မနိုင်မနင်းနဲ့ပါလား တွယ်ယာရယ်…လာ…လာ…မမ ကူမယ်"

"နေပါစေ မမ…ကျွန်တော် နိုင်ပါတယ်။ မမလက်က နုနု လေးတွေ…အိုးသားက ကြမ်းတယ် မမရဲ့။ ဘယ်မှာ ထားရမလဲသာ ပြော"

"လှလိုက်တာကွယ်…ပန်းတွေက အတော်တောင် ပွင့်နေပြီပဲ။ တဲ…လာ…ထားရမယ့်နေရာ မမ ပြမယ်"

မမလက်ကလေးတွေက နုနုလေးတွေတဲ့။ တွယ်ယာရယ်… မင်းရဲ့စေတနာတွေက ငါ့အတွက် ဝေဒနာတွေကို ခြံခတ်ထားသလို ဖြစ်ရဦးမယ် တွယ်ယာ။ ဒါပေမယ့် မမ ကျေနပ်ပါတယ်။ အဲဒီဝေဒနာ လေးတွေကိုပဲ တစိုက်မတ်မတ် ထွေးပိုက်ရင်း မင်းနဲ့ငါ…

"ဒီအချိန်က မနက်ဆိုတော့ ဒီအရှေ့ဘက်ထောင့်စွန်းမှာ ထားမယ်ကွာ…အဲဒါမှ နေရောင်ခြည်ရမှာလေ"

"ညနေဆိုရင်ရော မမ"

"ညနေရောက်ရင်တော့ အနောက်ဘက်ထောင့်စွန်းကို ရွှေ့မယ်လေ"

"ကရိကထတွေ ကြီးလိုက်တာ မမရာ"

"အိမ်မှာ လူတွေ အများကြီးပါကွာ…အဲဒီကိစ္စ ခေါင်းထဲ မထည့်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



မမရဲ့စိတ်ကူးလေးက တစ်မျိုးပါလား။ အေးလေ…ဝရန်တာမှာ ထားတာဆိုတော့ ဒီလောက်တော့ အလုပ်ရှုပ်ခံရမှာပေါ့။ တွယ်ယာ အိမ်မှာရှိတဲ့ရက်ဆိုရင်တော့ ဒီပန်းအိုးရွှေ့ပြောင်းရေးကိစ္စကို သူပဲ လုပ်ဖြစ်မှာပါ။

"ပြီးရင် အမောပြေ ကော်ဖီတိုက်မယ်နော်…သောက်မှာလား"

တွယ်ယာက ပြုံးလျက်–

"မမ တိုက်တာပဲလေ…အဆိပ်တိုက်ရင်တောင် ကျွန်တော်က သောက်မှာ"

"တွယ်ယာရယ်"

မချိုတင်ကဲ ညည်းညူသံက လည်ချောင်းဝမှာတင် ပျောက်ခုံး သွားလေသည်။

"နေညိုချိန် နှလုံးသားကို
သံယောဇဉ်နဲ့ အဖျားမခတ်ပါနဲ့
ဒီဂရီမဲ့အချစ်တွေ
ငါ မင်းကို ပေးမယ်
မင်းရင်ထဲက ချစ်စကားတော့
နားကို ဝိတ်ထား…ငါ မကြားချင်ဘူး
အဲဒါ…ချစ်လို့…ချစ်လို့ပေါ့လေ…။"

ယယ်ယယ်ကတည်းက အနုပညာဆိုလျှင် ဟိုတစ်စ ဒီတစ်စ ဝါသနာပါသူမို့ ကဗျာလိုလို ဘာလိုလို တစ်ပိုင်းတစ်စလေးက စိတ်ထဲ မှာ ပေါ်လာသည်။ အချစ်နဲ့ အနုပညာဆိုတာ လင်နဲ့မယားလို အဲ





ဘမ်းတူယှဉ်ကာ လက်တွဲနေကြသည့် ဘဝကြင်ဖော်တွေဖြစ်မှာပါ။

"မမ စန္ဒရားတီးတာ အရမ်းနားထောင်လို့ကောင်းတာပဲနော်"

"တကယ့်စန္ဒရားဆရာကြီးတွေ အိပ်ပျော်နေရင်း တီးတာ လောက်ပဲ ရှိပါတယ်ကွယ်"

"မမကလည်း ပြောရောမယ်။ အိပ်ပျော်နေပါတယ်ဆိုမှ ဘယ်လိုလုပ်တီးမှာလဲ"

ကတ်ဖိုးကတ်ဖဲ့ ပြောရမလားဆိုသည့်သဘောနှင့် အကြင်နာက ချက်စောင်းထိုးလေသည်။ မှာထားသည့် ကော်ဖီခွက်တွေ ရောက်လာ သဖြင့် အကြင်နာက ကော်ဖီတစ်ခွက်ကို သူ့ရှေ့သို့ တွန်းပို့ပေးလေ၏။

"သောက်…ဒါ လုံးချော ဖျော်တာမို့လို့ အဆိပ်မပါဘူး။ မမ ကိုယ်တိုင် ဖျော်ပေးတဲ့အခါကျမှ မင်းသောက်ချင်တဲ့အဆိပ် ထည့်ပေး မယ်"

"အဟွန်း"

သူ့စကားနှင့်သူမို့ ရယ်လိုက်မိသည်။ လုံးချောကလည်း ပြုံးစိစိ နှင့် မီးဖိုထဲသို့ ပြန်ဝင်သွားလေ၏။

"မင်းရော အနုပညာထဲမှာ ဘာကို ဝါသနာပါလဲ"

"ကျွန်တော်လား"

"အင်း"

"သီချင်းဆိုတာတော့ ဝါသနာပါတယ်"

"ဘာလဲ…တေးသားဆိုတော့ မယ်ဒလင်ကြီး တစ်ဒေါင်ဒေါင် နဲ့ ဆိုတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အာ…မမကလည်း မယ်ဒလင်ခေတ်က ကုန်သွားပြီလေ
ဂစ်တာနဲ့…ဂစ်တာနဲ့…ဂစ်တာတီးပြီး ဆိုကြတာ"

"ဒါဆို မင်းက ဂစ်တာတီးတတ်တယ်ပေါ့"

"အင်း…သူငယ်ချင်းတွေက သူ့ဗွေးသားတွေဆိုတော့ ညဖ
စောင်းဆို ရွာထိပ်မှာ အဖွဲ့လိုက်ထိုင်ပြီး ဆိုကြတာ။ ကျွန်တော်လည်း
သူတို့သင်ပေးလို့ ဂစ်တာကို တီးတတ်သွားတာလေ"

တွယ်ယာဆိုတဲ့ တောသားလေးကို ဂစ်တာတီးတတ်လိမ့်မယ်လို့
အကြင်နာ ထင်မထားခဲ့။ အင်းလေ…ခေတ်တွေက တိုးတက်လာပြီ
ပဲဟာ။ ခုဆိုရင် တွယ်ယာတစ်ယောက် တောသွေးတွေပျောက်လို့
တကယ့်မြို့သားကြီးတွေနှင့် တန်းတူလူရာဝင်ဆန့်နေပြီလေ။ အရာရာ
ပြောင်းလဲခဲ့ပြီပဲ။ အင်း…မပြောင်းလဲတာဆိုလို့ စကားမပီတာ
ရှိတယ်။

နယ်ဘက်ကဆိုတော့ ခပ်ဝဲဝဲလေး ပြောဆိုတတ်တာကို
နားထောင်ကောင်းပြီး ချစ်စဖွယ်ဖြစ်နေတာ။

"မမ ငယ်ငယ်တုန်းကတီးတဲ့ဂစ်တာ ရှိတယ်။ သိမ်းထား
လေ…အဲဒါ မင်းကို ပေးမယ်။ မင်း အပျင်းပြေတီးလို့ရတာပေါ့"

"ဟာ…မမ တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဝမ်းသာလိုက်တာ မမရာ"

"ခဏနေဦး…မမ သွားယူပေးမယ်"

အကြင်နာ ထသွားလေလျှင် တွယ်ယာတစ်ယောက်တည်း





တက်ကူးယဉ်ပြီး ပျော်နေမိသည်။ သူ့ရင်ထဲမှာ ခံစားနေရတဲ့ ခံစားချက်
တွေကို ဂစ်တာလေးနဲ့ ကြွေးကြော်ထုတ်ဖွင့်ခွင့်ရတော့မည်။

ကျေးဇူးတင်ပါတယ် မမရယ်…

အရာအားလုံးအတွက် ဘဝနဲ့ရင်းပြီး ကျွန်တော် မမကို ကျေးဇူး
ဆပ်ပါ့မယ်။ မေတ္တာမိုးမရွာတဲ့ မမဘဝရဲ့ နွေကန္တာရလွင်ပြင်ကျယ်
ကြီးထဲကို ကျွန်တော် မိုးစက်ပွင့်လေးတွေအဖြစ်နဲ့ တိုးဝင်ခဲ့ပါရစေနော်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

"You are my life and my world."

ဖိနပ်ဗူးပေါ်မှာ ကပ်ထားသော ထိုစာတန်းလေးကြော[င်း] ဦးထွန်းတောက်နှင့်လောင်းပု အကြည့်ချင်းဆုံသွားကြလေသည်။ 'မင်းဟာ ကိုယ့်ဘဝ၊ ကိုယ့်ရဲ့ကမ္ဘာ' ဆိုတာ အကြင်နာ့ကို ရည်ညွှ[န်း] ထားတာ။ ဖိနပ်ဗူးလေးကလည်း အကြင်နာ ဝယ်ပေးထားတဲ့ ဖိနပ်ဗူ[း] လေးတဲ့။ အကြင်နာကတော့ ဖိနပ်ဗူးလေးကို မျက်တောင်မခတ်[တမ်း] ငေးစိုက်ကြည့်နေ၏။

"ဒီကောင် ဒီဗူးလေးကို ညဘက်ညဘက် ညတိုင်းလိုလို ထု[တ်] ကြည့်နေတာဖြစ်လို့ ဆရာနဲ့ အကြင်နာ့ကို ကျွန်တော် ခေါ်ပြတာ[ပါ] ကျွန်တော် စိုးရိမ်တာက ကျွန်တော်တို့ ကောင်လေးရဲ့ရင်ထဲ[က] အက်ဆစ်လောင်းထည့်ပေးလိုက်သလို ဖြစ်နေမှာစိုးလို့ပါ ဆရာ"



"အဲဒီလိုဖြစ်မယ်မှန်းသိရင် ဧါ အစကခေါ်မလာပါဘူးကွာ"

ဦးထွန်းတောက် သူ့ တွယ်ယာကို ခေါ်လာမိတာမှားပြီဟု နောင်တရနေမိသည်။ သူတို့မိသားစုရဲ့ ရှုပ်ထွေးလှတဲ့ ပြဿနာကြီးငယ် အသွယ်သွယ်ကြားမှာ ကောင်လေးကို ဘာမှမထိခိုက်၊ မနစ်နာစေချင်တာ သူတို့ရဲ့စေတနာ။

"လေးလေးထွန်းတို့ ဘာလုပ်ကြမလဲ အကြင်နာ"

အကြင်နာ လေးလေးထွန်းကို မျက်လွှာပင့်ကြည့်ပြီးမှ ပြန်ငုံ့ကျသွားလေသည်။

"ဘာလုပ်ရမလဲ ဆရာရယ်...ကောင်လေးကို တောပြန်လွှတ်လိုက်...ပြီးတာပဲ"

"စကားကို အဲဒီလို လက်လွှတ်စပယ် မပြောနဲ့လေ လောင်းပုရဲ့၊ ကောင်လေးခမျာ ပညာရေးတစ်ပိုင်းတစ်စနဲ့ ဖြစ်သွားမှာပေါ့။ ပြီးတော့ ဘာအပြစ်မှမရှိဘဲ ဘလိုင်းကြီး ပြန်လွှတ်လိုက်မှ သူ ပိုခံစားသွားရမှာကို ထည့်တွက်ဦး"

"လေးလေး"

"ပြောလေ...ကလေး"

"လေးလေးကို အကြင်နာ တစ်ခုလောက် တောင်းဆိုချင်တယ်"

"တစ်ခုမဟုတ်ဘူး...ကလေး ကြိုက်သလောက် တောင်းဆိုပါ။ ကလေး စိတ်ချမ်းသာမယ်ဆိုရင် လေးလေး ဘာမဆိုလိုက်လျောဖို့ အသင့်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အကြင်နာ့မျက်ဝန်းမှာ နှစ်ပေါင်းများစွာ ပုန်းခိုနေတဲ့ မျက်ရည်ဥ တွေက ခေါင်းပြူ၍ ချောင်းကြည့်လာခဲ့ပြီ။ ဒါ ဘာအတွက်ကြောင့် ကျတဲ့ မျက်ရည်စက်တွေလဲ။ တွယ်ယာရယ်…မင်းသာ ငါ့ရင်ထဲကို တိုးဝင်မလာခဲ့ဘူးဆိုရင် ငါ့မျက်ဝန်းမှာလည်း မျက်ရည်တွေ အလည် ရောက်ခွင့်ရမှာ မဟုတ်ဘူးနော်။

"ကလေး"

"အကြင်နာ ပြောမှာပါ လေးလေး"

ဦးထွန်းတောက်နှင့်ကိုလောင်းပု အကြင်နာ့မျက်နှာကိုသာ ခပ်ဆွေးဆွေးလေး ကြည့်နေကြ၏။

"လေးလေးတို့ အကြင်နာကို ချစ်သလို တွယ်ယာ့ကို ချစ်ကြပါ။ အကြင်နာ့ကို ဂရုစိုက်သလို သူ့ကိုလည်း ဂရုစိုက်ပေးကြပါနော်"

"ကလေး"

"အကြင်နာ"

"အကြင်နာ တောင်းပန်ပါတယ်။ အကြင်နာရဲ့ရင်ဘတ်ထဲမှာ ရှိတဲ့နှလုံးသား၊ အကြင်နာရဲ့ခွန်အား၊ အကြင်နာရဲ့အချစ် ဒါတွေအားလုံး ကို အကြင်နာ သူ့ဆီမှာပဲ ပုံအပ်ထားခဲ့ပါရစေ။ အကြင်နာ ထွက်သွား တဲ့အခါ သူဟာ အကြင်နာရဲ့ ကိုယ်ပွားလေးအဖြစ် ရပ်တည်ပြီး ကျန်နေစေရမယ်။ ဒါ အကြင်နာရဲ့ ဆုံးဖြတ်ချက်ပဲ"

"နင် ဘာတွေလျှောက်ပြောနေတာလဲ အကြင်နာရယ်"

"အကြင်နာ အားလုံးနဲ့ ခွဲခွာရတော့မှာမို့ မခံစားနိုင်လို့ သွေးရူး သွေးတန်း လျှောက်ပြောနေတာ မဟုတ်ဘူး ကိုလောင်းပု…အကြင်နာ



ရှင်းရှင်းပဲ ပြောမယ်။ အကြင်နာလည်း သူ့နဲ့ ထပ်တူထပ်မျှပဲ သူ့ကို အကြင်နာ ချစ်တယ်"

"ဟင်"

"ဟာ"

ကျွန်ုပ်ကိုက်ပါတယ်ဆိုမှ ပေါက်ပြဲသွားသေးလားလို့ မေးရမလို ဖြစ်နေပြီ။ ယောက်ျားတွေကို မုန်းတယ်ဆိုပြီးမှ ယောက်ျားတစ်ယောက် ကို ချစ်မိပြီဆိုတော့ အကြင်နာ မျက်ရည်တို့ ပြိုကျကုန်ပြီထင်ရ၏။

"အားလုံး ဒုက္ခတွေများကုန်တော့မှာပဲ ကလေးရယ်… လေးလေးတို့က ကလေး ခံစားရမှာကို မကြည့်ရက် မမြင်ရက်ဘူး လေ"

"လေးလေးတို့ရဲ့စေတနာတွေ၊ မေတ္တာတွေကို အကြင်နာ နားမလည်လို့ ပြောနေတာ မဟုတ်ပါဘူး။ လေးလေးရယ် ဘယ်သူ့ ဆို မရှိမသေ ကန့်တော့နော်။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်ချစ်တဲ့သူနဲ့ တစ်စက္ကန့်၊ တစ်မိနစ်ပဲဖြစ်ဖြစ် လက်တွဲပြီး ကြည်နူးခွင့်ရရင် အဲဒီ အခွင့်အရေးလေးဟာ ချစ်သူတွေအတွက် အသက်ရှည်ဆေးတစ်မျိုးပါ လေးလေးရယ်…အဲဒီလိုအချိန်မျိုးလေးတွေ အကြင်နာ့ကို ပေးသနား ကြပါနော်"

"ကလေးရယ်"

"ဖြစ်မှဖြစ်ရလေ အကြင်နာရာ"

မချိတင်ကဲ လေသံတွေနှင့် ဦးထွန်းတောက်ရော ကိုလောင်းပုပါ အကြင်နာ၏လက်ဖျားလေးတွေကို တစ်ယောက်တစ်ဖက် ဖျစ်ညှစ်

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားလေ၏။ ငယ်စဉ်လေးကတည်းက ဒီကလေးဟာ ကံမကောင်းခဲ့ရှာပါလား။ စိတ်ချမ်းသာမှုဆိုတာ သူ့ဘဝလေးမှာ လုံးဝ မရှိခဲ့သလို နာကြည်းချက်တွေ ပြည့်နှက်နေတဲ့ ရင်ဘတ်ဟာ ဒဏ်ရာတွေ ယောင်ကိုင်းလာတာနှင့်အမျှ သူမဟာ ကျားနာမလေး တစ်ကောင်လို ဖြစ်ခဲ့ရှာသည်။

ထောင်ကထွက်လာတော့မှ မိုက်နောင်တတွေကို ထုပ်ပိုးရွက်ယူရင်း ခုလို ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေး ဖြစ်ခဲ့ရတာ။ ဒါတောင် ယောကျ်ားတွေနဲ့ပတ်သက်ပြီး တစ်ခါတစ်ခါ ထပြီး သောင်းကျန်းတတ်သေးသည်။

"သူ့ကို ဒီမှာပဲ ဆက်နေခွင့်ပေးလိုက်ပါ။ သူမရှိတဲ့နေရာမှာ အကြင်နာ အသက်ဘယ်လိုဆက်ရှင်ရမလဲ"

"ကလေးရဲ့ဆန္ဒဟာ လေးလေးတို့ရဲ့ဆန္ဒပါပဲကွယ်"

"ကျေးဇူးတင်ပါတယ် လေးလေးရယ်"

အကြင်နာ သူမလက်ကို တွေးဆုပ်ထားကြသော လက်တွေကြားမှ ရုန်းထွက်၍ ထလာခဲ့သည်။ စိတ်တွေက လေးလံထုံထိုင်းနေပေမယ့် ခြေလှမ်းတွေက ရှိသမျှအင်အားကို စုစည်း၍ ခြေဖဝါးမှာ ထည့်ထားတာကြောင့် လျင်မြန်သွက်လက်နေသည်။

ဒီခြေလှမ်းတွေ၏ မောင်းနှင်အားက နှင်းဆီအဖြူတွေနားသို့ ရောက်လျှင်ဖြင့် အရှိန်တွေ လျော့နည်းကာ ရပ်တန့်သွားလေ၏။ နှင်းဆီဖြူလေးတွေရယ် မင်းတို့သခင်ရဲ့ကိုယ်စား ငါ့ကို ချစ်စကားတွေ ပြောကြားပေးပါနော်။ မင်းတို့ရဲ့သခင်က တို့ကို ဖွင့်ပြောမှာမဟုတ်ဘူးကွ

တွယ်တာ…

မင်းကို ငါ ဘယ်လောက်အထိ သံယောဇဉ်တွေ တွယ်နေမိတယ်ဆိုတာ ငါ ပြောခွင့်ကြုံပါ့မလား။ နှင်းဆီဖြူလေးတွေရယ် မင်းတို့ရဲ့သခင်ကို ပြောပေးပါနော်။ မမအကြင်နာက တွယ်တာကို သိပ်ချစ်နေတယ်လို့။

"ပြောပေးမယ်…ပြောပေးမယ် စိတ်ချနော်။ တို့တွေက အောင်သွယ်တော်နှင်းဆီတွေလေ…တို့ရဲ့သခင်ကလည်း ပြောတယ်။ မမအကြင်နာကို အရမ်းချစ်တယ်တဲ့။ သူ မပြောရဲလို့ တို့ကို ပြောပေးပါတဲ့…အခု တို့ပြောတယ်နော်။ ရှေ့ဆို တို့တွေလည်း မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နေရတော့မှာ။ အဲဒီအခါကြရင် နင်တို့နှစ်ယောက် တို့ရှေ့မှာ သစ္စာဆိုပြီး ချစ်ကြောင်းတွေ သက်သေပြကြ…ကြားလား"

"အို"

နားထဲမှာ ကြားယောင်နေသောအသံတွေကြောင့် ရင်တစ်ခုလုံးလုံး လှိုက်ဖြာနွေးထွေးမှုတွေ စီးဝင်ဖြတ်သန်းခြင်း ခံလိုက်ရသည်။ စောစောက စကားပြောလိုက်တဲ့ နှင်းဆီလေးလား မသိဘူး။ လှုပ်တုတ်လှုပ်တုတ်ဖြစ်နေသော နှင်းဆီလေးကို အကြင်နာ မွေးကြူနမ်းရှိုက်ပစ်လိုက်သည်။ သူပြောသွားတာ ဟုတ်ပါရဲ့နော်။ ကြည့်စမ်း နှင်းဆီအဖူးလေးတွေ အများကြီးပဲ။ သြော်…ဒါက နှင်းဆီအဖိုနဲ့အမကြီးက နှစ်ကိုယ်ကြည်နူးချစ်ရည်လူးပြီး မွေးဖွားသန့်စင်ထားတဲ့ သားလေးတွေ၊ သမီးလေးတွေပေါ့။

"မမ…မမနဲ့မောင်လည်းလေ နှစ်ကိုယ် ကြည်ဖြူစွာ ဘဝ







www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ထူထောင်ကြပြီး နှင်းဆီတွေလိုပေါ့ သားသားလေးတွေ၊ မီးမီးလေးတွေ မွေးပြီး သိုက်သိုက်ဝန်းဝန်းနဲ့ ပျော်ပျော်ရွှင်ရွှင်နေကြရအောင်နော်။ မောင် မမကို အရမ်းချစ်တယ်သိလား။ မမလည်း မောင့်ကို ချစ်တယ်မဟုတ်လားဟင်"

"ချစ်တာပေါ့ မောင်ရယ်…မမလေ"

ချစ်သူရှိရာကို လက်ကမ်းပြီး အားယူ၍ ပြုံးပြလိုက်စဉ် ချစ်သူမောင်က သူမရှေ့မှာ ပျောက်ကွယ်သွားလေပြီ။ မောင်ရယ် မမလည်းလေ မောင်ပြောသလိုပဲ ဖြစ်ချင်ပါတယ်။ ဒါပေမယ့်လေ…

"မမ ဒီမှာ ဘဘကြီးဆီက ဖုန်းလာတယ်"

လုံးချောက သူမ၏လက်ထဲသို့ ဟန်းဖုန်းလေးကို ထည့်ပေးလေသည်။ အကြင်နာ ဟန်းဖုန်းကို ကြောက်လန့်နေသလို ကြည့်လိုက်၏။ ဒယ်ဒီဆီကဖုန်း။ တာဝန်နဲ့ဝတ္တရားအရတော့ နားထောင်ရပေဦးတော့မည်။

"ဟဲလို"

"သမီး…ဒယ်ဒီပါ"

"ပြောပါ"

"ရှေ့လထဲမှာ သမီးကို ဒယ်ဒီ ပြန်လာခေါ်မယ်ဆိုတာ သမီးသိတယ်နော်"

"ဟုတ်ကဲ့"

"သမီး အဲဒီကအလုပ်ကိစ္စတွေကို အပြီးလုပ်ထားဖို့ သတိပေးတာ"



"ဒါပဲမဟုတ်လား"

"အေး…ဒါပဲနော်"

အကြင်နာ မကြားချင်ဆုံးအသံ။ ဒယ်ဒီကို အကြင်နာ မုန်းတယ်သိလား။ လူမှန်းသိတတ်စအရွယ်ကတည်းက ဖခင်ရဲ့မေတ္တာကို နွေးထွေးစွာ ခိုလှုံခွင့်မရခဲ့တဲ့ သူမဘဝ။ စီးပွားရေးဆိုတဲ့အကြောင်းပြချက်နဲ့ အပြင်မှာ မိန်းမတွေနဲ့ ခြေရှုပ်ခဲ့တဲ့ ဒယ်ဒီ။ အိမ်ပြန်လာတော့ မာမီကို ရန်လုပ်။ မာမီနဲ့အကြင်နာ ငိုခဲ့ရတဲ့ရက်တွေ လက်ချိုးရေတွက်လို့ မရနိုင်အောင်ဖြစ်လာတော့ အဲဒီကနေစပြီး ယောကျ်ားတွေကို အကြင်နာ မုန်းခဲ့တာ။

အကြင်နာ ဟန်းဖုန်းကို လွှင့်ပစ်လိုက်ပြီး နှင်းဆီဖြူလေးတွေအနားမှာ တသိမ့်သိမ့် ရှိုက်ငိုမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

“မာယ်…နှင်းဆီပွင့်အဖြူလေးတွေ လှလိုက်တာ”

ပတ်ဝန်းကျင်၏အလှတရားကို စိန်ခေါ်၍ တက်ညီလက်ညီ ဖူးပွင့်နေကြသော နှင်းဆီဖြူလေးတွေကို မြင်ရတော့ ကြိုး လက်ခုပ်တီးပြီး ပန်းအိုးနားသို့ ပြေးကပ်လာခဲ့မိသည်။ ကျန်တဲ့အရောင်တွေက ပေါ်များနေပေမယ့် နှင်းဆီဖြူလေးတွေက ရှားပါ့။ ဒီအပင်ကို ဘယ်သူ ပျိုးထားတာပါလိမ့်။ အရင်က မတွေ့မိပါဘူး။

လှပသော နှင်းဆီဖြူလေး၏ သွေးဆောင်ဖြားယောင်းမှုကြောင့် ကြိုး စိတ်ကိုမထိန်းနိုင်တော့ဘဲ ခူးဖို့ရာ လက်လှမ်းလိုက်စဉ်-

“ကြိုး”

“ဟင်”



လက်ကလေးတွန့်သွားပြီး နောက်သို့လှည့်ကြည့်လိုက်တော့ ကြိုးကို ရှုတည်တည်မျက်နှာထားနှင့် ကြည့်နေသော ကိုကို့ကိုယ် မြင်လိုက်ရသည်။

“ကိုကို”

“မင်း အဲဒါဘာလုပ်တာလဲ”

“နှင်းဆီပွင့်လေးတွေက လှလို့ ခူးမလို့လေ”

“ဘယ်သူ့ရဲ့ခွင့်ပြုချက်နဲ့ ခူးမှာလဲ”

“ကိုကိုကလည်း ကိုယ့်အိမ်မှာရှိတဲ့ ပန်းပင်ပဲဟာ…ဘယ်အချိန် ခူးခူး ဘယ်သူ့ခွင့်ပြုချက်ကို ယူနေရဦးမှာလဲ”

တွယ်ယာ သူမဆီသို့ လျှောက်လှမ်းလာခဲ့ပြီး ခပ်စူးစူးလေး ကြည့်ပစ်လိုက်၏။

“ဒီမှာ ကြိုး”

“ဟင်”

“ဘယ်ပစ္စည်းမဆို တစ်အိမ်တည်းပဲဖြစ်ဖြစ်၊ လူတစ်ကိုယ်တည်းမှာပဲဖြစ်ဖြစ် ဘယ်လက်က ညာလက်ချောင်းကို မပိုင်သလို ညာလက်ကလည်း ခေါင်းက ဆံပင်ရဲ့ပိုင်ရှင် မဟုတ်ဘူး။ သူ့နဲ့ဆိုင်ရာ ဆိုင်ရာ ပိုင်ရှင်တွေရှိတယ်ကွ။ ခွင့်မတောင်းဘဲယူရင် ခိုးတာနဲ့ အတူတူပဲ”

“ဘာ”

ကြိုး စိတ်က တင်းကနဲ ဖြစ်သွားလေ၏။ ပန်းလေးတစ်ပွင့် ခူးတာများ ဘာဖြစ်သွားမှာမို့လို့လဲ။ ဒီလောက် ကြီးကြီးကျယ်ကျယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောနေလိုက်တာ။

"ဒါဆို ဒီပန်းအိုးရဲ့ပိုင်ရှင်က ဘယ်သူလဲ"

"မူလပိုင်ရှင်က ငါပဲ"

"ကိုကိုက မူလပိုင်ရှင်ဆိုတော့ မူပိုင်အရှင်သခင် ရှိသေးတယ်ပေါ့"

ငေါ့သလို မေးလိုက်မှန်းသိပေမယ့် အဖြေက လျှာဖျားပေါ်မှာ အဆင်သင့်ပဲလေ။

"ရှိတယ်…ဒီပန်းအိုးကို ငါ မမအတွက် လက်ဆောင်ပေးထားတာ…နင် ရှုးခွင့်မရှိဘူး"

ကြိုး ရင်ထဲသို့ လက်ပစ်ဖုံးကို ပစ်သွင်းပေးလိုက်သည့်နှယ်၊ ဘယ်လိုဖြစ်ရတာလဲ ကိုကိုရယ်။ ကြိုးကတော့ သူ့ကို ချစ်လိုက်ရတာ။ သူကတော့ ကြိုးကို ဂရုမစိုက်ဘဲ အန်တီ့ကို ပန်းအိုးတွေ ဘာတွေ လက်ဆောင်ပေးလို့ပါလား။

"ဒီမှာ ကိုကို"

"ဘာလဲ"

"ကိုကိုက ကြိုးကိုတော့ ပန်းအိုးလက်ဆောင်မပေးဘဲ အန်တီ့ကိုပေးတာ ဘာသဘောလဲ"

"ဟ…ဒါ ငါ့စိတ်နဲ့ငါ့ကိုယ်လေ…ငါကိုယ်တိုင် တယုတယနဲ့ ပျိုးတဲ့ပန်းပင်ကို ငါ ပေးချင်တဲ့သူကို ပေးမှာပေါ့"

"မပေးရပါဘူး…ကြိုးကိုမှမပေးဘဲ…ကိုကို ဘယ်သူ့ကိုမှ လက်ဆောင်ပေးစရာမလိုဘူး"



"ကျွတ်"

တွယ်ယာ စိတ်ပျက်စွာပင် ကြိုးကို မျက်မှောင်ကုတ်၍ ကြည့်လိုက်၏။ မင်း ဘယ်လိုမိန်းကလေးလဲ ကြိုးရယ်။

"မင်း ဘာတွေ လာပြောနေတာလဲ ကြိုး"

"အရှင်းကြီးပါ ကိုကိုရဲ့…ကြိုး…ကိုကို့ကို ဘယ်လောက်ချစ်ခဲ့ရလဲ သိလား…ကိုကိုကတော့ ကြိုးကို ဂရုမစိုက်ဘူး။ အဲဒါကိုပဲ ကြိုး ရင်နာတာ"

"ရင်နာရအောင် မင်းရဲ့ရင်ဘတ်ကို ငါက လာရိုက်နေတာမှ မဟုတ်ဘဲကွ"

"ရိုက်တာထက် ပိုနာရတယ် ကိုကိုရဲ့…ကြိုး…ကိုကို့ကို ချစ်သလောက် ကြိုးကို ကိုကို မခင်တွယ်ဘူး။ ကြိုး ကိုကို့ကို အရမ်းချစ်တယ်"

"ဟော့…ဟော့"

လှူကြားလို့မှ မသင့်တော်ပါလား။ မိန်းကလေးက ယောကျ်ားလေးကို ရည်းစားစကားပြောသတဲ့။ ဒါ မြန်မာမိန်းကလေးတွေရဲ့ ကျင့်ထုံးမှမဟုတ်တာ။ ဒါကြောင့် တွယ်ယာ လက်တွေ ကိုးရိုးကားရားလုပ်ပြီး တားနေရတာပါ။

"ဒါ မြန်မာပြည်ကွ…အနောက်နိုင်ငံ မဟုတ်ဘူး"

"အို…အဲဒါတွေ ကြိုး မသိဘူး။ ကြိုး…ကိုကို့ကို ချစ်တာပဲ သိတယ်။ ကိုကို ကြိုးကို ပြန်ချစ်ရမယ်။ ပြန်ချစ်ပါနော်…ကိုကို…နော်လို့"

www.burmeseclassic.com

www.burmeseclassic.com



ကြိုး အရူးတစ်ယောက်လို တတွတ်တွတ်ဆိုရင်း တွယ်ယာ ခါးကို အတင်းဝင်၍ ဖက်ထားလေလျှင်...

"ဟာ...ကြိုး...သူများတွေ မြင်ကုန်မှဖြင့် ကိုယ်ကျိုးတွေ နည်းကုန်တော့မှာပဲ...ဖယ်စမ်း"

"မဖယ်ဘူး...ကိုကို...ကြိုးကို ချစ်တယ်လို့ပြော"

"မပြောဘူးကွာ"

တွယ်ယာ ကြိုးကိုယ်ခန္ဓာကို ပခုံးမှကိုင်၍ ခပ်ကြမ်းကြမ်း ဆွဲခွာ ပစ်လိုက်သည်။

ပြီး သူမ မျက်နှာကို စိမ်းစိမ်းကြီး စိုက်ကြည့်ပစ်လိုက်၏။

"ဒီမှာ ကြိုး...အချစ်ဆိုတာ လိုချင်တိုင်း ပေးလို့မရဘူးကွ။ အဲဒါကို မင်း နားလည်ရဲ့လား။ မင်းကို ငါ မချစ်ဘူး...သိလား"

ပြောပြီး ခပ်ဆောင့်ဆောင့်လေး တွန်းပစ်လိုက်သည်။

"ကိုကို"

ကြိုးပုံစံက တွယ်ယာကို စားတော့ဝါးတော့မတတ်။ မရဘူး လေ။ ကြိုးက လိုချင်တာကိုရမှကို ကျေနပ်တာ။ ပြီးတော့ ကြိုးလို နုနုရွရွ လှလှပပနဲ့ ငယ်ရွယ်သူက အနိတ်ကို အရှုံးပေးရမှာတဲ့လား။ ဝေးသေး။ မြားတစ်စင်းနဲ့ ငှက်နှစ်ကောင်ကို ကြိုး ရအောင်ပစ်ရမယ်။ ကိုကို့ကိုလည်း ပိုင်ဆိုင်ရမယ်။ အနိတ်နှလုံးသားတွေကိုလည်း တစ်စ တစ်စစီဖြစ်အောင် ချေမွပစ်ပြီး လက်စားချေရမယ်။

"အဟင်း...ကိုကိုတော့ အနိတ်ရဲ့မာယာညွှတ်ကွင်းထဲမှာ ပဒိုင်းသီးကြီး မျိုချပစ်တော့မယ်ထင်တယ်။ ထားလိုက်စမ်းပါ ကိုကို





ရာ...အနိတ်က ကိုကို့ထက် အသက်ကြီးတာကို နောက်ဆယ်နှစ် ဆောက်ဆို အိုသွားမှာကြီးကိုများ"

"တော်စမ်း...ကြိုး...မင်း ထင်ရာတွေ လျှောက်ပြောမနေစမ်း နဲ့...မမက မင်းထက် အများကြီး ဖြူစင်ရိုးသားတယ် သိလား"

"ဟား...ဟား...ဟား...ရိုးသားတယ်ဟုတ်လား...ဟား... ဟား...ဟား"

လက်ခုပ်လက်ဝါးတီးကာပင် ကြိုးတစ်ယောက် ဟက်ဟက် ပက်ပက်ကြီး ရယ်မောနေသည်။

"ရိုးသားတယ်တဲ့...ဟင်း...ကာမပိုင် မယားကြီးရှိတဲ့လူကို ခယာတွေနဲ့ မြှူဆွယ်ပြီး အလိုမကျတော့ သတ်ပစ်လိုက်တာလေ။ သူများလင်ကိုလည်း ကြောင်တောင်နိုက်သေးရဲ့...ပစ္စည်းတွေကို လည်း အပိုင်သိမ်းပြီးတော့ ကြိုးရဲ့အုပ်ထိန်းသူဆိုပြီး အသံကောင်းဟစ် နေတာ ရိုးသားတာလား။ ဒေါ်အကြင်နာခွေရဲ့ နောက်ကြောင်းရာဇဝင် ကို နည်းနည်းပါးပါးများ စုံစမ်းပါဦးလား ကိုကိုရယ်"

"မင်း မဟုတ်တာတွေ လျှောက်မပြောနဲ့နော်...ကြိုး...ငါ မမရဲ့ ကိုယ်ကျင့်တရားကို ယုံကြည်တယ်။ အိုကွာ...သူ အတိတ်က ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့..."

ဆက်ပြောမည့်စကားက သူနှင့်မမကို ဝေးကွာသွားအောင် ဖန်တီး ပေးမယ့် အသွားမဲ့ဓားမို့ ပါးစပ်ဖျားက စကားကို ခေါင်းခါ၍ နှင်ထုတ် လိုက်ရ၏။ ကျွန်တော်တော့ ရူးချင်နေပြီ မမရေ။ ကြိုးဆိုတဲ့ မိန်းကလေးက မထင်မှတ်ဘဲ မမနဲ့ကျွန်တော့်ကြားမှာ စည်းထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြားစေလိုတဲ့ ကြိုးဖြစ်နေပြီ မမ။

"ခွင့်လွှတ်ခြင်းနဲ့ ချစ်နေမယ်ပေါ့လေ…ဟုတ်လား…ကိုကို"

"ကြိုး…မင်းပါးစပ်ကို ပိတ်ထားတာ ကောင်းလိမ့်မယ်နော်"

"မပိတ်နိုင်ဘူး"

အချစ်ကို အပြစ်လိုမြင်ပြီး စေတနာကို အမေရှာသလို စမ်းတဝါး ဝါးလုပ်နေတဲ့ ဒီယောကျ်ားကိုမှ ကြိုးကလည်း ချစ်မိနေပြီ။ ရာဇ လက္ခဏာလို လေးတော်တင်ပြီး ပြိုင်ပွဲဝင်ရမယ့် မိန်းမရာဇ လက္ခဏာ ရာဇဝင်မှာ ကြိုးကတော့ လက္ခဏာလို အရှုံးမပေးနိုင်ပါ။ အန်တီ့ကိုနိုင်ရမှ ကြိုး ကျေနပ်နိုင်မယ်။

"စဉ်းစားပါဦး ကိုကို…ကြိုးကတော့ ကိုကို့အချစ်ကို ကြိုး မပိုင်ဆိုင်ရရင် အန်တီလည်း မပိုင်ဆိုင်စေရဘူး။ ကိုကိုပေးတဲ့ ဒီလက်ဆောင်ပန်းအိုးထဲက ပန်းတွေကိုလည်း ကြိုးမှ မပန်ရရင် အန်တီလည်း မပန်စေရဘူး…သိလား"

ပြောရင်းမှပင် ကြိုး နှင်းဆီဖြူပန်းအိုးကို မနိုင်မနင်းနှင့် ဆွဲ နေတော့သည်။ ဒီပန်းအိုးမရှိမှ အေးမှာ။ ဟင်း…ကိုယ်လိုတာကို မရ တော့ ငိုပြနေစရာလည်း မလိုဘူး။ ဖျက်ဆီးပစ်လိုက်ရုံသာ။

"ကြိုး…မင်း မလုပ်နဲ့နော်"

တွယ်ယာ စကားကို ကြိုးက နားမထောင်။ ပန်းအိုးကြီးကိုသာ မရမက ဆွဲမနေတော့၏။

"ကြိုး…မလုပ်နဲ့လို့ ငါ ပြောနေတယ်နော်။ ပန်းအိုးကို ချပြီး လိုက်စမ်း"





"မချဘူး…ကြိုး ပန်ခွင့်မရတဲ့ပန်းတွေ ဖျက်ဆီးပစ်ရမှ ကြိုး ကျေနပ်မယ်"

"ကြိုး"

"မသိဘူး…မပြောနဲ့"

"ဟာ"

ချစ်သူအတွက် အသည်းနှလုံးကို မြေဇာထည့်ပြီး ချစ်ခြင်းလက် ဆောင်ပို့ခဲ့ရသော မေတ္တာပန်းတွေ၊ သစ္စာပန်းတွေကို ပိုးကိုက်မှာစိုးသော ကြောင့် ဒေါသတွေက အထွတ်အထိပ်သို့ရောက်ကာ သူမကိုရိုက်ရန် ဘက်ရွယ်လိုက်စဉ် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလျက် သူ့ကို ငေးကြောင် ကြည့်နေသော သိုးငယ်တစ်ကောင်၏ မျက်နှာထားမျိုးကြောင့် လက်ကို ပြန်ရုတ်သိမ်းလိုက်၏။

"ကိုကို"

"တောက်"

တွယ်ယာ တောက်ခေါက်သံက ပြင်းထန်သလို ကြိုး၏ ချက်ဝန်းကလည်း ချက်ချင်းပင် မီးဝင်းဝင်းတောက်နေခြင်းသို့ ကူး ပြောင်းသွားလေသည်။

"ဒီမှာ ကိုကို"

"ကြိုးဆိုတဲ့ မိန်းမကလေး ကိုယ့်ရဲ့ပြိုင်ဘက်ကို ဘယ်တော့မှ အရှုံးမပေးတတ်ဘူး သိလား…ကြိုးရဲ့အကြီးမားဆုံးပြိုင်ဘက်က ဒေါ်အကြင်နာချွေ ဖြစ်သွားပြီ။ ကြိုး ဘယ်တော့မှ အရှုံးပေးလိမ့်မယ် ထင်နဲ့။ ကြိုး…ကိုကို့ကို ရအောင်ယူပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း…တကယ်ရော ချစ်တတ်လို့လား ကြိုး…အချစ်…အချစ်လို့ ကြွေးကြော်ပြီး လူမြင်ကောင်းအောင် အလံထောင်ပြီး စစ်ခံ မလာနဲ့။ စစ်မှန်တဲ့ မေတ္တာတရားရဲ့ရှေ့မှာ အဆိပ်လူးထားတဲ့ မြားတွေ ရှိတယ်။ မင်း သိရဲ့လား။ တကယ်တမ်းမှာ မင်း မချစ်တတ်သေးပါဘူး ကွာ"

ရယ်စရာတွေ ပြောနေတာလား ကိုတွယ်ယာမဲ့ရယ်။ ချစ်တတ်လို့ ပစ်မှတ်ကို ချိန်ရွယ်ပြီး ဆင်သေမှ အစွယ်ကိုရမယ့်အဖြစ်မျိုး ရှင် သိပ်မြတ်နိုးနေတဲ့ ဒေါ်အကြင်နာခြွေကို ကျွန်မက စိတ်ဆင်းရဲ သေအောင် လုပ်နေတာ ရှင် သိရဲ့လား။ ရှင် သူ့ကို ချစ်နေသရွေ့ ကျွန်မ သူ့ကို ဒုက္ခပေါင်းများစွာ ပေးနေဦးမှာ။ အဲဒါမှ ရှင်တို့ နှစ်ယောက်စလုံး ရင်ကွဲနာကျမှာလေ။

"သိပ်ချစ်တတ်တာပေါ့ ကိုကိုရယ်…ချစ်လွန်းလို့လည်း ကြိုး ကိုကို့ဆီက မေတ္တာတွေကို အသနားစာခံပြီး တောင်းနေတာပေါ့"

တွယ်ယာ ဟားတိုက်၍သာ ရယ်မောလိုက်ချင်တော့သည်။ မေတ္တာကို အသနားခံပြီး တောင်းနေတဲ့သူက ဓားပြတိုက်သလို မြဲ လားခြောက်လားနဲ့။

"မင်း သိပ်ပြီး တစ်ကိုယ်ကောင်းဆန်တယ် ကြိုး…နေစမ်း ဦး…မင်း ငါ့ကိုချစ်တာလား၊ မမကို အနိုင်ယူချင်တာလား"

"နှစ်ခုစလုံးပဲ"

"ငါ မင်းကို ပြန်ချစ်လာဖို့ ဘယ်တော့မှ မမျှော်လင့်နဲ့"

"ရပါတယ်…အဲဒီတော့လည်း ဖွတ်မရ ဓားမပါဆုံးပေါ့"





"မင်း"

သွေးအေးအေးနှင့် ရက်စက်တတ်မည့် ကြိုးလက်တွေက ပန်းအိုး လေးကိုပဲ ရန်စဖို့ ကြိုးစားပြန်လေ၏။

"ကြိုး…မင်း"

"ခွမ်း"

တားဆီးလိုက်ပေမယ့် အချိန်မမီတော့။ ကြိုးက ပန်းအိုးကို ခါးလောက်အထိ မနိုင်မနင်း မချီပြီး လွှတ်ချပစ်လိုက်၏။ ပြီး မချို ခချဉ်ပြုံးကာ–

"ဒါက Example ပေါ့ ကိုကိုရယ်…ဟင်း…ဟင်း"

"မင်း…ကဲကွာ"

"အ"

တွယ်ယာ ကြိုးပခုံးကို ကိုင်၍ တွန်းပစ်လိုက်သည်။ ကြိုး ခွေခွေလေး လဲကျသွားသည်ကို လက်ညှိုးထိုးလျက်…

"မင်းရဲ့အတ္တဝတ်ရုံအောက်မှာ ဖားတစ်ကောင်လို ပြားပြား မှောက်ပြီး ကြိမ်နဲ့အရိုက်ခံမယ့် ယောကျ်ားတွေထဲမှာ ငါ မပါဘူး ကြိုး…ငါ့မှာလည်း မင်းထက်မလျော့တဲ့ အတ္တတွေ၊ မာနတွေ ရှိတယ်။ အဲဒါကို မင်း မြဲမြဲမှတ်ထား"

ပြောပြီး တွယ်ယာ ကျကွဲသွားသော ပန်းအိုးထဲမှ နှင်းဆီဖြူပင် လေးကို တယုတယ ကိုင်ယူလျက် ကြိုးကို ကျောခိုင်းခဲ့လေပြီ။ အိုးအသစ်ဝယ်ပြီး ဒီနှင်းဆီပင်လေးကို ပြန်ပြီးပျိုးရမည်သာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

မင်းပြောတိုင်းလည်း×××ငါ ခေါင်းညိတ်မယ်×××မင်းနိုင်းတိုင်း ငါ ဖြင်းသလားကွယ်×××မင်းစိတ်ကြိုက်အကုန်ဖြစ်ရမယ် (ဒါဟာ မင်းလေးကိုချစ်လို့)၊ အို…အိုရေး×××မင်းရက်စက်ရင် ခွင့်လွှတ်မယ်×× ဆိုးလိုက်စမ်းပါ မင်းသဘောပဲ×××အရှုံးပေးလို့ လက်တွဲသွားမယ်××× ဒါဟာ မင်းလေးကိုချစ်လို့×××ဒါဟာ မင်းလေးကိုချစ်လို့×××ထားခဲ့ ရင်နေခဲ့မယ်×××မလိုက်နဲ့ဆို အမိန့်အတိုင်းပဲ×××အစကတည်းက အနိုင်မယူဘူး×××သိနားလည် မင်းလေးအတွက် အဖြည့်ခံပဲ××× ဒါဟာ မင်းလေးကို သိပ်ချစ်လို့×××ဒါဟာ မင်းလေးကို သိပ်ချစ်လို့××



ဂစ်တာသံကို နားထဲမှာ ကြားနေရသောကြောင့် ခြုံထားသော စောင်ကို ဖယ်ခွာ၍ ခြံထဲသို့ ဆင်းလာခဲ့သည်။ သီချင်းက 'ချစ်လို့' တဲ့။ အကြင်နာ ပြုံးလိုက်မိသည်။ ချစ်ပါမောင်…မောင်ချစ်သလောက် မမလည်း မောင့်ကို ချစ်နေပါတယ်။ အဲဒါကို ဘာကြောင့် မောင် မသိရတာလဲကွယ်။

"ရှပ်…ရှပ်…ရှပ်"

ခြေသံကြားသောကြောင့် တွယ်ယာ လှည့်ကြည့်လိုက်သည်တွင်

"ဟင်…မမ"

တစ်ခါမှ မမြင်ဖူးသေးသော အသွင်မို့ တွယ်ယာ တော်တော်လေး ငေးနေမိ၏။ ဖူးကျော့အောင် ဝဲဖြာနေသည့် မမရဲ့ဆံပင်ရှည်ကြီးတို့ ခုမှပဲ မြင်ခွင့်ရတော့သည်။ ဖြန့်ချထားသော ဆံပင်တွေက ဝဲကန်၊ မမဆံပင်တွေ ဒီလောက်ရှည်လိမ့်မယ်လို့ တွယ်ယာ ထင်မထားခဲ့ပေ။

"လာ…ထိုင်လေ မမ"

တွယ်ယာ တစ်ဖက်သို့ တိုးပေးလေတော့ မမက သူ့ဘေးမှာ ဝင်ထိုင်ရင်း-

"မမ…မင်းနဲ့ အေးအေးဆေးဆေး စကားပြောရအောင် ဆင်းလာခဲ့တာ"

"အပြင်မှာ အရမ်းအေးတယ် မမရဲ့"

"အေးတာပဲ ဘာဖြစ်လဲ…လူတွေက ပူလောင်တဲ့ဒဏ်ကိုသာ ခံစားနိုင်ကြတာပါ"

"အင်း…ဒါလည်း ဟုတ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာကို ဘေးသို့ချပြီး တွယ်ယာ လရောင်အောက်က မမ မျက်နှာလေးကို ငေးနေမိ၏။

"ဒီနွေည ရာသီဥတု အရမ်းသာယာတာပဲနော်။ ကောင်းကင်တစ်ခုလုံးမှာ ဘာတိမ်ခိုးတိမ်မျှင်မှ မရှိဘူး"

"အဲဒါကြောင့် လသာတာကို မြင်ရတာပေါ့ မမရဲ့...သီတင်းကျွတ်တော့မှာလေ...ဒီနေ့ သီတင်းကျွတ်လဆန်း ဆယ့်နှစ်ရက်"

"သီတင်းကျွတ်ဖို့ သုံးရက်ပဲလိုတော့တာပေါ့နော်"

"အင်း...ဝါကျွတ်တယ်လို့ ပြောရမှာလေ"

"အတူတူပါပဲကွာ"

အဝေးက ပျံလွင့်လာသော 'ဝါကျွတ်ချစ်သူ' သီချင်းသံကြောင့် နှစ်ဦးသား စကားမပြောဖြစ်ကြတော့ဘဲ နားစိုက်ထောင်နေမိကြသည်။ 'အဘိုးကြီး၊ အဘွားကြီးဖြစ်သော်လည်း ကြင်နာပါမယ် ချစ်ရယ်××× သက်ရယ်' ဆိုတဲ့ အပိုဒ်ကလေးကြောင့် အကြင်နာရင်မှာ တစ်ခုခု စူးရှသွားသည့်နှယ်။ အဲဒီလို ကြင်နာချင်ပါတယ်ကွယ်။ အဘိုးကြီး အဘွားကြီးဖြစ်တဲ့အထိ။ ဒါပေမယ့် အခြေအနေက...

"မမ"

"ဟင်"

"မမ သူတို့ကို အားမကျဘူးလားဟင်"

"ဘယ်သူတို့ကိုလဲ"

"ဝါကျွတ်ချစ်သူသီချင်းထဲက နှစ်ယောက်ကိုလေ"

"ဟင့်အင်း"



"မမ ညာနေတာ"

"တို့က ဘာကိုညာလို့လဲ"

"မမ သူတို့ကို အားကျနေပါတယ်"

"မင်း ဘာကိုကြည့်ပြီး အဲဒီလို ပြောနိုင်တာလဲ"

လရောင်အောက်က မျက်လုံးတောက်တောက်ကလေးကို တွယ်ယာက လိုက်ကြည့်လေလျှင်...အကြင်နာက အကြည့်ချင်းဆုံရမှာ မဝံ့ရဲသလို မျက်နှာလွှဲသွားလေ၏။ ဒါကိုပဲ တွယ်ယာက အမိအရ လိုက်ကြည့်နေလျှင်–

"တွယ်ယာနော်...မင်း ဘယ်လိုဖြစ်နေတာလဲ"

"ယောဗျာ...မမပဲ စောစောကပြောတယ်လေ။ ဟိုနှစ်ယောက်ကို အားကျတယ်ဆိုတာကို ဘာကိုကြည့်ပြီး ပြောတာလဲဆို။ အဲဒါကြောင့် သက်သေရှာနေတာ"

"တွေ့လား"

"အင်း...တွေ့တာပေါ့...မမရဲ့မျက်လုံးတောက်တောက်ကလေးတွေက သက်သေပဲလေ"

ကြံကြံဖန်ဖန် ပြောတတ်သော တွယ်ယာ့စကားကြောင့် အကြင်နာ ပြုံးမိပါ၏။ သူ့မျက်နှာပေါ်မှာ မြတ်နိုးခြင်းမိုးတိမ်တိုက်တွေ ဖုံးလွှမ်းနေပေမယ့် အခွင့်အရေးကို ရတိုင်းယူတတ်သူမဟုတ်ပေ။ အခုလည်း ကြည့်လေ။ လရောင်အောက်မှာ ကိုယ်ချစ်တဲ့မိန်းကလေးနဲ့ နှစ်ယောက်အတူရှိနေပါလျက် မရိုးသားသည့်စကားဟူ၍ ဟဟ[illegible] မဆိုချေ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစောင့်စည်းခြင်း အတတ်ပညာတွေကြောင့်ပဲ သူ့ကို အကြင်နာ လေးစားမြတ်နိုးခဲ့တာပဲ ဖြစ်သည်။

"တွယ်ယာ"

"ဗျာ"

"ပန်းအိုးအသစ်လဲထားတာလားဟင်"

"ဟုတ်တယ် မမရဲ့"

"အရင်အိုးက ဘာဖြစ်လို့လဲ တွယ်ယာရဲ့"

အမှန်အတိုင်း ဖွင့်ပြောလိုက်ရင် မမ စိတ်ညစ်သွားမှာပဲနော်။ လိမ်ညာခြင်းအတတ်ပညာကို မကျွမ်းကျင်ပေမယ့် ကျွန်တော် လိမ်ရဦးမယ် မမ။ မမမျက်နှာ ညှိုးမှာကို မမြင်ရက်လို့ပါနော်။

"ဟို...အရင်ပန်းအိုးကလေ"

"အင်း"

လက်ဝါးချင်းပွတ်၍ ဘယ်လိုညာရမလဲ စဉ်းစားရတာ အမြေးအလွှား။

"ပန်းပင်ကို စပြီးပျိုးတုန်းကတည်းက အိုးဆိုတော့ ရေညှိတွေတက်ပြီး ဟောင်းနေပြီလေ။ အဲဒါကြောင့် အိုးအသစ်လဲပေးထားတာပါ"

"အရင်အဟောင်းအတိုင်းထားလည်း ရတာပဲဟာ...ဘာလို့လဲရတာလဲ"

"ရေညှိတွေနဲ့လေ...မမရဲ့၊ ဟိုရွှေ့ဒီရွှေ့ လျှောပြီး လွတ်ကျရင် ဘယ်လိုလုပ်မလဲ"



"ပူတာတ်ရန်ကောကွယ်"

မမက လေသံအေးနှင့်ဆိုပေမယ့် ပန်းအိုးကိစ္စကို တွေးမိတိုင်း ဒေါသက ခြေကြွ ကြွလာသည်။ ကြိုး၏လုပ်ရပ်ကို သူဘယ်တော့မှ ခွင့်လွှတ်လို့ရနိုင်မှာ မဟုတ်ပေ။ ပြတ်တောက်သွားသောစကားစကို ပြန်ဆက်ဖို့ရာ အကြောင်းအရာတစ်ခုကို သတိရသွားမိလေ၏။

"သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ကျရင် ကျွန်တော့် သူငယ်ချင်းအိမ်မှာ အလှူရှိတယ် မမရဲ့။ မမ လိုက်ခဲ့ပါလားဟင်"

"ဘာအလှူလဲဟင်"

"ကျွန်တော့်သူငယ်ချင်းအောင်နိုင် ပဉ္စင်းစီးမှာလေ"

"ဩော်...ကျောင်းပိတ်ရက်မှာ ပဉ္စင်းစီးတာ ကောင်းတာပေါ့ ကွယ်။ မိဘတွေကို ရဟန်းဒကာ ဒကာမအဖြစ် ပို့ဆောင်ပေးတာ မိဘကိုလည်း ကျေးဇူးဆပ်ရာရောက်တာပေါ့။ ကိုယ်တိုင်လည်း အပါယ်စာ်ခါး ဝိတ်ရာရောက်တယ်လေ"

"မမရော ရဟန်းဒကာမ မဖြစ်ချင်ဘူးလား"

"ဖြစ်ချင်တာပေါ့ တွယ်ယာရယ်...ဒါပေမယ့်"

ဒါပေမယ့်ရဲ့နောက်မှာ အကြင်နာ ဦးနှောက်ထဲသို့ အတွေးတစ်ခုက ဖျတ်ကနဲ ဝင်ရောက်လာသဖြင့် တွယ်ယာ မျက်နှာကို မျှော်လင့်ချက်ရောင်ခြည်တန်းလေးဖြင့် ကြည့်လိုက်သည်။ လူတွေ သေဆုံးကြပြီဆိုရင် ကိုယ့်နောက်ကို ပါတာက ဒါနနဲ့သီလတဲ့။ ဒီအချက်ကို အကြင်နာ ဘာလို့မစဉ်းစားခဲ့မိပါလိမ့်။

"ဒါပေမယ့် ဘာဖြစ်လဲ ဆက်ပြောလေ မမ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောမှာ...ပြောမှာ စိတ်ချ"

အကြင်နာ့မျက်နှာလေးမှာ လရောင်နှင့်အပြိုင် ဝင်းပကြည်စင်နေတော့၏။

"ဟုတ်တယ် တွယ်ယာ ပြောသလိုပဲ မမလေ ပန်းဒကာမ ဖြစ်ချင်တယ်။ အဲဒါ တွယ်ယာ ကူညီမှဖြစ်မှာနော်"

"ကျွန်တော် ဘာကူညီရမှာလဲ မမ"

"မင်းက ပန်းစီးလေ၊ မမက ပန်းဒကာမ လုပ်မယ်၊ မကောင်းဘူးလား"

တွယ်ယာ မျက်နှာလေးကို ရှုံ့မဲ့၍-

"ပန်းစီးရင် ကတုံးကြီးတုံးရမှာပေါ့ မမရဲ့"

"ဘာဖြစ်လဲကွာ...ဒီဆံပင်က တစ်သက်လုံး ပြန်မပေါက်ဘဲနေတာမှ မဟုတ်တာ"

ဟုတ်တယ်။ အကြင်နာ လျှုရဦးမယ်။ သူမ စီးပွားရှေးနောက်ကိုပဲ သဲကြီးမဲကြီး လိုက်နေခဲ့တာ။ သူမသာ သေဆုံးခဲ့လျှင် ထိုရှာဖွေစုဆောင်းထားတဲ့ ဥစ္စာပစ္စည်းတွေကို သူမနောက်ကိုပါအောင် ဘာတစ်ခုမှ ယူလို့ရတာမဟုတ်။

ကိုယ့်နောက်ကိုပါမည့် အထုပ်ကို သူမ ထုပ်ရမည်။

"မင်း...မမကို ချစ်တယ်မဟုတ်လား"

လွှတ်ကနဲ ထွက်သွားသောစကား။ စိတ်လောခြင်းက တွယ်ယာကို လမ်းခင်းပေးသလို ဖြစ်သွားချေပြီ။ ခုမှတော့ မထူးတော့ပါဘူးလေ။ ပွင့်ပွင့်လင်းလင်း ရှိကြတာပဲကောင်းပါတယ်။ ဖြစ်ချင်တာတွေ



ကို မျိုသိပ်ရတာလည်း စိတ်တွေ မွန်းကျပ်လှပါတယ်။

"မမ...ကျွန်တော် ရင်ထဲက ခံစားချက်ကို သိနေတယ်နော်"

သူမ ခေါင်းညိတ်ပြတော့ တွယ်ယာ ထခုန်မတတ် ဖြစ်သွားလေ၏။

"ဝမ်းသာလိုက်တာ မမရယ်...ဟုတ်တယ်...ကျွန်တော် မမကို ချစ်တယ်"

"ဒါဆို မမ ယုံအောင် သက်သေပြ"

"ဘယ်လိုသက်သေပြရမလဲ"

"မင်း...မမရဲ့ပါရမီဖြည့်ဖက် လုပ်ပေါ့"

သွားတက်ကလေးတွေပေါ်အောင် ရယ်လိုက်သော သူ့ပုံရိပ်လွှာက အကြင်နာ့နှလုံးသားမှာ ဘယ်တော့မှ ပယ်ထုတ်၍ရတော့မည် မဟုတ်ပေ။

"ကောင်းပြီလေ...ကျွန်တော် မမရဲ့ ပါရမီဖြည့်ဘက်လုပ်ပြီး မမကို သက်သေပြမယ်။ မမ ကျေနပ်မယ်မဟုတ်လား"

"အင်း...ကျေနပ်တယ်"

ရယ်သံလေးများက လရောင်ကို ထိုးထွင်း၍ နေရာအနှံ့သို့ ကူးလူးယှက်နွယ်နေမည် ထင်ပါ၏။ သည်အပျော်တွေ ရင်ထဲမှာ ထာဝရ စီးဆင်းနေရင် သိပ်ကောင်းမှာပဲနော်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"အန်တီ"

အလူမီနီယံ အလုပ်စားပွဲပေါ်သို့ ပစ်တင်လိုက်သော နှင်းဆီဖြူ တစ်ခိုင်ကြောင့် အကြင်နာ အလန့်တကြားပုံစံနှင့် မော့ကြည့်လိုက်သည်။

"ကြိုး"

"ဟုတ်တယ်၊ အန်တီ့ကို ကြိုးစင်ပေါ်ကို တင်ပေးတော့မယ့် ကြိုးလေ"

"ကြိုး မင်း ဘာတွေလာပြောနေတာလဲ။ ပိုက်ဆံလိုရင်လည်း အေးအေးဆေးဆေး တောင်းလေကွာ"



"ဘာ...ပိုက်ဆံ...ဟုတ်လား"

ကြိုးအကြည့်တွေက တစ်မူထူးနေတာကြောင့် အကြင်နာ့စိတ်ထဲမှာ ထင့်ကနဲ ဖြစ်သွားရလေ၏။

"ကြိုး...ပိုက်ဆံလိုချင်လို့လာတာ မဟုတ်ဘူး အန်တီ... အန်တီနဲ့ စာရင်းရှင်းစရာရှိလို့"

"မင်းနဲ့ငါကြားမှာ ဘာစာရင်းရှင်းစရာရှိလို့လဲ"

"သိပ်ရှိတာပေါ့ အန်တီ...ဒီတစ်ခါပွဲက အန်တီနဲ့ကြိုးရဲ့ နှလုံးသားစီးချင်းတိုက်ပွဲပေါ့"

"ဩော်"

အကြင်နာ အေးအေးဆေးဆေးပုံစံနှင့်ပဲ ခေါင်းဆတ်ပြလိုက်သည်။

"ထိုင်...အေးအေးဆေးဆေး ရှင်းကြတာပေါ့"

"ကြိုး...အန်တီ့ရှေ့မှာ ခခယယ ထိုင်ပြဖို့လာတာ မဟုတ်ဘူး။ ကိုကို အန်တီ့ကို လက်ဆောင်ပေးထားတဲ့ နှင်းဆီဖြူတွေကို အန်တီ တစ်ခါမှ ခူးမပန်သေးဘူးမဟုတ်လား...ဟင်း...ဟင်း... အခု ကြိုးက အန်တီ့အရင် လက်ဦးအောင် ခူးလာတယ်ဆိုတဲ့ အကြောင်း လာပြတာ"

ကြိုးအသံက ထန့်တွေမာန်တွေ အပြည့်နှင့်ပါ။ စားပွဲပေါ်တွင် ကြိုး ပစ်တင်လိုက်သော နှင်းဆီခိုင်ကို အကြင်နာ ကောက်ယူ၍ ခပ်စိုက်စိုက်ကလေး ကြည့်လိုက်သည်။ တစ်ခိုင်တည်းမှာ ပန်းက နှစ်ပွင့်။ အကြင်နာ ပြုံးကာပင် နှင်းဆီခိုင်ကို လက်ညှိုးနှင့်လက်မ

www.burmeseclassic.com

www.burmeseclassic.com



ညှပ်ကိုင်၍ နှစ်ပတ်၊ သုံးပတ် ချာလည်လှည့်လိုက်ပြီး စားပွဲပေါ်သို့ ပြန်ချပစ်လိုက်သည်။

"ပြိုင်ပွဲဆိုရင်တော့ မင်း ရှုံးနေပြီ ကြိုး"

"ဘာ"

ကြိုး စားပွဲကို လက်ဝါးနှင့်ရိုက်ပြီး မတ်တတ်ရပ်လိုက်သည်။ အကြင်နာက ဘာကိုမှမမှုတဲ့ ဟန်ပန်ဖြင့်ကာ-

"ကိုယ့်လက်ထဲကို ကြည်ကြည်ဖြူဖြူနဲ့ လာထည့်တဲ့ပန်းကို ငါ မပန်ရသေးဘူးဆိုရင် ငါလောက်မိုက်တဲ့သူ ရှိပါဦးမလား။ မင်း စဉ်းစားကြည့်လေ။ တွယ်ယာက ငါ့ကို ပန်းအိုးလာပြီး လက်ဆောင် ပေးတယ်။ အဲ...သူလာပေးတဲ့ ပန်းအိုးက ပန်းပင်ထဲမှာ အစကတည်း က ပွင့်နေတဲ့ပန်းတွေ ပါလာခဲ့တာပဲ။ ငါ တစ်ခါတည်း ခူးပန်ပြီးပြီ ပေါ့"

"အန်တီ ကြိုးကို မနိုင်စေရဘူး"

တစ်ခု ရှုံးသွားပြီဆိုတာ သိလိုက်ရတော့ ကြိုး ရင်မှာဆတ်ဆတ် ခါရပြီ။ တစ်ခုမှာ ရှုံးပေမယ့် နောက်တစ်ခုမှာ ကြိုး မရှုံးစေရဘူး။ ဟင်း...ပြိုင်ပွဲဝင်ချင်းအတူတူ ကြိုး ရှုံးရမယ်ဆိုရင် ခြေတိုးခံဖို့ ကြိုး ဝန်မလေးဘူး။ ကိုကို့ကိုတော့ ကြိုး ပိုင်ဆိုင်ရမှဖြစ်မည်။

"ဒီမှာ...အန်တီ"

"အင်း...ပြော"

အကြင်နာ့မျက်နှာက တစ်ချက်ကလေးမှ အပြုံးပျက်မသွားပေ။

"ကြိုး ကိုကို့ကို ချစ်တယ်ဆိုတာ သိရဲ့သားနဲ့ အန်တီ တခင်





မာယာတွေနဲ့လှည့်ဖြားပြီး ကိုကို့ကို သိမ်းသွင်းထားတာမဟုတ်လား။ ကျေးဇူးတရားတွေနဲ့ ချုပ်ကိုင်တဲ့နည်းတွေက ရှိသွားပြီ အန်တီရဲ့"

"မှန်ပါတယ်...ငါကလည်း တွယ်ယာ့ကို ဘာကျေးဇူးတရားနဲ့ ချုပ်ကိုင်ထားတာလည်း မရှိဘူး။ ဘောင်ခတ်ထားတာလည်း မရှိဘူး။ နှလုံးသားဆိုတာ သစ်တစ်ကိုင်းလို လိုချင်တိုင်း ခုတ်ချလို့ ရဘူးလေ။ သူက ငါ့ကို ချစ်တယ်လို့ပြောလို့ ငါကလည်း သူ့ကို ချစ်တယ်လို့ ပြန်ဖြေလိုက်တာ...ဘာမှားစရာရှိလဲ"

သူတို့နှစ်ယောက်၏ စကားလုံးတိုက်ပွဲကို ကုမ္ပဏီမှဝန်ထမ်းတွေ က ကွက်ကြည့်ကွက်ကြည့် လုပ်နေကြ၏။ လူမရှိတဲ့အရပ်မှာ ဒူးဖက် ထောင်းပန်ရဖို့ ဝန်မလေးပေမယ့် ကိုယ့်သိက္ခာနဲ့ သမာဓိကို လူအများ ရှေ့မှာတော့ အဖတ်ဆယ်ဂုဏ်တင်ထားရဦးမည်။

"မှားတယ်...အန်တီ၊ ကိုကို့ကို ပြန်ချစ်လိုက်တာကိုက အန်တီ မှားတာ...ကိုကို့ကို အန်တီ ပိုင်ဆိုင်ရလိမ့်မယ်လို့ မထင်နဲ့"

"ငါကလည်း ပိုင်ဆိုင်လိုစိတ်နဲ့ ချစ်ခဲ့တာမှ မဟုတ်တဲ့ ကြိုး... မင်း အချစ်ဆိုတဲ့အရာကို ဘယ်လိုမှားလည်ထားလဲဆိုတာ ငါ မသိ ဘူး။ အေး...ငါ ခံယူထားတဲ့အချစ်ဆိုတာက အရမ်းလေးနက်တယ်။ လိုအပ်လာရင် ဘာမဆိုပေးဆပ်နိုင်ဖို့ အင်အားတွေ မွေးထားတယ်။ တွယ်ယာ့ကို မင်း ပိုင်ဆိုင်ဖို့ ကြိုးစားမယ်မဟုတ်လား...ကြိုးစားပေါ့။ မင်းမှာလည်း လွတ်လပ်ခွင့်ရှိတာပဲ။ တွယ်ယာက ဆန္ဒရှိလို့ မင်းကို လက်ခံလိုက်ရင်လည်း ငါ ဝမ်းနည်းပူဆွေးနေမှာ မဟုတ်ဘူး။ အဲဒါ ကိုတော့ မင်း သိထား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့….ယောက်ျားကျမ်းကျေနေတဲ့ မိန်းမတစ်ယော
က ယောက်ျားတစ်ယောက်ကို မပိုင်ဆိုင်ရလည်း ဘာအကြောင်းသ
ကာမပိုင်မိန်းမရှိတဲ့ ယောက်ျားတစ်ယောက်ကိုတောင် မြူဆွယ်နိုင်
အစွမ်းထက်မှုက အံ့မခန်းပဲဟာ…အန်တီ့အတွက်က ယောက်
ဘယ်ရှားမှာလဲ…ရုပ်ကလေးကလည်း လှတာကိုး"

"ကြိုး"

ကိုယ်ကျင့်တရားကို ထိပါးစော်ကားလာပြီဆိုတော့ အကြင်
လည်း မခံနိုင်တော့။ ကိုယ်မွေးတဲ့မျောက်က ကိုယ့်ပြန်ခြောက်တာ
ငြိမ်ခံနေရလောက်အောင် အကြင်နာမှာ ခန္တီပါရမီတွေ ထားမနေနိုင်

"မင်း သိပ်တရားလွန်လာပြီနော်…ငါ့သိက္ခာကို မစော်ကားနဲ့"

"ဘာသိက္ခာလဲ…သူများလင်ကို ကြောင်တောင်နှိုက်
ကြိုးစားတာ အန်တီ့ ထိန်းသိမ်းတဲ့သိက္ခာတွေလား….သွားစမ်းပါ
ဘယ်လောက်ပဲ ဖုံးဖိထားထား အပေါက်ကျိုအပေါက်ကြား
ခေါင်းပြူလာတဲ့ သိက္ခာအပုပ်အသိုးတွေကို အရောင်တင်ပြီး ညာရော
မနေပါနဲ့…နှလုံးနာလို့…ဝေါ့"

"ကြည့်စမ်း…စော်ကားလိုက်တာ"

အကြင်နာ ဒေါသကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်
ကာ ကြိုးအနားသို့ ရောက်သွားလေလျှင် လက်သီးကို ကျစ်ကျစ်
အောင် ဆုပ်ထားမိလိုက်၏။

"မင်း…ငါ့ရှေ့က ထွက်သွားစမ်း…ကြိုး…ငါ တစ်ခု
မလုပ်မိခင် ထွက်သွား…နော…ထွက်သွား…သွား"





အကြင်နာ ပတ်ဝန်းကျင်ကို မေ့လျော့သွားလေသည်။ ကြိုး
ခေါ်ထားခဲ့တဲ့ သူမရဲ့ ကြီးမားသောမေတ္တာတရားတို့သည် သူများ
ပြီး လွှင့်ပစ်ခဲ့သည့် နေကြာစေ့ခွံလောက်တောင် တန်ဖိုးမရှိတော့ပါ
လို့ တွေးမိပြီး ဝမ်းနည်းရှက်ဒေါသတွေနှင့် အသံက မည်မျှ
ယ်လောင်သွားသည်မသိတော့။ ကုမ္ပဏီက ဝန်ထမ်းတွေအားလုံး
ခေါ်ရုံးခန်းရှေ့သို့ စုပြုံရောက်ရှိလာကြသည်။

"မဆိုင်တဲ့လူတွေ တစ်ယောက်မှ ဝင်မလာနဲ့နော်။ ဝင်လာလို့
တော့ ကျွန်မကို အဆိုးမဆိုနဲ့။ ရှင်တို့ ရိုသေလေးစားနေတဲ့
အကြင်နာခြေဟာ ဘယ်လိုမိန်းမစားလဲ…ရှင်တို့ သိကြရဲ့လား"

"ကြိုး"

ကြိုး၏အသံစာစာနှင့် ခြောက်လှန့်နေသံကြောင့် စုရုံးရောက်ရှိ
သော ဝန်ထမ်းတွေအားလုံး ရုံးခန်းထဲမဝင်ရဲဘဲ ရှိနေကြသည်။
ကြင်နာ ကြိုးအနားသို့ ခြေတစ်လှမ်း တိုးလိုက်စဉ်–

"ဘာလဲ…ပါးကို ရိုက်ဦးမလို့လား…မရတော့ဘူး…
အကြင်နာခြေ…အရင်တုန်းကတော့ ကျားဆိုပေမယ့် အရုပ်ကျား
နေလို့ ရှင်ပြုသမျှ နုခံခဲ့ရပေမယ့် အခု ကျွန်မက အချစ်နာမိနေတဲ့
အချစ်ဆိပ်သင့်နေတဲ့ကျား…ဘယ်သူ့ကိုမှ ဗိုလ်မထားဘူး…
လည်လား"

"တောက်…မင်း"

"ဖြန်း"

အကြင်နာ ကြိုးပါးကို ရိုက်ချပစ်လိုက်သည်။ ကြိုး နာကျင်



www.burmeseclassic.com

www.burmeseclassic.com



သည့်ပါးပြင်ကို လက်နှင့် ယောင်၍ပင် စမ်းမကြည့်။ အောက်နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ဖိကိုက်၍ ခေါင်းကို ပြန်မတ်လိုက်ရင်း အကြင်နာကို စားတော့ဝါးတော့မတတ် ကြည့်ကာ ရှိသေခြင်းတို့ ဂါရဝတရားတို့ သူ့မရင်မှာ ပျောက်ဆုံးနေ၏။

"ရှင့်မှာတင် လက်ပါတာမဟုတ်ဘူး ဒေါ်အကြင်နာခြေ-ကြိုးလက်ဝါးကလည်း ဥပုသ်သီလဆောက်တည်ထားတာ မဟုတ်ဘူး…သိလား…အဲဒီတော့ ကျွန်မရဲ့ တန်ပြန်တိုက်စစ်ကလည်း ဒါပဲ"

"ကဲ"

"ဖြန်း"

"ဟာ…ဟော့…ဟော့"

မန်နေဂျာကိုဝင်းထိန် စုပြုံနေသောလူတွေကို တွန်းထိုး၍ ဝင်လာပြီး သတိမေ့လဲကျသွားသည့် အကြင်နာကို ပြေးပွေ့ထူလိုက်သည်။

"တောက်…ငါ့အရောက်နောက်ကျလို့ ခုလိုဖြစ်ရတာ ဘော့စ်…ဘော့စ်…ဟော့မိန်းကလေး မင်းကို တို့…ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်…သိလား"

ကြိုး စောစောကတော့ ကြောက်ရလန့်ရမှန်းမသိ။ ခုမှ ရုံးခန်းထဲသို့ ဝင်လာကြသော လူတွေကိုမြင်ပြီး ခြေဖျားလက်ဖျားများအေးစက်လာသည်။

"ကုမ္ပဏီမှာ ဝန်ထမ်းတွေအားလုံးရှိနေလျက်နဲ့ တို့ဘော့စ်ကို ဒီလိုဝင်စော်ကားတာ မင်းတို့ ဒီအတိုင်းပဲ ကြည့်နေကြသလား"



"ဘော့စ်…ဘော့စ်…လုပ်ကြပါဦး…သတိမေ့နေတာ"

"ဆေးရုံ…ဆေးရုံကို မြန်မြန်ပို့မှဖြစ်မယ်"

ခုမှပဲ ကုမ္ပဏီရုံးခန်းတစ်ခုလုံး ကျွက်ကျွက်ညံသွားတော့သည်။

"ဟော့ကောင်တွေ သူ့ကို ဆွဲထုတ်ပြီး ရဲစခန်းကို ပို့လိုက်"

"အို"

ကုမ္ပဏီမှ ဝန်ထမ်းများသည် ကြိုးကို အပြင်သို့ ဆွဲထုတ်ကြလေသော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

စခန်းမှူး၏ရှေ့တွင် ကြိုး ခေါင်းကလေးငုံ့၍ သိုးမလေးသဖွယ် ထိုင်နေရှာ၏။ အကြင်နာခြွေ၏မန်နေဂျာ တိုင်ကြားချက်အရ ကြိုး အချုပ်ကျခဲ့သည်။ ဒါကို လေးလေးထွန်းနဲ့ကိုလောင်းပုက အာမခံနဲ့ လာထုတ်ပေးတာ။

"ဝန်ခံလက်မှတ်လည်း ထိုးပြီးပြီဆိုတော့ သူ့ကို ခေါ်သွားလို့ ရပါပြီ"

"ဟုတ်ကဲ့…ကျေးဇူးတင်ပါတယ် စခန်းမှူးရယ်။ ကျွန်တော် တို့ကို သွားခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့ပါခင်ဗျာ"





ရဲစခန်းထဲမှ ထွက်လာပြီးကတည်းက မည်သူမှ စကားမဆိုမိကြတာ အိမ်ရောက်သည်အထိ။ ကြိုးစိတ်ထဲမှာ မတင်မကျကြီးဖြစ်နေသည်။ လေးလေးထွန်းရော ဦးလောင်းပုပါ သူမကို အဆိုးအကောင်း အကျိုးအကြောင်း ဘာတစ်ခုမှ စကားဟဟမဆိုတာ ကြိုးရဲ့ လုပ်ရပ်ကို စိတ်ခုနေကြတာလား။ ကြိုး မခံချင်စိတ်တွေကို ရှေ့တန်းတင်မိတာ မှားခဲ့ပါပြီ။

"လေးလေးထွန်း ကြိုး တောင်းပန်ပါတယ် လေးလေးထွန်းရယ်"

ဒူးကလေးထောက်၍ တောင်းပန်စကားဆိုပေမယ့် လေးလေးထွန်းက သူမကို လုံးဝ မကြည့်ပေ။ ဦးလောင်းပုရောပဲ မျက်နှာလွှဲထားကြလေ၏။

"ကြိုးကို တစ်ခုခုပြောပါဦး လေးလေးထွန်းရဲ့၊ ဆူချင်ဆူ၊ ရိုက်ချင်ရိုက်ပါ လေးလေးထွန်းရယ်…အဲလိုကြီးတော့ ကြိုးကို စကားမပြောဘဲ မနေပါနဲ့"

လေးလေးထွန်း၏ဒူးကို လှုပ်ခါ၍ဆိုပေမယ့် လေးလေးထွန်းက ခတုန့်မလှုပ်ပါပဲ။

"ဟင့်"

လေးလေးထွန်းထံမှ ရှိုက်သံသဲ့သဲ့က ကြိုးနှလုံးသားကို အပ်နှင့်ထိုးလိုက်သည့်နှယ်။ ဒီကိစ္စမှာ လေးလေးထွန်း ဒီလောက်တောင် ဝမ်းနည်းနေရလား။

ကြိုး လေးလေးထွန်း၏မျက်နှာကို အမိအရ လိုက်ကြည့်လေ



www.burmeseclassic.com

www.burmeseclassic.com



တော့ အို…လေးလေးထွန်း ဘယ်လောက်တောင် ငိုထားသလဲ မသိဘူး။ မျက်လုံးတွေရဲပြီး မျက်ခွံတွေက မို့အစ်နေသည်။

"လေးလေးထွန်း…ဘာဖြစ်လို့ ငိုတာလဲဟင်…ကြိုးရဲ့ မိုက်ပြစ်တွေအတွက် ခွင့်မလွှတ်နိုင်တော့ဘူးလား။ ကြိုးကို မုန်းနေပြီလားဟင်…ပြောပါဦး လေးလေးထွန်းရဲ့"

လေးလေးထွန်း သူ့ဒူးကိုဖက်၍ တတွတ်တွတ် တောင်းပန်နေသော ကြိုးလက်တွေကို ဖယ်ချ၍ ထသွားလေတော့သည်။

"လေးလေးထွန်း"

ကြိုး ခေါ်လိုက်ပေမယ့် လုံးဝ လှည့်မကြည့်ပေ။ ဦးလောင်းပုကို အားကိုးတကြီး မော့ကြည့်တော့လည်း မျက်နှာလွှဲထားတာကိုပဲ မြင်ရပြန်တော့ ကြိုးရင်မှာမချိ။ သူရော ငိုနေတာလား။ ဖြစ်ပျက်ခဲ့သည့် ပြဿနာမှာ ဒီအိမ်ကလူတွေ ဒီလောက်တောင် ငိုနေရလောက်အောင် ဖြစ်သတဲ့လား။

"ဦးလောင်းပု"

"နင် သိပ်မိုက်တယ် ကြိုးရယ်"

ဦးလောင်းပု ဘယ်လောက်တောင် ဝမ်းနည်းနေသလဲတော့ မသိ။ အသံက တုန်ယင်နေသည်။

"မိဘမျက်ရည်တစ်စက် သားသမီး ဆင်းရဲရင် တစ်သက်တဲ့။ နင်ကတော့ အဝီစိကနေ ဘယ်တော့မှ တက်ရမှာမဟုတ်ဘူး"

"ရှင်"

"ဝမ်းနဲ့မလွယ် သားမမယ်ဆိုတဲ့စကားကို နင် ကြားဖူးမှာပါ။



တကယ်တော့ အကြင်နာက နင့်ရဲ့ကျွေးအမေပဲ…ဒုတိယမိခင်ပဲဆိုပါတော့ဟာ"

"ဦးလောင်းပု…ဦးလောင်းပု ဘာတွေပြောနေတာလဲဟင်"

ကိုလောင်းပုမျက်နှာက ပြိုတော့မယ့်မိုးသို့နှယ်။ ဦးလောင်းပုကလည်း ငိုတတ်သတဲ့လား။

"သူ့ရဲ့ သွေးအစစ်နို့ရည်ကို မတိုက်ကျွေးနိုင်ပေမယ့် လူ့လောကထဲကို ခြေချစ ကလေးလေးတစ်ယောက်အတွက် မိခင်ရင်းလိုပဲ ရင်မှာပိုက်ထွေးပြီး အဝယ်ခံနို့ရည်တွေ တိုက်ကျွေး၊ ကိုယ့်ရင်သွေးအစစ်အမှန်လို ကြီးမားတဲ့မေတ္တာတရားတွေ လွှမ်းခြုံထားပေးခဲ့တာ နင် ခုအရွယ်ထိပဲ ကြိုး"

"ဒါ…ဒါဆို ကြိုး အရမ်းမှားသွားပြီပေါ့နော်။ အန်တီက ကြိုးအပေါ် အဲဒီလောက်တောင်ပဲ ချစ်ခဲ့တာပဲလား။ ဦးလောင်းပု ပြောပါဦး"

မှားပြီဆိုတဲ့အသိကြောင့် မိုက်ပြီးမှရတဲ့ မိုက်နောင်တ တရားတွေနှင့် ရင်မှာ ပူလောင်ခံစားရပြီ။ အတ္တတွေ မိုးမွှန်အောင် အလံထူပြီး ကျေးဇူးရှင်ကို စော်ကားမိတဲ့ အမိုက်မကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့ အန်တီရယ်။

"နင် မှားခဲ့တဲ့အမှားက သိပ်ကိုကြီးမားတယ်။ အကြင်နာက ခွင့်လွှတ်ပေမယ့် နတ်သိကြားတွေကတော့ နင့်ကို ခွင့်လွှတ်မှာ မဟုတ်ဘူး…ကြိုး"

"ကြိုး…သိပါပြီ ဦးလောင်းပုရယ်…ကြိုးမိုက်ပြစ်တွေအတွက် ကြိုးကို ခွင့်မလွှတ်ကြပါနဲ့။ ကြိုး နောင်တလည်း ရနေပါပြီ။ အန်တီ

www.burmeseclassic.com

www.burmeseclassic.com



ကျနုပ်တဲ့အထိ ကြိုး တောင်းပန်မယ်။ ဘာပဲ ပြန်ပြီးပေးဆပ်ရ ပေးဆပ်ရ…"

"အချိန်လွဲမှ နောင်တရတာ အရမ်းနောက်ကျနေပြီ ကြိုး… အကြင်နာက…ဟင့်"

စကားကို ရှေ့သို့မဆက်နိုင်တော့ဘဲ ဦးလောင်းပု ဝမ်းနည်းကြီးစွာ ငိုကြွေးလေတော့၏။ ဘယ်လောက်တောင် ကြိုး မှားခဲ့တာလဲ။ ဦးလောင်းပုတောင် ခွင့်လွှတ်မပေးနိုင်တဲ့အဆင့်ဆိုတော့…

"အကြင်နာ့အကြောင်းကို ဆက်ပြောနေမိရင် နင့်ကို ငါ တစ်ခုခု လုပ်မိလိမ့်မယ် ကြိုး…တော်တော့ဟာ…ငါ့ကို ဘာမှဆက်မမေးနဲ့တော့"

"ဦးလောင်းပု…အဲလိုမလုပ်ပါနဲ့။ အန်တီ ဘာဖြစ်လဲ… ပြောပါ။ ကြိုးကို ပြောပြပါနော်"

ပြောနိုင်တဲ့အင်အား လောင်းပုမှာ မရှိတော့ပေ။ ငယ်စဉ်ကလေးကတည်းက ကိုယ့်နှမရင်းလေးလို ချိုပိုးထိန်းကျောင်းလာခဲ့ရတဲ့ အကြင်နာ။ ခုတော့ သူ့ခမျာ လောင်းပုတို့ကို ကျောခိုင်းစွန့်ခွာသွားဖို့ အချိန်က နီးကပ်လာခဲ့ပြီ။

"နင့်မိုက်ပြစ်တွေအတွက် ထိုက်တန်တဲ့ ပူဆွေးသောကတွေကို နင် ပြန်ပြီးခံစားပေတော့ ကြိုး…ငါ ဒီလောက်ပဲ ပြောပါရစေတော့"

"ကြိုး"

"လေးလေးထွန်း"

လေးလေးထွန်း သရေဖုံးစာအုပ်အနက်ရောင်လေးကို ကိုင်၍ ကြိုးအနားသို့ ရောက်လာ၏။

"နင် ဘယ်လောက်မိုက်မဲခဲ့တယ်ဆိုတာကို ပြောပြမနေတော့ဘူး။ ဒီဒိုင်ယာရီစာအုပ်ကလေးကို နင် ဖတ်ကြည့်လိုက်။ ဒါ အကြင်နာရဲ့ဘဝဖြတ်သန်းခြင်း အဆိုးအကောင်းအကြောင်းတွေပဲ… ရော့"

ကြိုး တုန်ယင်နေသော လက်အစုံဖြင့် စာအုပ်ကလေးကို လှမ်းယူလိုက်သည်။

"အကြင်နာက အရမ်းသနားဖို့ကောင်းတဲ့ ကလေးပါ။ သူ့ခမျာ လူမှန်းသိတတ်စအရွယ်ကတည်းက စိတ်ညစ်ညျူးမှုတွေ၊ ပူပန်သောကတွေနဲ့ပဲ လုံးထွေးပတ်ချာလည်ရင်း ဘဝကို နာနာကြည်းကြည်းနဲ့ ရှင်သန်လာခဲ့ရတာဟ"

"ဟုတ်တယ် ကြိုး…အဲဒီဒိုင်ယာရီစာအုပ်ထဲမှာ နင်နဲ့ပတ်သက်တာတွေရော မပတ်သက်တာတွေရော အကုန်ပါတယ်။ နင် ဖတ်ကြည့်လိုက်ပါ။ ဆုံးသွားရင်တော့ နင် ရင်ထုမနာ ဖြစ်ပေဦးတော့ပေါ့ဟာ"

ကြိုး မျက်ရည်တွေ ဝေ့ဝဲလာရင်း စာအုပ်အဖုံးလေးကို လှန်ကြည့်လိုက်သည်။ ပထမတစ်ရွက်မှာတော့ စာလေးတစ်ကြောင်း တည်းသာ။

'ကျွန်မ၏ဘဝ အဆိုးအကောင်း အကြောင်းအပေါင်းသင့်မှု မသင့်မှုများ' တဲ့။ အန်တီ့ဘဝမှာ ဘာတွေဖြစ်ခဲ့ပြီး ဘယ်လိုအခက်အခဲတွေကို ရင်ဆိုင်ခဲ့ရသလဲ။ အန်တီရယ်…ကြိုးကို ဘယ်လိုစိတ်မျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့တာလဲ…သိချင်လိုက်တာနော်။ နောက်စာမျက်နှာတစ်ရွက်ကို လှန်ကြည့်လိုက်တော့…

မမ မီးဖွားတော့ မိန်းကလေးတဲ့။ တူမလေးက ချစ်စရာကောင်းလိုက်တာ။ ဖြူဖြူဖွေးဖွေးလေးနဲ့။ နှုတ်ခမ်းလေးတွေ ရဲနေတာပဲ။ နာမည် ဘယ်လိုပေးရမလဲ။ အင်း…ဟုတ်ပြီ။ အချိန်ရှိတိုင်း သောကတွေ ဖိစီးနှိပ်စက်ခံနေရတဲ့ ငါ့ဘဝထဲမှာ ဒီကလေးက ငါ့ဘဝကို ဆက်လက်ရှင်သန်အောင် မျှော်လင့်ချက်တွေပေးမယ့် ငါ့ရဲ့သံယောဇဉ်ကြိုးလေးတစ်ချောင်းပဲ။ ပြီးတော့ လောကခံလှိုင်းလုံးတွေအောက်က ငါ့ကို ဆယ်ယူမယ့် ကြိုးလေး။ ဒါကြောင့် တူမလေးရဲ့နာမည်ကို ကြိုးလို့ မှည့်ပေးရမယ်။

ကြိုး Date တွေ၊ လက်မှတ်တွေကို မကြည့်တော့ဘဲ နောက်တစ်ရွက် လှန်ကြည့်လိုက်၏။

"ဒုက္ခပါပဲနော်"

မမက မီးဖွားပြီးကတည်းက ကျန်းမာရေးသိပ်ကောင်းလှတယ် မရှိဘူး။ သူ့ယောက်ျားကလည်း ကိုယ့်မိန်းမကိုတော့ ဂရုမစိုက်ဘဲ တစ်နေ့တစ်နေ့ အပြင်မှာပဲ မိန်းမတွေ ထည်လဲတွဲပြီး ခြေရှုပ်နေတာပဲ။ ယောကျ်ားတွေများ သစ္စာမရှိလိုက်ကြတာ။ သိပ်မုန်းဖို့ကောင်းတာပဲ။ အကြင်နာ့ဒယ်ဒီလည်း ဒီလိုပဲ။ မာမီရှိလျက်နဲ့ မိန်းမတွေကို တစ်ယောက်ပြီးတစ်ယောက် အိမ်ကို ဖြောင်ကျကျ ခေါ်ခေါ်လာတာ။ မာမီလည်း ဒီစိတ်နဲ့ပဲ မစားနိုင်၊ မအိပ်နိုင်ဖြစ်ပြီး နောက်ဆုံး ဒယ်ဒီ့ ပရောဂကြောင့် ဆုံးပါးသွားရတဲ့အထိပါပဲ။ မမလည်း မာမီ့အမွေကို





ဆက်ခံသလိုဖြစ်နေပြီ။ သူ့ယောကျ်ားစိတ်နဲ့ ခု နှလုံးရောဂါစွဲနေပြီ။ နို့ကလည်းမထွက်။ ကြိုးလေးအတွက် အကြင်နာ ဘာလုပ်ပေးရပါ့မလဲ။ အကောင်းဆုံးနည်းလမ်းတစ်ခုကိုတော့ ရှာဖွေရမှာပဲ။

ကြိုး နှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်လာသည်။ နောက်စာမျက်နှာတစ်ရွက်မှာတော့ သူမနှလုံးသားကို လက်ကြမ်းကြီးဖြင့် ဆွဲယူဖျစ်ညှစ်လိုက်သလို ခံစားရလေ၏။ အန်တီရယ်လို့ နှုတ်မှ ဖွဖွ ရေရွတ်မိတော့သည်။

ဒယ်ဒီက မိန်းမတစ်ယောက်ကို အတိအလင်းလက်ထပ်ပြီး နိုင်ငံခြားကို လိုက်သွားတော့မယ်တဲ့။ ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာအားလုံးကို အကြင်နာ့နာမည်နဲ့ လွှဲပေးပြီး လေးလေးထွန်းဆီမှာ အပ်ခဲ့တယ်။ အကြင်နာ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။ မမ ကလေးကို နို့မတိုက်နိုင်၊ မယုယနိုင်တဲ့အတူတူ အကြင်နာပဲ ကြိုးလေးကို ခေါ်ထားလိုက်တော့မယ်။ လေးလေးထွန်းနဲ့လည်း တိုင်ပင်ပြီးပြီ။ အိမ်မှာ ကြီးကြီးအုံးနဲ့ ကိုလောင်းပုလည်း ရှိတာပဲ။ ဒီလိုပဲ ဝိုင်းဝန်းပြီး ကြိုးလေးရဲ့ဘဝလှပအောင် ပြုစုပျိုးထောင်ရမယ်။ ဟုတ်ပြီ…ငါပိုင်ဆိုင်သမျှ စည်းစိမ်တွေ ကြိုးလေးရဲ့နို့ဖိုးမုန့်ဖိုးအတွက် ကုန်ချင်သလောက် ကုန်စမ်းပါစေ…ကြိုးလေးကို ငါ့ဘဝတစ်ခုလုံးပါ ပေးဆပ်ပြီး ချစ်ပြမယ်။

"အဲဟင့်…ဟင့်"

ကြိုး ချုံးပွဲချ၍ ငိုကြွေးရသည်အထိ ရင်ထုမနာဖြစ်ရပြီ။ ကြိုး အမိုက်မ အန်တီရဲ့မေတ္တာတရားကို နားမလည်ခဲ့တဲ့ ကောင်မ။ သခင့် အလိုကျ ဟောင်ပြပေးတဲ့ ခွေးလောက်တောင် အသိဉာဏ်မရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမိုက်မကို သတ်သာပစ်လိုက်ပါတော့ အန်တီရယ်…

"ကြိုး"

ဘယ်သူ့ခေါ်သံကိုမှ နားမထောင်နိုင်တော့ဘဲ ကြိုး စာအုပ်ကို ကိုင်လျက်ပင် ပြေးထွက်လာခဲ့မိတော့သည်။



## အခန်း (၂၀)

"မမ…မမ…မမ"

တကြော်ကြော်ခေါ်၍ မမရှိရာအခန်းထဲသို့ တွယ်ယာ ကသော အချောနိုင်စွာ ဝင်လာခဲ့၏။ မမရဲ့ကုတင်ဘေးမှာ ဒေါက်တာခက်ခက်နိုင်နှင့် ကြီးကြီးအုံး ရှိနေသည်။ တွယ်ယာ့ကို လှမ်းကြည့်နေကြသော သူတို့မျက်ဝန်းတွေက မျက်ရည်တွေအပြည့်နှင့်။

"တွယ်ယာ"

ပထမဆုံး သူ့ကို ခေါ်လိုက်သူက ဒေါက်တာခက်ခက်နိုင်။ တွယ်ယာ မမ ကုတင်ဘေးသို့ ရောက်သွားပြီး မမမျက်နှာလေးကို ကြည့်ကာ ရင်ထဲမှာမကောင်း။

www.burmeseclassic.com

www.burmeseclassic.com



"မမခက်…မမ ဘာဖြစ်တာလဲဟင်"

"သူ့ အိပ်ပျော်နေတယ် တွယ်ယာ…သူ့ကို အနှောင့်အယှက် မပေးပါနဲ့"

မမလက်ကလေးကို ထွေးဆုပ်ဖို့ ကြံရွယ်ပြီးမှ မမခက်စကား ကြောင့် တွယ်ယာ နောက်ကို ဆုတ်လိုက်မိသည်။

"အကြင်နာနဲ့ပတ်သက်ပြီး တွယ်ယာ့ကို မမခက် ပြောစရာ ရှိတယ်"

"ဟုတ်ကဲ့…ပြောပါ မမခက်"

"ဒီအထဲမှာ ပြောလို့မကောင်းဘူး တွယ်ယာ…အပြင်မှာ အေးအေးဆေးဆေး ပြောကြတာပေါ့နော်"

"ဟုတ်ကဲ့"

မမခက်က ပြောပြီး ရှေ့မှထွက်သွားလေပြီ။ တွယ်ယာ မမကို နောက်ဆံတင်းသော အကြည့်တစ်ချက်နှင့် နှုတ်ဆက်ပြီး မမခက် နောက်ကနေ စိုးရိမ်ပူပန်ခြင်းတွေက ဖြောင်းဆန်နေသည်။ မမ ဘာဖြစ်တာလဲ၊ ဘာရောဂါလဲဆိုတာ မေးခွန်းတွေကလည်း အထပ် ထပ်။ ကြာတော့ စိတ်တွေများပြီး ခေါင်းချွေးများပင်ပြန်လာရသည် အထိ။ အပြင်သို့ရောက်တော့ မမခက်က စကားစသည်။

"မမခက် တွယ်ယာကို နံပါတ်တစ် မေးခွန်းတစ်ခု မေးမယ် နော်"

"ဟုတ်ကဲ့…မေးပါ မမခက်"

"တွယ်ယာ အကြင်နာ့အပေါ်မှာ ဘယ်လောက်အထိ ချစ်သလဲ"

"ဗျာ"

တွယ်ယာ ရုတ်တရက်မေးခွန်းကြောင့် အံ့သြသွားမိပါသည်။ ဒီမေးခွန်းကို မမခက် ဘာကြောင့်မေးတာလဲ။

"မမခက် ဒီမေးခွန်းကို လိုအပ်လို့မေးတာပါ တွယ်ယာ"

"ကျွန်တော် မမကို ကျွန်တော့်အသက်ထက် ပိုချစ်တယ်။ ကျွန်တော့်ဘဝဟာ မမပါ။ မမဘဝမှာ လိုအပ်သမျှ ဖြည့်ဆည်းပေး ချင်တဲ့အချစ်မျိုးနဲ့ ချစ်ခဲ့တာ"

"ဒါဆို နံပါတ်နှစ်မေးခွန်း မေးမယ်"

ခေါင်းကို ငုံ့ထားရာမှ တွယ်ယာ မော့ကြည့်လာသည်။

"မင်း ကြိုးကို လက်ထပ်နိုင်မလား"

"ဟာ"

ဘာမေးခွန်းကြီးလဲ။ မမကို ချစ်ပါတယ်ဆိုမှ သူက ကြိုးကို ဘာလို့ လက်ထပ်ရမှာလဲ။ ကြိုးကို သူ ညီမလေးတစ်ယောက်လိုပဲ သဘောထားခဲ့တာ။

"အဲဒါတော့ မဖြစ်နိုင်ပါဘူး မမခက်"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ကြိုးကို ညီမလေးတစ်ယောက်ထက် ပိုမချစ်နိုင် ပါဘူး။ ပြီးတော့ အိမ်ထောင်ရေးဆိုတာ ကိုယ့်တစ်ဘဝလုံးကို အမှောင် ချပစ်ရမယ့် ထောင်ဝင်လက်မှတ်ပါ။ ကိုယ်ချစ်တဲ့သူနဲ့ဆိုရင် တစ်ယောက်လက် တစ်ယောက်တွဲပြီး အမှောင်ထဲမှာ ဘယ်ကိစ္စမရှိ







www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းဆိုးဆိုး ခါးစည်းခံနိုင်ပေမယ့် ကိုယ်မချစ်တဲ့သူနဲ့တော့ ပြတင်းတံခါးဖွင့်ပေးထားလည်း ကျွန်တော် အဲဒီထောင်ထဲကို တိုးမဝင်နိုင်ပါဘူး မမခက်"

"မင်းအဖြေက တကယ်ပြတ်သားတယ်နော်"

"ကျွန်တော် ယောကျ်ားပါ မမခက်...မမနဲ့ပတ်သက်လာရင် ကျွန်တော့်မှာ သတ္တိတွေ၊ ခွန်အားတွေ အမြဲတမ်း အပြည့်ရှိပါတယ်"

ခက်၏အပြုံးတွေက ယောင်ဝါးဝါးမျှသာ။ တွယ်ယာ အကြင်နာ အပေါ် ဒီလောက်ချစ်ပြနိုင်တာကို သိရတော့ အကြင်နာ့ကိုယ်စား အတိုင်းမသိအောင် ဝမ်းသာမိပါသည်။ ဒါပေမယ့် နောက်ဆက်တွဲ ဝမ်းနည်းခြင်းတွေက ရင်ထဲမှာ ဖိုးသိုးဖတ်သတ်။

"မမခက် နောက်ဆုံးမေးခွန်းကို မေးရတော့မယ်"

ဘာများလဲဟူသော စိုးရိမ်စိတ်တွေနှင့် နားထောင်ရတာ ရင်တမမ။

"အကြင်နာက မင်းကို လက်မထပ်နိုင်ဘူးဆိုရင် မင်း ဘာလုပ် မလဲ တွယ်ယာ"

"ဗျာ...မမခက်"

"မင်း ဖြေဖို့ သိပ်ခက်ခဲသွားပြီလား"

"မမ...ဒီလိုဆုံးဖြတ်မှာမဟုတ်ဘူး။ ကျွန်တော် သိနေတယ်။ ကျွန်တော် မမကိုချစ်သလို မမကလည်း ကျွန်တော့်ကို သိပ်ချစ်တာပဲ ဘယ်သူပဲခွဲခွဲ ကျွန်တော်နဲ့မမ လက်တွဲမဖြုတ်ဘူး မမခက်"

"အဲဒါက မင်းရဲ့အတွေးပေါ့ တွယ်ယာ...တကယ်တမ်းကျ





တော့ မင်းတို့နှစ်ယောက်ကို ဘယ်လိုမှ ပေါင်းဖက်လို့မရအောင် ခွဲမယ့် အရာတွေ ရှိတယ်။ ဘယ်သူမှလည်း သူ့အမိန့်ကို လွန်ဆန်လို့မရကြ ဘူး တွယ်ယာ"

တွယ်ယာ ခေါင်းကိုသာ သွင်သွင်ခါယမ်းလိုက်မိတော့၏။ မယုံဘူး...သူနဲ့မမကို ဘယ်သူမှခွဲလို့ မရစေရဘူး။ မမနဲ့တွယ်ယာ ဘယ်တော့မှမခွဲဘူး။

"မမခက်...ကျွန်တော့်ကို ဘာတွေလာပြောနေတာလဲ။ ကျွန်တော် မမနဲ့ မခွဲနိုင်ဘူး။ မမခက် ကျွန်တော်တို့ကို ကူညီပါနော် မမခက်"

အရူးတစ်ယောက်လို သူမ ပခုံးကို ကိုင်၍ အားကိုးတကြီး ပြောနေရှာသော တွယ်ယာ့ကို ကြည့်၍ ခက် ဘယ်လိုမှ စိတ်မထိန်း နိုင်တော့ပါ။ ငိုချင်တယ်။ ဒါပေမယ့် ငိုလို့မဖြစ်သေးပါဘူးလေ။ နောက်မှ ဒီမျက်ရည်တွေကို သွန်ချပစ်ပါရစေ။

"တွယ်ယာ"

"မမခက်"

"မမခက်ကို တစ်မျိုးမထင်ပါနဲ့ ကလေးရယ်...ဒီကိစ္စမှာ မင်း နောက်ဆုတ်လိုက်ပါနော်။ မမခက်က စေတနာနဲ့ ပြောတာပါ"

"ဟင့်အင်း...နောက်ဆုတ်ဖို့စကားကို မပြောပါနဲ့ဗျာ... ကျွန်တော် မကြားနိုင်လို့ပါ...မပြောပါနဲ့ မမခက်ရယ်"

"မဟုတ်သေးဘူး တွယ်ယာ...မမခက် စကားကို ဆုံးအောင် နားထောင်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



တွယ်ယာ သည်းခြေပျက်မတတ် ထိတ်လန့်နေသည်။ မမခက် ဘာတွေဆက်ပြောဦးမှာလဲ။ သူနဲ့မမဲ ဝေးရဖို့အကြောင်းတွေပဲလား။

"အကြင်နာက ဘဝပေးကုသိုလ် မလှပရှာဘူးကွယ်။ ငယ်စဉ် ကလေးကတည်းက သူ့ခမျာ ပူဆွေးသောကတွေ ရောက်ခဲ့ရတာ။ ခု သူ့ဘဝလေး အေးချမ်းတော့မယ်လို့ မျှော်လင့်ထားကာမှ မင်းရဲ့ ချစ်ခြင်းသံစဉ်တွေအောက်မှာ သူ့ခမျာ အမောဖောက်ရမယ့်အခြေအနေ မျိုးပဲ ဖြစ်နေတယ်"

"ဗျာ"

"အကြင်နာရဲ့ ဆိုးဝါးလှတဲ့ ဘဝအကျိုးပေးမကောင်းခြင်းတွေ ကို ပြောပြရမယ်ဆိုရင် ဟိုး…ငယ်ဘဝကနေ မမခက် စပြီးပြောပြ မယ်။ အခု ဇာတ်လမ်းဆုံးတော့မယ့်အထိပေါ့"

ဇာတ်လမ်းဆုံးရင်တော့ မင်း ငိုရဦးမယ် တွယ်ယာ။ ရက်တရက် တဖြိုင်ဖြိုင်ကျလာမယ့် မျက်ရည်တွေကို မြင်ရမယ့်အစား တစ်ပွင့်ချင်း ကြွေကျလာမယ့် မျက်ရည်တွေကို မြင်ရတာ စိတ်သက်သာရာရလိမ့် မယ်ထင်ပါရဲ့။ မင်းရင်ထဲမှာ ဝေဒနာတွေ ဟုန်းကနဲ ထတောက်လာ ရင် စိုးရိမ်ရေအမှတ်ရှိတာကြောင့် အဲဒီဝေဒနာကို ဖြည်းဖြည်းချင်း မျှားခေါ်တဲ့အနေနဲ့ ဟိုးတုန်းကလိုပဲ အစချီပါရစေကွယ်။





## အခန်း (၂၁)

"အကြင်နာ…ဒီနေ့ ငါ့ကို စာအုပ်ငှားဦးဟာ"

"ဘာစာအုပ်လဲ ခက်ရဲ့"

"ဟဲ…ဟဲ…ခိုးချနေကျ အင်္ဂလိပ်အထူးထုတ်ကြီးပေါ့ဟာ"

အကြင်နာက ခက်ကို မျက်စောင်းခဲလေသည်။ ဒီလိုပဲ သူတို့ နှစ်ယောက်က စာတော်တာချင်းတူကြပေမယ့် မရတာ မသိတာရှိ လျှင် အကြင်နာက ဆရာ့ကို ပွင့်ပွင့်လင်းလင်း နားမလည်ကြောင်း ပြော၍ မေးရဲ၊ ရှင်းပြခိုင်းရဲသည်။ ခက်က အဲဒီလိုမဟုတ်ပေ။ ဆရာ့ကို ကြောက်လို့ မမေးရဲဟုဆိုကာ အထူးထုတ်တွေကို အားကိုးတတ်၏။

"ကောင်မနော်…အထူးထုတ်တွေကိုပဲ အားကိုးမနေနဲ့။ ငါတော့ ဒယ်ဒီဝယ်လာလို့သာ ယူထားတာ။ တစ်ခါမှ အဲဒီအထူး ထုတ်တွေကို လှန်မကြည့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လျှာရှည်လိုက်တာ မိကျောင်းသမီးရယ်...ဆရာကြီးလေသံနဲ့ ငါ့ကို ဆုံးမ မနေနဲ့။ ငှားမှာလား...မငှားဘူးလားပဲ...ပြော"

"မငှားဘူးဟေ့...ခဏ...ခဏ အပေးအယူလုပ်ရတာ သိပ် စိတ်မရှည်ဘော့ဘူး။ အပြီးပဲ ယူလိုက်တော့။ ငါ့အတွက်က အသုံး မဝင်တာ။ အသုံးဝင်တဲ့ နင်ပဲ ယူထားလိုက်တော့"

"သဘောကောင်းလိုက်တဲ့ သူငယ်ချင်းလေး...အဲဒါကြောင့် ချစ်နေရတာ"

"ဟွန်း"

ခက်က အကြင်နာပါးဖောင်းဖောင်းလေးကို လိမ်ဆွဲလိုက်တော့ အကြင်နာက ရှုံ့ပြပြီး ရယ်လေသည်။ အကြင်နာနဲ့ခက်က နှစ်အိမ်သာ ကျော်တာမို့ ငယ်ငယ်လေးကတည်းက ကျောင်းသွားကျောင်းပြန် အတူတူ။

"ခု တစ်ခါတည်း ဝင်ယူသွားမှာလား"

"အေးပေါ့ဟဲ့...နောက်တစ်ခေါက်ပဲ ပြန်လာယူရဦးမှာလား။ အလုပ်ရှုပ်လို့ တစ်ခါတည်း ဝင်ယူလိုက်မယ်"

"အလကားရ သေအောင်ယူမယ့်သဘောမှာရှိတယ်"

"ပေးတုန်းယူရတာပဲလေ...ဟဲ...ဟဲ"

နှစ်ယောက်သား ခြံထဲသို့ ခပ်သွက်သွက်ကလေး ဝင်ခဲ့ကြ သည်။ အကြင်နာက ရှေ့မှသွား၍ ခက်က နောက်မှလိုက်၏။

"ဟဲ့...မနက်ဖြန်ကျ ကျောင်းစောစောသွားမယ်နော်။ ...
သန့်ရှင်းရေးလုပ်ရမယ့်အလှည့်"





"ငါ သိပါတယ် ခက်ရယ်...ငါက နင့်ထက်တောင် ပိုပြီး စောစောသွားချင်သေးတယ်။ အိမ်မှာနေရတာ ပူညံပူညံနဲ့ စိတ်ရှုပ်လို့ ဖြစ်နိုင်ရင် ညဆိုတာ ရှိတောင်မရှိစေချင်ဘူး။ ညမရှိရင် ကျောင်းကနေ အိမ်ကို ပြန်လာစရာမလိုတော့ဘူး။ ဘယ်လောက်စိတ်ချမ်းသာဖို့ ကောင်းလဲ"

အကြင်နာက သူ့အိမ်အကြောင်းကို တဗျစ်တောက်တောက်နှင့် ချိုးမွမ်းခန်းဖွင့်နေသည်။ အကြင်နာတို့က ပစ္စည်းဥစ္စာတွေတော့ ချမ်းသာ ကြွယ်ဝပါသည်။ ဒါပေမယ့် မိသားစု၏ ပျော်ရွှင်စရာဘဝလေးက တော့ အလှမ်းဝေးရဲပါ၏။ ခက်တို့က အကြင်နာတို့လောက် မချမ်းသာ ပေမယ့် မိသားစုတွေ ချစ်ချစ်ခင်ခင်ရှိကြပြီး စိတ်ချမ်းသာစရာတွေ အတိနှင့်။

"နင့်ဒယ်ဒီ မရှိတော့ နင်တို့သားအမိ စိတ်ချမ်းသာရပါတယ် ဟယ်..."

ကလေးတွေပီပီ ကလေးအတွေးနှင့် ခက် ခပ်ပေါ့ပေါ့ပဲ ပြော လိုက်မိ၏။

"ခုတလော အိမ်ကပ်နေလို့ စိတ်ညစ်နေရတာပေါ့"

"အိမ်ကပ်တာ မကောင်းဘူးလားဟဲ့"

"ဘယ်ကလာ ကောင်းရမှာလဲ ခက်ရယ်...သူ့မယားငယ်က ဘာတွေပူဆာလိုက်ပြန်ပြီလဲ မသိဘူး။ မာမီ့ဆီက အတွင်းပစ္စည်းတွေ ကို တစ်ဝက်တောင်းနေတာ. မာမီက မပေးလို့ အတွင်းစစ်တိုက်ပြီး ရန်လုပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့သားအမိဒုက္ခကလည်း မသေးပါလား အကြင်နာရယ်။ နင့်နေရာမှာ ငါသာဆိုရင် ရူးမလား မပြောတတ်ဘူး"

"ငါက ရူးရုံတင်မဟုတ်ဘူး ခက်ရေ…သေကိုသေချင်တာ"

"ဟယ်…သေတော့မသေလိုက်ပါနဲ့ အကြင်နာရယ်။ ငါ သရဲကြောက်တယ်ဟဲ့။ ပြီးတော့ နင်မရှိရင် ငါ အဖော်မဲ့သွားမှာ"

"ဟွန်း…ကောင်မ အဖော်မဲ့မှာထက် သရဲကြောက်တာက ပိုတယ်မဟုတ်လား"

"အဟီး"

ခက်က ဝန်ခံသလို ဟီးကနဲ ရယ်ပစ်လိုက်သည်။ စကားတပြောပြောနှင့်လာခဲ့ကြရင်း အိမ်ဝသို့ရောက်တော့ နှစ်ယောက်သား ဖိနပ်ချွတ်နေကြစဉ် နားမချမ်းသာစရာအသံတွေက အကြင်နာ့ရင်ကို ဆောက်နှင့်ထွင်းလေတော့၏။

"ရှင့်ကို ကျွန်မ အပြတ်ပြောပြီးပြီပဲ ကိုဝင်းလှိုင်ရဲ့… ရှင် အဲဒီမိန်းမကို ယူမယ်ဆိုယူလိုက်…ကျွန်မကို ကွာရှင်းပေး။ ရှင် လိုချင်တာကို ကျွန်မ ပေးမယ်လို့"

"ဟ…အဲဒီမိန်းမကို မယူချင်လို့ပေါ့ကွ။ ဒီမှာ ခွာထုတ်လို့မရလို့။ သူ့ကို ထိုက်သင့်သလောက်ပေးမလို့ မင်းဆီက ပစ္စည်းနည်းနည်းပါးပါးပေးပါလို့ ငါ တောင်းနေတာ။ မင်းကိုလည်းကွာမပေးနိုင်ဘူး၊ သမီးမျက်နှာက ရှိသေးတယ်"

"ဩော်…ရှင်က သမီးကိုတော့ သတိရသေးတယ်ပေါ့…ဟုတ်လား"





"ငါ့သမီးပဲကွ…သတိမရဘဲနေမလား"

"ရှင်…သမီးမှန်း မယားမှန်းသိရင် ဘာလို့ ခုလိုခြေရှုပ်နေသေးလဲ"

အော်သံဟစ်သံတွေက တစ်စတစ်စ ကျယ်လောင်လာသည်။ အကြင်နာ နံရံကို ကျောကပ်၍ မျက်လုံးကို စုံမှိတ်ထားလေသည်။ နှုတ်ခမ်းကို ဖိကိုက်ထားလိုက်တာလည်း ပြတ်ထွက်လုမတတ်။

"အကြင်နာ"

'ခက်' အကြင်နာ့လက်ဖျားလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လျက်အားပေးနှစ်သိမ့်လိုက်ရ၏။

"နင်…တို့အိမ်ကို ခဏလိုက်ခဲ့ပါလားဟယ်…ခဏတော့စိတ်သက်သာရာရတာပေါ့။ ပြီးတော့ ငါ နင့်ကို ပြန်ပို့ပေးမှာပေါ့"

"နေပါစေ…ခက်ရယ်…ဒါတွေက ငါ့အဖို့ ရိုးနေပါပြီ။ နင်ပြန်တော့နော်…နင်လိုချင်တဲ့စာအုပ်ကို ပြီးမှ ငါ ကိုလောင်းပုကို ပို့ခိုင်းလိုက်မယ်"

"ရပါတယ်…ငါ မယူတော့ပါဘူး"

ခက် အကြင်နာကို သနားလွန်းလို့ နောက်ဆံတင်းကာ မပြန်နိုင်ဘဲရှိနေစဉ် အခန်းထဲက နောက်ဆက်တွဲပြဿနာတွေက တစ်စတစ်စ မှန်တိုင်းထန်လာလေ၏။

"ဒီမိန်းမ…ငါ ရိုက်လိုက်ရရင် သေတော့မှာပဲ"

"ရိုက်စမ်း…ရှင် ကျွန်မအသားကို ထိရဲရင် ထိကြည့်စမ်း။ ကျွန်မ ရှင့်ကို သည်းခံပြီး ပေါင်းလာတာကြာပြီ။ ဒီတစ်ခါ သည်းမခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘူး…ကွာမယ်။ ရှင်…ခု ဒီအိမ်က ဆင်းသွား"

"မသွားဘူးကွာ…မသွားတော့ မင်းက ဘာလုပ်ချင်လဲ"

"ရှင်…ရှင်…ရှင့်ကို ကျွန်မ သတ်မယ်။ ရှင့်ကို ကျွန်မ သတ်ရမှ ကျေနပ်မယ်…သိလား"

"တောက်…ကဲကွာ"

"ဖြန်း…ဖြန်း"

"မာမိ"

"အန်တီ"

အကြင်နာရော ခက်ပါ အိမ်ထဲသို့ ပြေးဝင်သွားကြတော့ အကြင်နာ့မာမီဟာ ကြမ်းပြင်ပေါ်မှာ ခွေခွေကလေး လဲကျနေ၏။

"ဒယ်ဒီ…ဒယ်ဒီ…ဘယ်လိုလုပ်လိုက်တာလဲ။ မာမီ သေပါပြီ…အဟင့်…ဟင့်…ဟီး…ဟီး…ဟီး"

အကြင်နာက သူမ၏မိခင်ကို ဖက်၍ ငိုကြွေးလေတော့သည်။

"ပစ်ထားလိုက်စမ်းပါ သမီးရယ်…ဒီမိန်းမ သေတော့ရော ဘာနမြောစရာရှိလဲ။ အလကား နားလည်မှုမရှိတဲ့ မိန်းမ"

"ဒယ်ဒီ မာမီ့ကို အဲဒီလိုမပြောပါနဲ့။ ပျော်ရွှင်စရာမိသားစုဘဝကို ဖျက်ဆီးနေတာ ဘယ်သူလဲ။ အကြင်နာတို့သားအမိကို ဒယ်ဒီ ဒုက္ခမပေးပါနဲ့တော့။ အကြင်နာ တောင်းပန်ပါတယ်"

"တိတ်စမ်း…အကြင်နာ"

ဦးဝင်းလှိုင်၏အကြည့်တွေက သားသမီးဆိုသည့် ဝေါဟာရကို မေ့ပျောက်နေသည့်နှယ်။ အမှောင်တွေ ဖုံးလွှမ်းနေသော ဦးဝင်းလှိုင်





ပါလား။

"မတိတ်နိုင်ဘူး ဒယ်ဒီ…ဒယ်ဒီ တရားလွန်နေတာတွေကို သမီး သိတယ်။ ဒယ်ဒီ…ဒယ်ဒီရဲ့အငယ်အနှောင်းမယားတွေနဲ့ နေရတာ ပျော်တယ်မဟုတ်လား။ ဒယ်ဒီ ပျော်ရာအရပ်မှာနေပါတော့"

"နင် ငါ့ကို ဘာမှ ဘုန်းကြီးစာချ လုပ်နေစရာမလိုဘူး အကြင်နာ…ဒီအိမ်မှာ ငါက အိမ်ထောင်ဦးစီး။ ဒီစည်းစိမ်တွေကို ငါ ရှာထားတာ။ ငါ ဘာပဲလုပ်လုပ် နင် ပြောစရာမလိုဘူး"

"လိုတယ်…ပြောစရာလိုတာပေါ့ ဒယ်ဒီ။ ဒီစည်းစိမ်တွေကို ဒယ်ဒီ ရှာထားရတာဆိုပြီး မာမီ့ကို အနိုင်မကျင့်ပါနဲ့။ ဒယ်ဒီ မကျေနပ်ရင် မာမီနဲ့သမီး ဒီအိမ်ပေါ်က ဆင်းပေးမယ်"

"ဟယ်…အကြင်နာ ကိုယ့်ဒယ်ဒီကို ဒီလိုမပြောရဘူးလေ"

"နင် ဝင်မပါနဲ့ ခက်…ငါ ပြောသင့်လို့ ပြောနေတာ"

ခက် အကြင်နာကို ဘယ်လိုဖျောင်းဖျရမှန်းမသိ။ သူ့ဒယ်ဒီက လည်း အလျှော့ပေးပုံမပေါ်ပေ။ ခက် အန်တီ့ကို သတိရသွားပြီး–

"ပြောချင်လည်း နောက်မှပြောတော့ အကြင်နာ…ခု အရေးကြီးတာက အန်တီ သတိမေ့နေတယ်။ ဆရာဝန်ခေါ်မလား…ဆေးရုံပို့မလား စဉ်းစား"

"မာမီ…မာမီ"

အကြင်နာ မိခင်၏မေးစေ့လေးကို လှုပ်၍လှုပ်၍ ခေါ်ကြည့်သေးသည်။

"ကိုလောင်းပုရေ…ကိုလောင်းပု…ကြီးကြီးအုံး လာကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းလှိုင်ရှိနေလို့ မဝင်ရဲဘဲ ချောင်းကြည့်နေကြသော ကိုလောင်းပုတို့ အကြင်နာခေါ်လိုက်မှပဲ ပြေးဝင်လာကြတော့သည်။

"အန်တီချစ်…အန်တီချစ်"

"တူမကြီး…ချစ်ခင်ဖွယ်…တူမကြီး ခေါ်လို့မရဘူး။ သား သွားစမ်း…ဆရာဝန်ကို ဖုန်းဆက်"

"ဟုတ်ကဲ့"

ဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်တော့ အချိန်က နောက်ကျသွားခဲ့ပြီ။ သူတို့ မသိလိုက်ရတဲ့အချိန်ကလေးမှာပဲ အကြင်နာ့မာမီ ခေါ်ချစ်ခင်ဖွယ်တစ်ယောက် လူ့လောကထဲကနေ ထွက်ခွာသွားခဲ့ပြီတဲ့။

"လူနာက heart ရှိတယ်လေ။ ရုတ်တရက် အရိုက်ခံလိုက်ရတဲ့အချိန်မှာ လန့်ပြီး နှလုံးခုန်ရပ်သေဆုံးသွားတာပါ"

"မာမီ…ဟင့်အင်း…မာမီ မသေရပါဘူး…မာမီ"

အကြင်နာ ဆောက်တည်ရာမရဖြစ်ကာ အရူးတစ်ယောက်လို အော်ဟစ်ငိုကြွေးနေပုံကိုကြည့်၍ ခက် လိုက်ငိုရုံမှအပ ဘာမှမတတ်နိုင်ခဲ့ပါ။ ဒါ အကြင်နာ့ဘဝမှာ ကောက်ကွေ့တဲ့အချိုးအဆစ် တစ်မျိုး တစ်ထစ်ပဲ ရှိပါသေးသည်လေ။





# အခန်း (၂၂)

"အကြင်နာ့ကို ငဲ့ပြီး ဘာလို့ လေးလေးရဲ့မင်္ဂလာပွဲအစီအစဉ်ကို ဖျက်ပစ်ရတာလဲ လေးလေးရယ်…တစ်ဖက်က နစ်နာတာပေါ့"

ချစ်သူနှင့်လက်ထပ်တော့မည့် ဦးထွန်းတောက်တစ်ယောက် အစ်မဖြစ်သူ သေဆုံးသွားပြီးနောက်မှာ လက်ထပ်ဖို့အစီအစဉ်ကို ဖျက်သိမ်းပြီး တူမလေးကိုပဲ ရင်အုပ်မကွာ ပြုစုပျိုးထောင်တော့မည် ဟုဆိုကာ အကြင်နာ့ဆီသို့ ရောက်လာလေသည်။

"လေးလေးရဲ့ဘဝမှာ ဟောဒီက ကလေးထက် ဘာမှအရေး မကြီးပါဘူးကွာ…ခု ကိုဝင်းလှိုင်က မိန်းမတစ်ယောက်နဲ့လက်ထပ်ပြီး နိုင်ငံခြားကို လိုက်သွားတော့မှာ…ကလေးကို သူ မျက်နှာချင်း မဆိုင်ရဲလို့ လေးလေးကို လာပြောပြတာလေ။ အမွေတွေအားလုံးကို ကလေးနာမည်နဲ့ လွှဲပေးခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ ထွက်သွားမှာကို အကြင်နာ ဝမ်းနည်းမနေပါ။ သွားပေါ့။ ကိုယ့်ကို မခင်တွယ်လို့ သူများနောက်လိုက်သွားမှာကို ဘာခင်တွယ်နေစရာရှိလဲ။ ဝမ်းတောင်သာသေးရဲ့။

"ဒါဆို လေးလေးထွန်းက အကြင်နာရဲ့အုပ်ထိန်းသူ ဖြစ်သွားပြီပေါ့နော်"

"ဒါပေါ့ ကလေးရယ်...ကလေးရဲ့ဘဝမှာ အဖေရော အမေရော လေးလေးထွန်းလို့ပဲ သတ်မှတ်လိုက်...ဟုတ်ပြီလား"

"ဝမ်းသာလိုက်တာ လေးလေးရယ်...ဒယ်ဒီမှာသာ လေးလေးလို ကြင်နာတတ်တဲ့ နှလုံးသားရှိရင် အကြင်နာတို့ ခုလိုအဖြစ်မျိုးတွေနဲ့ ကြုံရမှာ မဟုတ်ဘူးနော်"

အရွယ်နှင့်မလိုက်အောင် ဘဝကပေးသော ပညာအသိတွေနှင့် တွတ်တီးတွတ်တာ ပြောလေရှာသော အကြင်နာကို ပွေ့ချီလျက် ဦးထွန်းတောက် ကလေးနဖူးပြင်လေးကို ဖွဖွနမ်းရှိုက်လိုက်လေသည်။

"အကြင်နာ"

"ဟင်"

တူအရီးနှစ်ယောက်ကို မှင်သက်စွာ ငေးမောနေမိသော ခက်ခုမှပင် အကြောင်းအရာတစ်ခုကို သတိရမိပြီး အကြင်နာကို ခေါ်လိုက်ခြင်းပါ။

"နင်...ဟိုကိစ္စ လေးလေးထွန်းကို တိုင်ပင်ကြည့်ပါလား"

"အာ...အေး...နင်ပြောမှပဲ သတိရတယ်"

"ဘာကိစ္စတွေ တိုင်ပင်မလို့လဲ ကလေးရဲ့...ခုမှ ခုနစ်တန်းပဲ



ရှိသေးတယ်။ လူကြီးအတွေးတွေ သိပ်မတွေးနဲ့"

အစစအရာရာမှာ လူကြီးလေးလို အတွေးကြီးတတ်သော အကြင်နာကို ဦးထွန်းတောက်က စလေသည်။

"လေးလေး"

"အင်း...ပြော"

"ဟိုလေ...မမရဲ့သမီးလေးက အရမ်းချစ်ဖို့ကောင်းတာ လေးလေးရဲ့"

"သိတယ်လေ...လေးလေး ဆေးရုံကို လိုက်သွားပြီးပြီလေ"

"လေးလေး မသိတာရှိသေးတယ်"

"ဘာလဲ...ပြောပါဦး"

အကြင်နာ လေးလေးကို မျက်ဝန်းတောက်တောက်ကလေးတွေနှင့်ကြည့်ကာ–

"မမက နို့မထွက်ဘူး လေးလေးရဲ့...အဲ...ကန်တော့နော်"

အကြင်နာ လေးလေးကို မပြောသင့်သည့်စကားကို ပြောလိုက်မိပြီမို့ လက်အုပ်ချီ၍ ကန်တော့နော်လို့ ပြောလိုက်ခြင်းပါ။

"ရပါတယ် ကလေး၊ ဘာပြောချင်တာလဲ ပြောမှာသာပြော"

"ပြီးတော့ မမက ကျန်းမာရေးမကောင်းတော့ ကလေးကို နို့မတိုက်နိုင်ဘူးလေ။ သူ့ယောက်ျားကလည်း လေးလေး သိတဲ့အတိုင်း ပဲ။ အပြင်မှာပဲ တစ်နေ့တစ်နေ့ အချိန်ကုန်နေတာ။ အိမ်ကပ်တာ မဟုတ်ဘူး"

"အဲဒီတော့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ကလေးကို အကြင်နာ ခေါ်ထားချင်တယ်… အဲဒါပဲ"

အကြင်နာ စကားဆုံးတော့ ဦးထွန်းတောက်က ရယ်လေသည်။ အရွယ်နှင့်မလိုက်အောင် ပူယန်တတ်ရန်ကောဟူ၍လည်း အကြင်နာ ခေါင်းကို ပွတ်လိုက်ကာ…

"အဲဒါ ကလေးအရာလား…လူကြီးတွေ စီစဉ်ရမယ့်ကိစ္စကို"

"ဟာ…လေးလေးကလည်း ခု…ဘယ်လူကြီးမှ မစီစဉ်လို့ အကြင်နာ ပြောနေရတာပေါ့ လေးလေးရဲ့။ ဒီအတိုင်းပစ်ထားရင် ကလေး ဒုက္ခရောက်သွားလိမ့်မယ်။ ဒီမှာခေါ်ထားလိုက်တော့ လူကြီးတွေရော အကြင်နာရော ရှိနေတာပဲ။ တစ်ယောက်မအား တစ်ယောက် အချိန်မှန် နို့ဗူးတိုက်လို့ရတာပေါ့။ ကြိုးလေး ဒုက္ခရောက်မှာစိုးလို့ပါ လေးလေးရဲ့…နော်"

"ဘာလေး"

ကလေးနာမည်ကို ခေါ်လိုက်မိစဉ် ဦးထွန်းတောက် နားမလည်သလိုမေးတော့ အကြင်နာ ရယ်လေတော့သည်။

"ကြိုးလေ လေးလေးရဲ့။ အကြင်နာရဲ့သံယောဇဉ်ကြိုးလေး လေ"

"ဟား…နာမည်ပေးတာ စိတ်ကူးယဉ်ဆန်လိုက်တာ"

"ခုခေတ်က နာမည်ဆန်းမှ လူစိတ်ဝင်စားတာ လေးလေးရဲ့၊ ကဲပြော…အကြင်နာ ကလေးကို ခေါ်ရမလား…မခေါ်ရဘူးလား"

"ကဲဗျာ…ကလေး စိတ်ချမ်းသာသလိုသာလုပ်၊ ကလေး



ကျေနပ်ရင်ပြီးတာပဲ"

"ဟေး…ဒါမှ တို့လေးလေးကွ"

"ရွတ်"

အကြင်နာက ဝမ်းသာအားရနှင့် လေးလေးပါးကို ရွတ်ကနဲ နမ်းပစ်လိုက်သည်။ အကြင်နာ ပျော်နေတာမြင်ရတော့ ခက်လည်း အတိုင်းမသိ ဝမ်းသာရပါ၏။ နောက်နေ့တွေမှာဆို ကြိုးလေး ရောက်လာတာနှင့် တစ်အိမ်လုံးမှာ အကြင်နာ့အသံက စာစာညံနေသည်။ ကျောင်းမသွားခင်ဆို ကိုယ်တိုင် အပင်ပန်းခံ၍ ကြိုးကို ပြုစုစောင့်ရှောက်သည်။ ခက် ကျောင်းသွားဖို့လာခေါ်ပြီဆို…

"ခက်ရေ…ခဏလေးစောင့်ဦးနော်၊ ငါ ကြိုးလေးကို နို့ဗူး တိုက်ခဲ့ဦးမယ်"

သူကိုယ်တိုင် နို့ဗူးတိုက်၊ တစ်ခါတလေ အနှီးဝတ်တွေ ဘာတွေးတာမကြီး လျှော်နေတာကို တွေ့ရနှင့်။ ခက်တော့ သူ့အစား စိတ်မောပါရဲ့။

"ဟွန်း…လူကဖြင့် အပျိုတောင်မဖြစ်သေးဘူး။ နင် ထမ်းနေတဲ့တာဝန်ကြီးက တကယ့်အိမ်ထောင်ရှင်ကြီးကျလို့။ အဲဒီလောက် အဖြစ်သည်းနေတာ မျက်စေ့စပါးမွေး စူးတယ်"

လို့ ခက်က စတိုင်း အကြင်နာက မခံသိမခံသာ ပြန်ပြောတတ်သည်။

"အဲဒါ Exerciseလုပ်နေတာလေ။ ကြီးလာရင် ကျွမ်းကျင်ပြီးသား ဖြစ်သွားတာပေါ့။ ကျုပ်မှာ သင်မယ့်ကြားမယ့် အမေဆိုတော

www.burmeseclassic.com

www.burmeseclassic.com



ရှိတာမဟုတ်ဘူး''

တဲ့။ ကဲ သူ့စကားက ဘယ်လောက်လူကြီးဆန်လိုက်သလဲလို့။

''ဘာလဲ…ရှင်လေးက ခုကတည်းက အိမ်ထောင်ပြု သားမွေး လုပ်ဖို့ စိတ်ဝင်စားနေပြီလား''

''မဟုတ်ရပါဘူးဟယ်…သဘောပြောပြတာပါ။ အိမ်ထောင်ပြုဖို့ဘာဖို့ ကျုပ်တို့အရွယ်က စဉ်းစားစရာလား။ ဒယ်ဒီနဲ့ကိုသော်တာကို ကြည့်ပြီး ယောက်ျားတွေကို မုန်းလွန်းလို့''

''အေးပါ…နှင့်စကားကို ဆယ်တန်းအောင်တဲ့အထိလောက် အထိတော့ ငါ ယုံကြည်ပေးပါ့မယ်''

စောင့်ကြည့်ဆိုတဲ့ မျက်နှာပေးလေးနှင့် အကြင်နာက ပြောင်စပ်စပ်လုပ်ပြလေသည်။

''ကဲ…မပြီးသေးဘူးလား…သွားမယ်''

''ပြီးပါပြီဟဲ့…ခဏနေဦး။ ကြီးကြီးအုံးကို ခေါ်လိုက်ဦးမယ်''

ပြောရင်းဆိုရင်း ကြီးကြီးအုံးကို လှမ်းခေါ်လိုက်သည်။

''ကြီးကြီးအုံးရေ…ကြီးကြီးအုံး''

''လာပြီ…ကလေးရေ''

ကြီးကြီးအုံးခမျာလည်း အကြင်နာ ခေါ်လိုက်တာနှင့် သုတ်သီးသုတ်ပျာ ထွက်လာ၏။

''အကြင်နာ ကျောင်းသွားတော့မယ်။ ကလေးကို အချိန်မှန်နို့ဗူးတိုက်ပေးနော် ကြီးကြီးအုံး။ ချိုတာ ဖြည်းဖြည်းချို။ ကလေးက နုနုလေးဆိုတော့ ပွန်းလွယ်ပဲ့လွယ်လေ…ဩော်…ဟိုအနှီးတွေ လျှော်ရှိရင် ကြီးကြီးအုံး မလျှော်နဲ့နော်။ ကလေးကိုပဲ ဂရုစိုက်။ အကြင်နာ ကျောင်းကပြန်လာမှ အနှီးတွေလျှော်မယ်။ သိလား…ဟို…ပြီးတော့''



''အမယ်လေး…အကြင်နာရယ်…နင့်ပါးစပ်မို့ တတ်နိုင်တယ်နော်။ တစ်ခါတည်း မြင်းအိုးပေါက်သလို တဖွတ်ဖွတ်နဲ့ ဒီလောက်မှာနေတာ ကြာတော့ နင့်အစား ငါ ရေဆာလာပြီဟာ''

သည်လိုပြောတော့မှ ကောင်မက ဟီးကနဲရယ်ကာ ကလေးကို ကြီးကြီးအုံးလက်ထဲသို့ အပ်၍ ကျောင်းလာဖြစ်ခဲ့ကြသည်။ စာသင်ချိန်ဆို နည်းနည်းဆရာလစ်တာနဲ့…

'ကြိုးလေးကို သတိရလိုက်တာလို့' တိုးတိုးကပ်ပြောရင် ခက်က မျက်စောင်းထိုးပြီး ထိပ်ခေါက်ပစ်လိုက်သည်။ ပြောမနာဆိုမနာတွေမို့ ဦးရာလူက ထိပ်ခေါက်နေကျလေ။ ညနေကျောင်းဆင်းပြီဆိုလည်း အကြင်နာက ရှေ့မှ…

''ငါ့ကို စောင့်ပါဦး အကြင်နာရယ်…တကတည်း ခွေးလိုက်ခွဲလို့ ပြေးနေရတဲ့အတိုင်းပဲ''

''ဒီလောက် အိမ်ကို ခင်တွယ်နေရင်လည်း နင် ကျောင်းမတက်နဲ့တော့။ အိမ်မှုကိစ္စတွေပဲ လုပ်တော့ အကြင်နာ''

''အဲဒါတော့ မဖြစ်သေးဘူးဟ…ငါက ဆရာဝန်မကြီးလုပ်ပြီး အားကျပ်တွေ၊ ဆေးထိုးအပ်တွေ ကိုင်ချင်သေးတာကိုး''

''ဟွန်း''

ခက်က နှာခေါင်းရှုံ့လေ၏။ စကားတပြောပြောနှင့် အိမ်ရောက်ဘယ်ဆိုရင်ပဲ…





www.burmeseclassic.com

www.burmeseclassic.com



"ကြိုးလေးရေ…အန်တီ ပြန်လာပြီ"

အိမ်ပေါ်သို့ ပြေးတက်ပြီး လွယ်အိတ်ကို ကြုံရာအရပ်မှာ ပစ်ချထားကာ ကလေးကိုသာ အငမ်းမရ ပွေ့ချီနမ်းရှိုက်လေတော့သည်။ ဒါကိုပဲ ခက်က စဖြစ်အောင်စလိုက်သေး၏။

"ချစ်…ချစ်…တော်ကြာ ကြာလေလေ့ချစ် အပစ်ရခက်တဲ့ အချိန်ရောက်မှ ရင်ဝကို စူးကန်သွားရင် နင် ရင်ကွဲပက်လက် ဖြစ်ကျခဲ့မှာ မြင်ယောင်ပါသေးရဲ့…အဲဒီကျမှတော့ မျက်ရည်လေး တစမ်းစမ်းနဲ့ လုပ်မပြနဲ့"

ဒီလို စခဲ့နောက်ခဲ့တဲ့စကားဟာ နိမိတ်ပြောနေသလို ဖြစ်သွားမယ်သိခဲ့ရင် ခက် သူ့ကို မစခဲ့ပါဘူး။ ရင်အုပ်မကွာ အကြင်နာကိုယ်တိုင်ပြုစုစောင့်ရှောက်လာခဲ့တဲ့ ကလေး။ တွတ်တီးတွတ်တာ အရွယ်လေးရောက်လာတော့ ဝမ်းနဲ့မလွယ် သားမမယ်တာမို့ ကြိုးရဲ့မိဘတွေက ကြိုးကို လာခေါ်ကြလေပြီ။ မေတ္တာချုံလွှာ တစ်ထည်စာသာ ပေးခွင့်သော အကြင်နာမင်းသမီးလေး။ သံယောဇဉ်ကြိုးကို ဝင်တိုးဖြတ်တောက်လာသူရှိလေပြီဆိုတော့ ပျော်ရွှင်စရာ သူမဘဝလေးဟာ ရေခန်းငါးလို ဖြစ်ခဲ့ရပြန်သည်။



## အခန်း (၂၃)

"အဟင့်…ဟင့်…ဟီး…ဟီး…ဟီး"

ကြိုးကို ပြန်ခေါ်တော့မည်ဆိုတော့ အကြင်နာ ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုလိုက်တာမပြောပါနဲ့တော့။ လူကြီးတွေကတော့ ဝိုင်းချော့ကြပါသည်။

"ညီမလေးရယ်…မမရင်ထဲကိုလည်း ဝင်ကြည့်ပါဦး။ ကြိုးလေးက မမ ဝမ်းနဲ့လွယ်မွေးထားရတဲ့ မမရဲ့သမီးလေးပါ။ မလွဲသာလို့ ခွဲနေရပေမယ့် တစ်နေ့မှ မေ့လို့မရပါဘူးဟယ်…ခု… မမ ကျန်းမာရေးလေး ကောင်းလာပြီဆိုတော့ သမီးလေးကို ကိုယ်ဖိရင်ဖိ ပြုစုချင်တာပေါ့။ ညီမလေး ကိုယ်ချင်းစာကြည့်ပါဦး"

မမ ချစ်ကြင်နာဝေကလည်း သူ့သမီးလေးကို ငိုကာရယ်ကာနှင့် အသနားစာခံပြီး ပြန်တောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမ ကျန်းမာရေးကလည်း ကောင်းရင် အစကတည်းက ကောင်းနေပါလား။ ခုတော့ တစ်နှစ်ကျော် နှစ်နှစ်နီးပါး သေမလို ရှင်မလိုဖြစ်ပြီး ခုမှ ဘာလို့ လာကောင်းနေသေးလဲ"

"ကလေး…အကြင်နာ ကိုယ့်မမကို ဒီလိုမပြောရဘူးလေ"

"ပြောမှာပဲ…အကြင်နာ ကြိုးလေးကို မခွဲနိုင်ပါဘူးဆိုမှ သူတို့က ပြန်လာခေါ်တာ တရားသလား"

"အကြင်နာ လေးလေးစကားကို နားထောင်စမ်း"

အချေအတင် စကားပိုင်းမှာ ကြိုးလေးက အကြင်နာ့ရင်ခွင်ထဲသို့ တိုး၍ မျက်နှာလေးဝှက်ထားလေ၏။ မမချစ်ကြင်နာက လက်ကမ်း ခေါ်တိုင်း ခေါင်းတခါခါနှင့် ငို၍ အကြင်နာ့ကို ဖက်ထားလေသည်။

"ကလေးတောင် ကြိုးကို ဒီလောက်ချစ်နေရင် ချစ်ကြင်နာက ကြိုးရဲ့မိခင်ရင်းလေ။ ကလေးထက် ကြိုးကို ပိုချစ်တာပေါ့။ သူတို့ သားအမိချင်း အတူတူနေပါစေဦး…ပြန်ပေးလိုက်နော်"

"ဟုတ်သားပဲ အကြင်နာရယ်…နင့်မှာ ကလေးကတစ်ဖက် ကျောင်းတစ်ဖက်နဲ့ နောက်နှစ်ဆိုပဲ ဆယ်တန်းတက်ရင် နင် ဘယ်လို လုပ်မလဲ။ နင်ပဲပြောတော့ ဆရာဝန်ဖြစ်ချင်တယ်ဆို။ ဆေးမှတ်မီအောင် ကလေးတစ်ဖက်နဲ့ နင် ဘယ်လိုကြိုးစားမလဲ…ပြော"

ဒါလည်း ဟုတ်တော့ဟုတ်ပါသည်။ အကြင်နာရဲ့အကြီးမားဆုံး မျှော်လင့်ချက်က ဆရာဝန်ဖြစ်ဖို့။ ကြိုးလေးကိုလည်း သူမ မခွဲနိုင်ပါ။ ဘယ်လိုလုပ်ရမလဲ။

"နင်ပြောတာ ဟုတ်တော့ဟုတ်ပါတယ် ခက်ရယ်…ဒါပေမယ့် ငါမှ ကြိုးကို မခွဲနိုင်တာ"



"တခြားသူတွေမှ မဟုတ်ဘဲ အကြင်နာရယ်…သမီးလေးကို သတိရတဲ့အခါ ကျောင်းပိတ်ရက်တွေမှာ အကြင်နာ ကိုသော်တို့အိမ်ကို လာလည်လို့ရတာပဲလေ"

မမယောက်ျား ကိုသော်တာကလည်း ဖျောင်းဖျသည်။ ကြိုးက သူမလေး အဖေနှင့်အမေ့ကို ကြည့်ပြီး ကြောက်လန့်သလို အကြင်နာ ရင်ခွင်ထဲကို တိုးလေ အကြင်နာခမျာ ငိုရလေဖြစ်နေပြီ။

"ကလေး…လေးလေးစကားကို နားထောင်စမ်း။ ကြိုးကို ပြန်ပေးလိုက်နော်။ ကျောင်းပိတ်တော့ သွားလည်ပေါ့"

"အဟင့်…ဟင့်"

ကလေးကငို၊ အကြင်နာကငို၊ ကြားလူတွေ မျက်နှာညှိုကုန်ကြ ရပြီ။ ခက်လည်း အကြင်နာ ခံစားနေရတာကို မကြည့်ရက်တော့ပေ။ နေ့တိုင်း ကိုယ်ဖိရင်ဖိ ပြုစုနေတဲ့ အကြင်နာ မဆိုထားနှင့်။ ခက်တောင် မြင်ရချီရဖန်များလာတော့ ကြိုးလေးကို သံယောဇဉ်တွယ်နေရပြီလေ။

"ကလေး"

"အကြင်နာ ကြိုးကို ပြန်ပေးလိုက်ပါ့မယ် လေးလေးရယ်"

"ညီမလေး တကယ်ပြောတာလားဟင်…မမ ဝမ်းသာလိုက်တာ"

အကြင်နာ ကလေးကို တစ်ဝကြီး နမ်းရှိုက်ပစ်လိုက်သည်။ ပြီးမှ မမရင်ခွင်ထဲသို့ ကလေးကို ထိုးထည့်ပေးခဲ့ပြီး အခန်းထဲသို့ ပြေးဝင် သွားလေတော့၏။ ကလေးက မိဘတွေလက်ထဲမှာ ကော့ကန်ချေသော၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်…

ကိုသော်တာနှင့်မမချစ်ကြင်နာဝေတို့ကတော့ သမီးလေးကို ချော့မော့၍ ပြန်ခေါ်သွားကြလေ၏။ အကြင်နာကတော့ အခန်းတံခါး ကိုပိတ်ပြီး မျက်ရည်တွေနှင့် အလူးအလိမ့်။

"ကလေး…ကလေး…တံခါးဖွင့်ပါဦး"

"အကြင်နာ…တံခါး ခဏလောက်ဖွင့်ပါဦးဟာ…ငါ နှင့်ကို ပြောစရာရှိလို့"

"မဖွင့်ဘူး…မလာနဲ့…သွားကြ…သွားကြ"

ခံစားချက်တွေနှင့် ယိုဖိတ်လာတဲ့အသံက ပလုံးပထွေး။ နှစ်ရက် တိတိ ထမင်းထွက်မစားတာကြောင့် အားလုံးက အကြင်နာအတွက် စိုးရိမ်ပူပန်နေကြရသည်။

"ကလေး…လေးလေး ခေါ်နေတယ်နော်…တံခါးဖွင့်စမ်း"

"အဟင့်…ဟီး"

တုံ့ပြန်မှုက တဟီးဟီးနှင့် ငိုသံ။

"အကြင်နာ…လေးလေးစကားကို နားမထောင်ဘူး။ လေးလေးကို ထွက်မတွေ့ဘူး။ ဒီလိုပဲ ထမင်းမစားရေမသောက်နေ ဦးမယ်ဆိုရင် လေးလေး ပျဉ်းမနားကို ပြန်သွားမှာနော်။ မယုံမရှိနဲ့။ လေးလေး အထုပ်အပိုးတွေပြင်ပြီးပြီ။ စိတ်ညစ်မခံနိုင်တော့ဘူး… ပြန်တော့မယ်"

သည်တော့မှ အကြင်နာ ငိုသံလေးပျောက်သွားလေသည်။ သူမ ဘဝမှာ တွယ်တာစရာဆိုလို့ လေးလေးပဲ ရှိတော့တာ။ လေးလေး





ပြန်သွားလို့တော့ မဖြစ်ပါဘူး။

ခဏကြာတော့ အခန်းတံခါး ချပ်ကနဲ ပွင့်လာလေ၏။

"ကြည့်စမ်း…ကလေး နှစ်ရက်နဲ့ အတော်ကို ပိန်ကျသွားတာ ပဲ။ မဖြစ်ဘူး…ဆရာဝန်ခေါ်ပြမှ ဖြစ်မယ်။ သမီးခက်…"

"ရှင်…လေးလေးထွန်း"

"လောင်းပုကို သွားပြောချေစမ်း…သမီး၊ ဆရာဝန်ကို ဖုန်းဆက်ခေါ်လို့"

"အကြင်နာ ဘာမှမဖြစ်ပါဘူး လေးလေးရယ်"

"ဖြစ်ဖြစ်မဖြစ်ဖြစ် သမီးခက်…သွား"

"ဟုတ်ကဲ့ လေးလေးထွန်း"

ခက် ကိုလောင်းပုကို သွား၍ ဆရာဝန်ဆီသို့ ဖုန်းဆက်ခေါ်ခိုင်း လိုက်သည်။ ဆရာဝန်ပင် အိမ်သို့မရောက်သေး။ အကြင်နာ တစ်ယောက် မူးမိုက်၍ လဲသွားရသည်အထိ။

"လူနာက အရမ်းအားနည်းနေတယ်။ သူ့ကို ကျွန်တော် ဆေးထိုးပေးခဲ့မယ်။ သောက်ဆေးလည်း ပေးခဲ့မယ်။ ပြီးတော့ ကျွန်တော် တစ်ခုမှာချင်တာက အရမ်းစိတ်ထိခိုက်တာမျိုး သူ့ကို မဖြစ် ပါစေနဲ့နော်။ နောက်ထပ် စိတ်ထိခိုက်စရာတွေရှိလာရင် heart ဖြစ် သွားနိုင်တယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ…ကျွန်တော်တို့ ဂရုစိုက်ပါ့မယ်"

ဆရာဝန် ပြန်သွားပြီး အကြင်နာ သတိရလာတော့ လုံးဝ မငိုတော့ပေ။ ဘာပြောသလဲဆိုရင် သူ ကြိုးကို မေ့နိုင်အောင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့။ အမြဲတမ်း အပြောနဲ့ညီအောင် လုပ်တတ်တဲ့ အကြင်နာဟာ တကယ်ပဲ သူမရဲ့စိတ်ကို စာထဲမှာပဲ မြှုပ်နှံပစ်လိုက်သည်။

ကြိုးတို့မိသားစု အလည်လာရင် လုံးဝ ထွက်မတွေ့ပေ။ နောက် မလွဲမသွေ တွေ့ဖြစ်ကြပြီဆို မမြင်ရတာ နှစ်နဲ့ချီကြာပြီဆိုတော့ ကြိုးကလည်း အကြင်နာကို စိမ်းသက်သွားသလို အကြင်နာကလည်း ကြိုးအပေါ် ချစ်တဲ့ သူမရဲ့အချစ်တွေကို ဖုက်ကွယ်သိမ်းထားရင်း နေလာခဲ့ကြတာ အကြင်နာ ဆေးကျောင်းသူဘဝရောက်တဲ့အထိ။



## အခန်း (၂၄)

ဆေးတက္ကသိုလ်ကျောင်းသူဘဝမှာ သူများတွေလို ကာလာတွေ မခြယ်၊ မော်ကြွားခြင်းကင်းမဲ့သော အကြင်နာဟာ စန္ဒီးပွိုက်မင်းသမီးလေးလို လှသည်ဟု လူတိုင်းက ပြောကြသည်လေ။ တကယ်လှလို့လည်း 'ကွင်း' ဆိုတဲ့ဘွဲ့ကို ပိုင်ဆိုင်ထားသူပါ။

"အကြင်နာ"

"ဒီမှာ တို့နောက်ကို ဘာလို့ တကောက်ကောက် လိုက်နေတာလဲ"

"ပြောစရာလေးရှိလို့ပါ"

"ရှေ့ကပြောသွားတဲ့လူတွေအတိုင်းပဲမို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဒါဆိုရင် ရှေ့ကလူတွေလိုပဲ ရှင် ပြန်တော့"

"အာ…မဟုတ်သေးဘူးလေဗျာ"

အကြင်နာ့ကို ကျောင်းမှာ ရည်းစားစာလိုက်ပေးသူတွေ ချစ်ရေးဆိုသူတွေက တစ်ပုံတစ်ပင်။ အားလုံး ဒီလိုလူတွေ…အကြင်နာ့ကို ပိုးကြပမ်းကြသူတွေထဲမှာ ခုလိုက်လာတဲ့ တစ်ယောက်ကတော့ အထူးခြားဆုံးပါပဲ။ ချောမွေ့နေတဲ့ သူ့အသွင်က ကြည့်ကောင်းသလို စရိုက်ကလေးကလည်း သူများတွေနှင့်မတူပါ။ ခွဲခုပေးရလျှင် သူက ပထမ။ နာမည်ကတော့…

"ကျွန်တော့်ကို အကြင်နာ သိလား"

"မသိဘူး"

"မသိရင် ပြောပြမယ်"

"မပြောနဲ့၊ နားမထောင်ချင်ဘူး"

"မရဘူး…ပြောမှာပဲ။ နာမည်က မျိုးဆက်သစ်။ ရင်ထဲမှာတော့ အကြင်နာကို ချစ်တယ်"

"ထွင်တယ်ဟ…အကြင်နာရေ…အခြေအနေ"

ခက်က အကြင်နာ သူ့ကို နည်းနည်းတော့ စိတ်ဝင်စားနေတယ်ဆိုတာ သိလို့ ကလိလိုက်ခြင်းပါ။

"မိခက်နော်…ပေါက်ကရတွေ မမေးနဲ့"

"သူက ပေါက်ကရမမေးပါဘူး။ တို့နောက်က ပေးမယ်နော်။ ရှော့"



ပခုံးပေါ်မှကျော်၍ ပေးလာသောအရာလေးက အဖြူရောင် နှင်းဆီတစ်ပွင့်။

"မယူဘူး"

"ယူလိုက်ပါ…ဒါ ဖြူစင်ခြင်းရဲ့အဓိပ္ပာယ်ဆောင် အမှတ်အသားလေးပါ"

"အို…မယူပါဘူးဆို"

"မယူလို့မရဘူး…ယူကိုယူရမယ်။ တစ်ခါတည်း ခေါင်းမှာ ပန်ပေးခဲ့မယ်နော်။ လွှင့်မပစ်ရဘူး"

ပြောပြီး နှင်းဆီရိုးလေးကို ပန်လို့ရတဲ့အနေအထားမှ ချိုးပြီး အပွင့်ကို အကြင်နာခေါင်းမှာ ထိုးစိုက်သွားလိုက်တာ တားချိန်ပင်မရလိုက်ပါ။ အဝေးသို့ရောက်မှ သူက နောက်ကြောင်းပြန်လှည့်ကြည့်ကာ

"နောက်နေ့တွေကျရင် အကြင်နာတို့ခြံဝမှာ ကိုယ် လာပို့ထားမယ်။ တစ်ခါတည်း ပန်လာခဲ့…သိလား"

လက်ဖျားလေးတွေကို နှုတ်ဖျားပေါ်တင်လျက် အာဘွားပေးသလို လုပ်သွားပုံက အသည်းယားစရာ။ အကြင်နာ နှုတ်ခမ်းကို ဖိကိုက်ပြီး မျက်စောင်းထိုးလိုက်ပေမယ့် ထိုမျက်စောင်းရဲ့နောက်ကွယ်မှာ ရင်ခုန်လှိုက်မောခြင်းတွေ ကပ်ပါနေတယ်ဆိုတာ ခက် သိတာပေါ့။

"မိန်းမ…ရုပ်က ပြိတ္တာနဲ့ မရိုးတော့ဘူးနော်"

"ဩော်…ရိုးပါတယ် ခက်ရယ်…ငါ့ရုပ်က ဘာဖြစ်နေလို့လဲ"

"ခါတိုင်း အခြားကောင်တွေလိုက်တုန်းက ရုပ်နဲ့ တူကိုမတူလို့"

www.burmeseclassic.com

www.burmeseclassic.com



"အချင်းချင်း မရစ်နဲ့ ခက်ရာ…"

"ငါ ရစ်တာမဟုတ်ဘူး။ နင်က ဝန်မခံတာကိုး"

"ငါက ဘာကို ဝန်ခံရမှာလဲ"

"နင် မျိုးဆက်သစ်ကို စိတ်ဝင်စားတယ်မဟုတ်လား။ မညာနဲ့ ငါ သိတယ်။ သူက ကျန်တဲ့ကောင်တွေလိုမှ မဟုတ်တာ။ နင်သွားတဲ့ အရပ်တိုင်းမှာ လိုက်ပြီးချောင်းချောင်းကြည့်တာကတစ်မျိုး၊ ကြို့ပြီး ရပ်စောင့်ကြည့်နေတာကတစ်မျိုး ဖွကတော့ တကယ်ကောင်းပါ့တော်။ လိုက်တာတော့ ကြာပြီ၊ ပရိုပို့စ်ကျတော့ ခုမှလာလုပ်တယ်… လူထူးဆန်း"

အကြင်နာ ရှက်ပြုံးလေးပြုံးမိပါသည်။ ဒါ ဝန်ခံခြင်းပဲပေါ့။ အမြဲတမ်း အကြင်နာရှေ့မှာဆို အကြင်နာ သတိထားမိအောင် လုပ်ပြတတ်သူပင်။ သူများအခက်အခဲရှိနေလျှင် ဝင်ပြီးကူညီဖြေရှင်းပေးလိုက်တာမျိုး။ ဆရာ၊ ဆရာတွေခိုင်းသမျှ မညည်းမညူ ဆောင်ရွက်ပေးတတ်တာမျိုး။

အဲ…ကြည့်မရတဲ့ ကောင်မလေးတွေဆိုလျှင်တော့ ကလန်ကဆန်လုပ်ပြ၍ ကောလွှတ်လိုက်တာမျိုး။ တမင်လုပ်ပြတာမဟုတ်ပေမယ့် သူ့စရိုက်ကိုက အကြင်နာ သတိထားမိစရာဖြစ်နေတာ။

"မျက်လုံးလေးနဲ့×××ညှို့ယူလိုက်တဲ့ မင်းဘယ်သူလဲ××× ရှောင်လွှဲဖို့တော့ တဒင်္ဂလေးပဲ×××နောက်တစ်ခါ ကြည့်ရင်မငြင်းပါနဲ့… သိပ်ရှက်သွားမလားကွယ်×××နွယ်ကြိုးလေးလို အသဲမှာ ပတ်ချည်ထားသူရယ်×××ဖြေဖို့ခက်တယ်×××တဝဲဝဲလည် အထပ်ထပ်ပဲ ဆွဲရစ်





နောင်တယ် ရှုမဝသူလေးရဲ့ အကြည့်နဲ့×××ငါ့ရင်လောင်သွားတယ် အကြည့်တစ်ချက် အသည်းထဲထိအောင် ခါသွားတယ်×××ရင်ခုန်သံကို နားမလည်တဲ့ မင်းအကြည့်လေးကြောင့်ပဲ ရူးမယ်×××မျက်လုံးလေးနဲ့ ငါ့ရင်ထဲ တလှပ်လှပ် ခုန်တယ်××မင်း သိရဲ့လားကွယ်×××

နောက်နေ့တွေမှာ နေ့စဉ်ပုံမှန် နှင်းဆီဖြူလေးတွေ ခြံဝရောက်အောင် ပို့ပေးရုံတင်မကတော့ဘဲ ထိုသီချင်းသံလေးကို ညတိုင်းကြားနေရသည်။ ဒီညဟာဖြင့် အကြင်နာနဲ့သူ ချစ်သူတွေဖြစ်ရဖို့ အကြောင်းက ဖန်လာပြီထင်ပါရဲ့။ ညတိုင်းလိုလို ကြားနေရတဲ့ ဒီသီချင်းသံကို သည်းခံနိုင်စွမ်း မရှိတော့သူက လေးလေးထွန်းပါ။

"လေးလေး"

လေးလေးထွန်း အခန်းထဲကနေ ထွက်သွားတာမြင်လိုက်ဘတည်းက အကြင်နာရင်ထဲမှာ ထိတ်ကနဲ ဖြစ်သွားသည်။ ဒါကြောင့် လေးလေးထွန်းနောက်သို့ ပြေးလိုက်သွားလိုက်၏။

"လေးလေး ဘယ်သွားမလို့လဲဟင်"

"အိမ်ရှေ့က ဟောင်နေတဲ့ခွေးကို သွားမောင်းထုတ်ပစ်မလို့"

"အယ်…လေးလေး"

အကြင်နာ လေးလေးလက်ကို အမိအရ ဆွဲထားလိုက်လေ၏။

"ဒါက ဘာဖြစ်တာလဲ"

"သူ…ဆိုပါစေ လေးလေးရယ်…သူကလေ"

ဦးထွန်းတောက် အရှုယ်ရောက်နေပြီဖြစ်သော တူမချော၏ မျက်ဝန်းက စကားတွေကို ဘာသာပြန်ကြည့်လိုက်၏။ အဖြေက



www.burmeseclassic.com

www.burmeseclassic.com



အရှင်းကြီးပါ။

"ညည်း ကောင်လေးလား"

ခပ်ဆတ်ဆတ်မေးလိုက်တော့ အကြင်နာက မဝံ့မရဲဟန်နှင့် ခေါင်းညိတ်ပြလေသည်။

"အကြင်နာ လေးလေးကို မညာချင်ပါဘူး။ သူက မိကောင်းဖခင်ရဲ့သားသမီးပါ"

"ဒါဆိုရင် သွားခေါ်လာခဲ့…အခုပဲ သူ့ကို လေးလေး အကဲခတ်ကြည့်မယ်"

"ဟုတ်…ဟုတ်ကဲ့ပါ လေးလေး"

အကြင်နာ ဂါဝန်လေးတဖားဖားနှင့် ခြံရှေ့သို့ ပြေးထွက်လာခဲ့သည်။

"မျက်လုံးလေးနဲ့ ညှို့ယူလိုက်တာ မင်းပဲ×××ရှောင်လွှဲဖို့တော့ မဝံ့ရဲဘူးကွယ်×××ငါ့ရင်ထဲ မီးကျွမ်းနေတယ်…ဟူး×××ဟူး××× မော်ဝင်သလို ငါ့ရင်ခုန်တာ မင်းအကြည့်နဲ့ ခဏလေးပဲ×××ပြန်လည် ငါ မဖြေနိုင်ပါ×××ဒါ×××ဒါတွေ မခံနိုင်ဘူး"

မျက်လုံးကလေးမှေးစင်း၍ သီချင်းထဲမှာ ဈာန်ဝင်နေသော သူ့ကို အလိုက်သင့်ပဲ အကြင်နာ ရပ်ကြည့်နေလိုက်သည်။ သီချင်းဆုံးလို့ သူ့မျက်လုံးလေးတွေ ဖွင့်လာကာမှ…

"မျိုးဆက်သစ်"

"ဟင်…အကြင်နာ"

မယုံနိုင်သောမျက်ဝန်းများနှင့် သူက အကြင်နာကို ငေးငေးငေး





ကြည့်နေသည်။

"ရှင် တစ်ယောက်တည်းလား…အဖော်လည်းမပါဘူး"

"ကိုယ်က တစ်ကိုယ်တော်မင်းသားလေ။ ကောင်းရင်လည်း ကိုယ်တစ်ယောက်တည်းပဲ စံမယ်။ ဆိုးရင်လည်း တစ်ကိုယ်တည်းပဲ ခံမယ်။ အုပ်ဖွဲ့ပြီးမှ ကဲတာမျိုး ဝါသနာကိုမပါတာ"

"လူထူးဆန်းပေါ့"

သူက ရယ်လိုက်ပြီးမှ…

"အကြင်နာ ဘာလို့အပြင်ထွက်လာတာလဲ။ ကိုယ်ဆိုတဲ့ သီချင်းကို အိပ်ရာထဲကနေ နားထောင်နေလိုက်ရင်ပဲ ကိုယ် ကျေနပ်ပါတယ်"

အကြင်နာက မျက်စောင်းလေး ထိုးလိုက်လေသည်။

"ကျွန်မရဲ့လေးလေးက ရှင်နဲ့တွေ့ပေးပါဆိုလို့"

"ဘယ်လို"

"ရှင်ပြောခဲ့တဲ့စကားတွေကို ကျွန်မ ယုံကြည်တယ်။ ဒါကြောင့် လာခေါ်တာ…လိုက်မှာလား"

"ဟာ…လိုက်မှာပေါ့။ ကောင်းကောင်းမွန်မွန် ခေါ်တွေ့တာပဲ ဟာ"

သူက သူ့ဂစ်တာလေးကိုထမ်းပြီး အကြင်နာဘေးမှာ ရပ်လိုက်စဉ် ချစ်မျက်စောင်းတစ်ချက်က သူ့ဆီသို့ ဒိုင်းကနဲ ရောက်သွားခိုက်–

"အကြင်နာ"

"ပြော"

"ကိုယ့်ကို ဘာလို့ မကြာခဏ မျက်စောင်းထိုးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှက်ပြုံးလေးတစ်ပွင့်ကို ဖန်ဆင်းလျက်…

"ရှင် မသိဘူးလား။ မိန်းကလေးတွေက မုန်းတဲ့သူကို မျက်စောင်းမထိုးဘူး"

"အဲဒါ…တကယ်လားဟင်"

ဒုံးဝေးလိုက်တာဆိုတဲ့အကြည့်နဲ့ နောက်တစ်ကြိမ် မျက်စောင်းထိုးမိလေတော့…

"ဒါဆို အကြင်နာ ကိုယ့်ကို"

"မသိဘူး…လာ…လိုက်ခဲ့"

အကြင်နာ နောက်ကနေ သူ ရဲဝံ့စွာ လိုက်လာခဲ့သည်။ အကြင်နာ့ကိုသာ သူ တကယ်မချစ်ခဲ့ရင် လေးလေးကို သူ ဘယ်ရင်ဆိုင်ရဲပါ့မလဲနော်။ ခု သူက တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနှင့်ပဲ လေးလေးရှေ့မှောက်ကို အရောက်ခစားလာခဲ့ပြီ။

"လာ…ထိုင်"

"ဟုတ်ကဲ့"

သူနှင့်အကြင်နာ မျက်နှာချင်းဆိုင်ပဲ ဝင်ထိုင်လိုက်ကြသည်။ လေးလေးက သူ့ကို အတန်ကြာအောင်ပင် အကဲခတ်သလို ကြည့်နေပြီးမှ-

"အကြင်နာရဲ့ချစ်သူဆိုတော့ တွေ့ဖို့လိုမယ်ထင်လို့ မောင်ရင့်ကို ခေါ်ခိုင်းလိုက်တာ။ မောင်ရင့်သတ္တိကိုတော့ ချီးကျူးပါတယ်"

အကြင်နာ ပြောထားပြီးပြီလား။ ချစ်သူဆိုသော ဝေါဟာရကြောင့် သူ အကြင်နာကို ပီတိပြုံးနုနုလေးတွေနှင့် ကြည့်နေသည်





ဆိုတာ မျက်ဝန်းထောင့်ကနေ အကြင်နာ ခိုးကြည့်လို့ မြင်ပြီးပြီ။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"မျိုးဆက်သစ်ပါ အန်ကယ်…ကျွန်တော့် ဒယ်ဒီနဲ့ မာမီက ဦးခင်ထွဋ်နဲ့ ဒေါ်စောရှင်ပါ။ ကျွန်တော်က အကြင်နာတို့နဲ့ ကျောင်းတစ်ကျောင်းတည်း။ မွေးချင်းမရှိ၊ တစ်ဦးတည်းသောသားပါ။ အဲဒါ အပိုအလိုမရှိ အဖြေပါပဲခင်ဗျာ"

တစ်ဘရိတ်တည်း ပြောသွားလိုက်တာ ဘယ်နေရာမှ အထစ်အငေါ့မရှိ။ ညာတဲ့သူဆိုလျှင် စကားလုံးတွေ ရှာနေရဦးမှာ။ ဦးထွန်းတောက် ကောင်လေးကို သဘောကျသွားလေ၏။

"အန်ကယ့်တူမကတော့ မိဘတွေ မရှိကြတော့ဘူးဆိုတာ မင်းသိတယ်နော်"

"ဟုတ်ကဲ့…သိပါတယ်။ အကြင်နာ့မာမီ ဆုံးသွားပြီဆိုတဲ့အကြောင်းရော သူ့ဒယ်ဒီရဲ့ လူမှုရေးဆိုင်ရာ အချက်အလက်တွေရော ကျွန်တော် အားလုံးစုံစမ်းထားပြီးသားပါ။ ကျွန်တော်သိသလို ကျွန်တော့်မိဘတွေလည်း သိကြပါတယ်ခင်ဗျ"

ဦးထွန်းတောက် မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေတော့၏။ ဒီကောင်လေးကို လျှော့တွက်လို့မရပါလား။ ကိုဝင်းလှိုင်ရဲ့အကြောင်းတွေကိုပါ စုံစမ်းထားပြီးသားဆိုတော့…

"ဒါဆို ကလေးရဲ့ ဒယ်ဒီနဲ့ပတ်သက်ပြီး မင်းမိဘတွေက ဘာပြောလဲ"

နာမည်ဆိုးရှိနေသော ကိုဝင်းလှိုင်ရဲ့ပြစ်ချက်တွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းတောက် ရင်တမမနှင့် မေးရခြင်းပါ။ မျိုးဆက်သစ်က ရယ်လျက်…

"ကျွန်တော့် ဒယ်ဒီနဲ့မာမီက ပြောပါတယ်။ မိဘတွေမကောင်းတိုင်းသာ သားသမီးတွေ လိုက်မကောင်းကြရင် လောကကြီးဟာ လူမိုက်တွေ၊ လူရမ်းကားတွေ အုပ်စိုးပြီး အကျည်းတန်သွားလိမ့်မယ်တဲ့။ လက်ဖဝါးတစ်ခုတည်းမှာ စုစည်းနေကြတဲ့ သက်ငါးချောင်းမိသားစုတောင်မှ လက်မက သန်းတုတ်ပြီး အကုသိုလ်လုပ်ပေမယ့် လက်သန်းက ဘုရားရှိခိုးရင် ရှေ့ဆုံးက ကုသိုလ်ယူတယ်လို့ ပြောပါတယ်"

ကောင်လေး စကားပြောပုံက လိမ္မာပါးနပ်မှုရှိလေ၏။ မိဘဆွေမျိုးအသိုင်းအဝန်းနှင့် သူ့ပုံစံက ငြင်းလောက်စရာမရှိပေ။ ကိုယ့်ဘက်ကသာ ချို့ယွင်းချက်တွေ ရှိနေတာ။ ဒါကြောင့် ဦးထွန်းတောက်က မျိုးဆက်သစ်ကို အကြင်နာနှင့် သဘောတူကြည်ဖြူခဲ့သည်။ မျိုးဆက်သစ်၏မိဘတွေကလည်း အကြင်နာကို ချစ်ကြလေ၏။ သူတို့နှစ်ဦး၏ ချစ်ခရီးလေးက သာယာဖြောင့်ဖြူးလှပါသည်။

"ခုကတည်းက ပြောထားမယ်နော် မျိုးဆက်…ရှင်နဲ့ကျွန်မ ကျောင်းပြီးမှပဲ လက်ထပ်ကြမယ်။ ဒီကြားထဲ နားပူနားဆာတော့ လာမလုပ်နဲ့…သိလား"

"မလုပ်ပါဘူး အကြင်နာရာ…ကိုယ်က အကြင်နာနဲ့ ခုလို ချစ်သူဖြစ်ခွင့်ရတာကိုပဲ ကျေနပ်နေတာ။ အဲ…တစ်ခုတော့ ရှိတယ်"

"ဘာတစ်ခုလဲ"





"ကိုယ်ကလွဲပြီး အခြားကောင်တွေကို မျက်စောင်းမထိုးရဘူးနော်"

အကြင်နာ သူ့ရဲ့ချစ်သူ ဖြစ်ခွင့်ရတာကို ပီတိဖြစ်ရပါသည်။ သူက အကြင်နာပျော်အောင် ရယ်စရာတွေပြော။ အထူးအဆန်းတွေ လုပ်ပြနှင့် အကြင်နာရင်ထဲမှာ အချစ်တွေ တိုးသည်ထက်တိုးလာအောင် စွမ်းဆောင်နိုင်ခဲ့လေ၏။

ထိုအချိန်က…

သူတို့နှစ်ဦးရဲ့ရင်ထဲမှာ တစ်ယောက်ကိုတစ်ယောက် ချစ်တာကလွဲ၍ ကံကြမ္မာဆိုတာ မှုန်ရီပိုးတဝါး ညကာလပမာ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၅)

လူတစ်ယောက်၏ဘဝအလှည့်အပြောင်း၊ အချိုးအကွေ့တွေက တစ်ခါတစ်ရံ အလွန်အံ့သြစရာကောင်းလောက်အောင် ကြောက်စရာကောင်းလှပေ၏။

ဆေးတက္ကသိုလ်ကျောင်းသူလေး အကြင်နာ၏အလှက ဖူးသစ်စပန်းကလေးတစ်ပွင့်လို တစ်နေ့တခြား စိုပြေနုသစ်လာသည်နှ ရမ္မက်နွံမှာ နစ်သည်ထက်နစ်၍ အမှောင်လမ်းကို မှောင်မှန်းသိပျက် ဝင်ထွက်နေသည့် ကိုသော်တာတို့၏ ကံကြမ္မာက စလုံရေ ဘယ်က လို့ လေပွေရိုင်းတွေ ဝင်ရောက်တိုက်ခတ်လာသလဲဆိုရင်…

"အကြင်နာရေ…မောင်သော်တာ ရောက်နေတယ်"





ကိုသော်တာ ရောက်တယ်ဆို၍ အကြင်နာ ဧည့်ခန်းထဲသို့ ထွက်လာခဲ့သည်။

"သြော်…ကိုသော် ဘယ်ကလှည့်လာတာလဲ"

လိုရင်းနှင့် တိုတိုရှင်းရှင်းသာ မေးပစ်လိုက်သည်။ သူနဲ့ စကားတွေ အပိုမပြောချင်။

"ကိုသော်တို့က ကြီးတဲ့သူတွေဆိုတော့ ငါ့ညီမ နေရထိုင်ရတာ အဆင်ပြေရဲ့လားလို့ လာမေးတာပါ။ ကိုသော်တို့မှာလည်း တာဝန်ရှိတယ်လေ"

"အကြင်နာအတွက် စိတ်မပူပါနဲ့။ လေးလေးထွန်းနဲ့ ကြီးကြီးအုံးတို့သားအမိ ရှိတယ်။ အားလုံးလည်း အဆင်ပြေတယ်။ ကိုသော် မမကိုသာ ပစ်မထားပါနဲ့။ ပြီးတော့ ကိုယ်မွေးထားတာ သမီးလေးဆိုတာကိုလည်း သတိရဦး။ ကိုသော် ဆင်ခြင်ပြီး နေထိုင်သင့်နေပြီ"

ဒီစကားက လိုအပ်လို့ အကြင်နာ ပြောလိုက်တာပါ။ ကိုသော် ရှုပ်ပွေနေခဲ့သမျှ ကြီးအပေါ်ကို ဝဋ်လည်မှာ အကြင်နာ စိုးရိမ်နေသည်။

"အကြင်နာကတော့ကွာ…ကိုသော့်ကို မြင်တာနဲ့ ကောပြီ"

"တမင်ကောချင်လို့ မဟုတ်ဘူး ကိုသော်။ ဝဋ်လည်မှာစိုးလို့ ပြောနေတာ"

ထိုနေ့မှာတင်ပဲ ကိုသော်တာတစ်ယောက် အကြင်နာ၏အလှကို သတိထားမိသွားလေသည်။ အစကတော့ ဧနီးသည်၏တိုက်တွန်းချက်



www.burmeseclassic.com

www.burmeseclassic.com



အရှ အကြင်နာ နေရထိုင်ရတာ အဆင်ပြေရဲ့လားလို့ အမှန်တကယ် လာကြည့်ခဲ့တာပေမယ့် နောက်တော့ ဗီဇက ဖုံးဖိလို့မရဘဲ မရိုးသား စိတ်တွေနှင့် အကြင်နာအိမ်သို့ မကြာခဏ ရောက်လာဖြစ်တော့သည်။ ကိုသော့်အကြောင်းကို သိနေသော အကြင်နာက ကိုသော့်ကို ခေါ်ထုး မေးပြောလုပ်ရုံမှအပ အရောတဝင်မနေပေ။ တစ်နေ့ မျိုးဆက်သစ် ရောက်လာတာနှင့် ကိုသော်တာတို့ ဆုံဖြစ်ကြသည်။

“အယ်…မျိုးဆက် လာတယ်။ အတော်ပဲ…အိမ်မှာ ဒီနေ့ မျိုးဆက်ကြိုက်တဲ့ ဒါ…ချက်ထားတယ်။ ထမင်းစားပြီးမှ ပြန်နော်”

ပုစွန်ထုပ်ကြီးကို လက်ညှိုးကလေးကွေး၍ ပုံလုပ်ပြလေသဖြင့် မျိုးဆက်က ဗိုက်ကို လက်နှင့်ပွတ်ကာပင်…

“အင်း…ထမင်းတောင် ဆာလာပြီ။ အကြင်နာ့လက်ရာ စားရမှာလား”

“ဟုတ်တယ်…ဒီနေ့ကျောင်းပိတ်လို့ အကြင်နာကိုယ်တိုင် မီးဖိုချောင်ထဲဝင်နေတာ။ ခုမှ ကားသံကြားလို့ မျိုးဆက်လာတယ်ဆိုတာ စိတ်က အလိုလိုသိပြီး ထွက်လာတာ”

“ကြိုးစား…ကြိုးစား…ကိုယ်က အိမ်ဖော်ထားမပေးဘူးနော်။ အိမ်ရှင်မကိုယ်တိုင် ချက်တာကိုပဲ စားမှာ”

“အမယ်…မရပါဘူးနော်။ ဒီကလည်း ဆေးထိုးအပ်ဝဲ ကိုင်မှာ”

“အဲဒီလိုဆိုတော့လည်း သခင်မ အလိုကျပါပဲ…ဟဲ…ဟဲ”

သူ့ကိုတော့ အဖက်မတန်သလိုနေပြီး ဟိုကောင်လေးကိုတော့



အရေးတယူလုပ်နေတော့ သော်တာ စိတ်ထဲမှာ မနာလိုမှုတွေက တမွှားမွှား ပေါ်လာသည်။

“အပေါမ်း”

မဆိုးချင်သည့်ချောင်းကို နှစ်ဖျစ်ဆိုးပြတော့ နှစ်ဦးစလုံး သော်တာ့ကို လှည့်ကြည့်လိုက်ကြသည်။ အကြင်နာက မကောင်း တတ်၍သာ…

“သြော်…မျိုးဆက်နဲ့ မိတ်ဆက်ပေးရဦးမယ်”

ဟုဆို၍ မျိုးဆက်လက်ကိုဆွဲကာ ကိုသော်တာ ရှေ့သို့ ခေါ်လာ ခဲ့၏။

“မျိုးဆက်…ဒါက မမရဲ့ယောကျ်ား ကိုသော်တာတဲ့… မှတ်ထားနော်။ နောက်ဆို ညီအစ်ကိုတော်ရမှာ ပြေပြေလည်လည် ဆက်ဆံသိလား”

တမင်သိအောင် မဏ္ဍပ်တိုင်တက်ပြလိုက်တာပါ။

“အမျိုးတော်ရမယ့်သူတွေကို အားလုံးလိုလို ကိုယ်လေးစားပါ တယ်ကွ”

“ကိုသော်…သူက မျိုးဆက်သစ်တဲ့၊ အကြင်နာရဲ့ချစ်သူလေ”

“သြော်”

“တွေ့ရတာ ဝမ်းသာပါတယ် အစ်ကို”

မျိုးဆက်က လက်ကမ်းပေးပေမယ့် ကိုသော်တာက ပထမ ဟိုကုပ်သလို ဒီယားသလိုလုပ်နေပြီးနောက်မှ လက်ပြန်ကမ်းပေးကာ–

“ကိုယ်လည်း ဝမ်းသာပါတယ်”

www.burmeseclassic.com



ဝမ်းသာပါတယ်ဆိုတဲ့လူရဲ့မျက်နှာက မအီမလည်နှင့်ပါ။ ပြီးတော့ အကြင်နာကို ကြည့်တဲ့ ကိုသော်ရဲ့မျက်လုံးတွေက သာမန်မဟုတ်ဘူးဆိုတာ မျိုးဆက်သစ်ကလည်း သိနေသည်။ ယောကျ်ားချင်းပဲလေ။ ပြီးတော့ ဒီလူရဲ့ဇီဇကိုလည်း သူ့ အကြင်နာ ပြောပြလို့ သိထားပြီ။ အမွေးကို မြင်တာနှင့် အပင်ကို သိနေပါပြီ။

ဒါကြောင့်…

"ကျွန်တော်က ဒီအိမ်မှာ တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာနေတာ အစ်ကိုရဲ့။ ဒါပေမယ့် အစ်ကိုနဲ့ မဆုံဘူးနော်။ ခုမှပဲ မြင်ဖူးတာ။ အစ်ကိုက သဘောကောင်းမယ့်ပုံပဲ"

မိန်းကလေးတွေအပေါ်မှာ ကောင်းတာလေဆိုတဲ့စကားကို နောက်ဆက်တွဲ ထွက်မလာမိအောင် မနည်းဘရိတ်အုပ်ထားရသည်။

"ကဲ…အကြင်နာ ကိုသော် ပြန်တော့မယ်"

ပြန်သင့်တာကြာပြီလို့ မျိုးဆက်သစ် အသံတိတ်ဆိုမိလိုက်၏။ ကိုသော်တာ ထွက်သွားလေမှ မျိုးဆက်သစ် ချစ်ရသူလေး၏မျက်နှာကို စိတ်မချသမလိုကြည့်ကာ-

"အကြင်နာ"

"ဟင်…ဘာလဲ မျိုးဆက်"

"သတိထားနော်…အဲဒီလူ အကြင်နာကို ကြည့်တဲ့အကြည့်တွေက မရိုးသားဘူး။ ယောကျ်ားဆိုတာ ပျိုပျိုအိုအို စိတ်မချရဘူး။ ကာမဘီလူးတွေ များတယ်"

"မျိုးဆက်ရော အဲဒီအမျိုးအစားထဲမှာပါလား…ပြော"



မျိုးဆက် သူ့မျက်နှာသူ လက်ညှိုးနှင့် ထိုးပြကာပင်…

"ရုပ်ကိုကြည့်ထား…ကိုယ် အဲဒီလိုလူစားထဲမှာ မပါဘူး။ ကိုယ်ချစ်သူဖြစ်တဲ့ အကြင်နာအပေါ်မှာတောင် ကိုယ် အခွင့်အရေးယူခဲ့ဖူးလို့လား"

"ယူလို့ရောရမလား"

"အား…မရက်စက်နဲ့ကွာ"

အကြင်နာက မိုက်ခေါက်ကို လိမ်ဆွဲလေသဖြင့် မျိုးဆက် အော်လိုက်ခြင်းပါ။ နှစ်ဖက်မိဘတွေကလည်း သဘောတူထားကြသည်မို့ မျိုးဆက်သစ်နှင့် အကြင်နာတို့ အမြဲတမ်း တပူးတွဲတွဲ တွေ့မြင်နေရတတ်သည်။ အဲ…ဒါပေမယ့် နှစ်ယောက်စလုံးက ကိုယ်ကျင့်တရားစောင့်ထိန်းသူတွေဖြစ်ကြပြီး လူမှုရေးကျင့်ဝတ်တရားကို မဖောက်ဖျက်ကြပေ။ စည်းကမ်းရှိရှိ ချစ်ကြသူတွေပေါ့။

သော်တာ မျိုးဆက်သစ်ကို မနှာလိုဖြစ်လာပြီ။ ကိုယ့်မှာ သမီးနဲ့မယား ရှိတာကိုမှ သတိမရ။ ခယ်မကို ဘယ်လိုအပိုင်ချိုင်ရမလဲဆိုတာကို တစ်နေ့တစ်နေ့ ဆင်ကြံကြံနေတော့၏။ တစ်နေ့မှာတော့ အကြင်နာရှိတဲ့ကျောင်းကို လိုက်သွားပြီး လိမ်ညာ၍ ခေါ်လေတော့သည်။

"အကြင်နာ သမီးလေး အသည်းအသန်ဖြစ်နေလို့ အဲဒါ အကြင်နာ့ကို တဖွဖွ မေးနေရှာတယ်။ ခဏ လိုက်ခဲ့ပါနော်"

မျက်စိ၊ မျက်နှာပျက်စွာနှင့် ခေါ်နေပေမယ့် အကြင်နာ သူ့ကို ယုံပေ။ ရုပ်ရှင်တွေထဲကလို ညာမခေါ်ဘူးလို့ ပြောလို့ ဘယ်ရမှာလဲ။ ဒီလူ့စိတ်က ဝံပုလွေလို အမြဲတမ်း ကောက်ကျစ်နေတာ ဒါကြောင့်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေးက ဘာရောဂါဖြစ်တာလဲ ကိုသော်"

"အင်း…ဟို…အူရောင်ငန်းဖျားဆိုလားကွာ။ ကိုသော်က ရောဂါတွေအကြောင်း သိပ်မသိဘူး။ ဖြစ်လာရင် ဆရာဝန်ပဲ ပြလိုက်တာ။ လိုက်ခဲ့ပါ အကြင်နာရယ်…ကလေးက အကြင်နာ့ကိုပဲ တစ်မေးတည်းမေးနေလို့ပါ"

အဖြေက မတိကျ၊ မရေရာပေမယ့် တကယ်ဟုတ်ခဲ့ရင်ဆိုတဲ့ အတွေးက ဝင်လာပြန်တော့…

"ကောင်းပြီလေ…အကြင်နာ လိုက်ခဲ့မယ်။ ခဏနေဦးနော်… မျိုးဆက်ကို ပြောခဲ့ဦးမယ်"

"ကျွတ်"

အဲဒီမျိုးဆက်ဆိုတဲ့အသံကိုပဲ သော်တာ မကြားချင်တာ၊ သို့သော်လည်း စိတ်ကို ချိုးနှိမ်၍-

"ကဲ…ဒါဆိုလည်း မြန်မြန်သွား…မကြာစေနဲ့"

အကြင်နာ မျိုးဆက်သစ်ကို အကျိုးအကြောင်း ပြောပြလေတော့ မျိုးဆက်သစ်က စိတ်မချ၍ သူပါလိုက်ခဲ့ဖို့ ပြောလေသည်။ အကြင်နာက စိတ်မပူဖို့ပြောပြီး မလိုက်နဲ့ဟုဆိုကာ မျိုးဆက်ကိုထားခဲ့၏။ ကံကြမ္မာကို ကြိုတင်သိမြင်နိုင်ခွင့်မှ မရှိတာကိုး။ ကိုသော်တာ ဒီလောက်အထိ ပက်စက်ယုတ်မာလိမ့်မယ်လို့လည်း မထင်ခဲ့ပါ။

"ကိုသော်…ကားကို ဘယ်မောင်းလာတာလဲ။ ကလေးက ဘယ်မှာမို့လို့လဲ"

"ဆေးရုံမှာလေ"





"ဒါ…ဆေးရုံကိုသွားတဲ့လမ်းလည်း မဟုတ်ဘူး"

ကိုသော်တာ ဘာစကားမှမပြောတော့ဘဲ ငြိမ်သက်နေသဖြင့် အကြင်နာ သင်္ကာမကင်း ဖြစ်လာမိသည်။

"ကိုသော်"

"ငြိမ်ငြိမ်နေ…ကိုယ့်စကားကို နားထောင်"

"ဟင်"

သူ့ရဲ့လှုပ်ရှားမှုက မြန်ဆန်လွန်းလှသဖြင့် အကြင်နာ မရှောင်သာ မတိမ်းသာ ဖြစ်သွားရလေ၏။ ကားကို ထိုးရပ်ပြီး တစ်ဆက်တည်း အကြင်နာ လည်ပင်းကို ဓားမြှောင်ဖြင့် ကပ်၍ ချိန်ရွယ်ထားလေသည်။

"ကိုသော် ဒါ ဘာလုပ်တာလဲ"

"ရှင်းပါတယ်။ မင်းကို ကိုယ်ချစ်တယ်။ ဟိုခွေးကောင် မျိုးဆက်သစ်လက်ထဲကို အပါမခံနိုင်လို့ ခုလိုလုပ်လိုက်တာ"

"ရှင် ရူးနေသလား…ကိုသော်။ မျိုးဆက်သစ်က လူပျို လူလွတ် လူတော်လူကောင်းရှင့်။ ရှင့်မှာ သားနဲ့မယားနဲ့။ ပြီးတော့ ကျွန်မ မလိမ္မာရင်တောင် ရှင်က ဆုံးမရမှာ…သိလား"

"အဲဒါတွေ ငါ မသိဘူး။ ငါသိတာ မင်း ငါနဲ့ အေးအေးဆေး ဆေးလိုက်ခဲ့"

"မလိုက်ဘူး…ရှင် မယုတ်မာနဲ့နော်"

"ယုတ်မာတာ မဟုတ်ဘူး…ချစ်တာ"

ပွဲက ကြမ်းလာပြီ။ ကိုသော်က အကြမ်းဖက်လာသဖြင့် အကြင်နာ အရှက်ကို အသက်နှင့်လဲပစ်ဖို့ မျက်စိမှိတ်၍ ဆုံးဖြတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်တော့သည်။ ဘာပဲဖြစ်ဖြစ် ကိုယ်ကျင့်တရားကိုတော့ အထိခိုက်မခံနိုင်။ သူမ ချစ်သူအပေါ်တည်နေတဲ့ သစ္စာတရား၊ ဒယ်ဒီကြောင့် ကျဆင်းခဲ့ဖူးသော သိက္ခာ၊ မမအပေါ် သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်အတွက် လက်တုံ့ပြန်မှု ဒါတွေအားလုံး ပေါင်းစု၍…

"ကဲဟာ"

"အား"

ကိုသော် လက်ထဲမှ ဓားကိုလု၍ သူ့စရိတ်နှင့်သူ ပွဲသိမ်းပေးလိုက်သည်။ နောက်ဆုံး သော်တာရဲ့ ငယ်သံငယ်ရင်းပါအောင် အော်သံ အကြင်နာ့ရဲ့ ကြောက်လန့်တကြား ငိုသံဖြာထွက်လာသော သွေးစက်တွေနှင့် သော်တာရဲ့ မယုံနိုင်သောအကြည့် စသည်တို့နှင့် ဇာတ်သိမ်းက မလှပခဲ့ပေ။





## အခန်း (၂၆)

"အကြင်နာ"

"မျိုးဆက်"

"ဖြစ်ရလေ အကြင်နာရယ်"

ကာရံထားသော သံတိုင်တွေကြားမှာ လက်ကလေးတွေသာ ဆုံဆည်းခွင့်ရတော့သည်။ နှစ်ဦးစလုံး၏ရင်မှာ သွက်သွက်ခါမတတ်။ သူတို့ကိုကြည့်ပြီး ခက် မျက်ရည်မဆည်နိုင်ခဲ့ပေ။

"ကလေး"

"လေးလေး"

ဦးထွန်းတောက်မှာလည်း မျက်ရည်လည်ရွဲနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"မျိုးဆက်"

"အကြင်နာ"

"အကြင်နာရဲ့သစ္စာတရားကို မျိုးဆက် ယုံတယ်မဟုတ်လား ဟင်"

"ယုံပါတယ် အကြင်နာရယ်။ ဘဝတစ်ခုလုံး ပေးဆပ်ပြီး ကိုယ့်အပေါ်မှာ သစ္စာတည်ပြခဲ့တဲ့ အကြင်နာကို ဘယ်အချိန်ထိပဲဖြစ်ဖြစ် ကိုယ် စောင့်နေမယ်"

"တကယ်ပြောတာလားဟင် မျိုးဆက်"

"တကယ်ပေါ့ အကြင်နာ…ကိုယ့်ဘဝမှာ အကြင်နာက လွဲပြီး နောက်တစ်ယောက်ဆိုတာ ဘယ်တော့မှ ရှိလာမှာမဟုတ်ဘူး။ ယုံပါ အကြင်နာ"

"မျိုးဆက်ရယ်"

တစ်ဦးက တစ်ဦးလက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလျက် မျက်ရည်စက်တွေနဲ့ လဲပြိုရသည့်ပွဲဆိုရင် မမှားချေ။

"လေးလေး"

"ပြောပါ ကလေး…ကလေး ဘာပြောချင်လို့လဲ"

"ကြိုးကို လေးလေး ဂရုစိုက်စောင့်ရှောက်ပေးပါနော်။ မျိုးဆက်ရောပေါ့…အကြင်နာရဲ့ကိုယ်စား မျိုးဆက် ကြိုးကို စောင့်ရှောက်ပေးပါ"

ကိုသော်တာ သေဆုံးသွားရပုံကို မြင်ပြီး ချစ်ကြင်နာသေတစ်ယောက်လည်း နေရာမှာတင် ပုံလျက်လဲပြီး ဆုံးပါးသွားခဲ့သည်။



ကြိုး မိဘမဲ့လေးဖြစ်ရတာ သူ့ကြောင့်ဆိုတဲ့အတွေးနဲ့ အကြင်နာ ရင်ထုမနာဖြစ်ခဲ့ရလေ၏။ ဒါကြောင့် ကြိုးကို စောင့်ရှောက်ဖို့ ချစ်သူနှင့် ဦးလေးကို အထပ်ထပ် မှာရှာသည်။

"စိတ်ချပါ အကြင်နာ…ကိုယ့်အကြင်နာကိုယ်စား ကြိုးကို အစွမ်းကုန် ပြုစုစောင့်ရှောက်ပေးပါ့မယ်။ အကြင်နာသာ ကိုယ့်ကိုယ်ကို ဂရုစိုက်နော်။ ကိုယ်လည်း မကြာခဏ လာခဲ့မယ်။ ဘာမှ အားမငယ်နဲ့…သိလား"

"မျိုးဆက်"

"…………….."

"လေးလေး"

"ကလေး"

"ပြန်ကြတော့နော်"

ပြန်ကြတော့နော်ဆိုတဲ့စကားက ငိုချင်လျက်လက်တို့ ဖြစ်နေပြီ။ မလွဲသာလို့ ခွဲခွာကြရဦးမည့် ချစ်သူနှစ်ဦး၏ နှလုံးသားမှာ ဗုံးများ ဆါက်ကွဲတောက်လောင်နေသည့်နှယ်။ အဲဒီနေ့ကစပြီး မျိုးဆက်သစ်ဘာလည်း ချစ်သူအတွက် စိတ်သောကရောက်ရလွန်းလို့ တစ်ခါမှ မသောက်ဖူးတဲ့ အရက်တွေကို အလွန်အကျွံသောက်ပြီး မူးလဲနေတာ ဘယ်သူမှ မသိကြတော့ သေဆုံးသွားခဲ့သည်။

အားလုံး အဆုံးတွေ၊ အရှုံးတွေနှင့် အလဲလဲအပြိုပြို ဖြစ်နေရတဲ့ အကြင်နာကို မျိုးဆက်သစ်အကြောင်း မပြောရက်။ ထို့ကြောင့် အကြင်နာ စိတ်ကို ပြောင်းလွဲစေအောင် မျိုးဆက်သစ်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မိဘတွေ သဘောတူတဲ့ မိန်းကလေးတစ်ယောက်နှင့် လက်ထပ်သွားပြီဟု အားလုံးက ဝိုင်းလိမ်ခဲ့ကြသည်တွင် ဝမ်းနည်းရိပ်တွေ မစွန်းထင်းတော့ဘဲ အကြင်နာတစ်ယောက် မာနနှင့်ဘဝကို ခေါက်ချိုးချကာ ယောကျာ်းတွေကို မုန်းတီးပါလေတော့၏။

ယောကျာ်းတွေ သစ္စာမရှိကြဘူးတဲ့။

ထောင်ကျနေသည့်ကာလမှာ ကြိုးကလွဲရင် သူ ဘယ်သူ့အကြောင်းကိုမှ စိတ်မဝင်စားတော့။ ဒုက္ခတွေ ရင်စည်းခံရင်း ထောင်ကထွက်လာတော့ 'ယောကျာ်းမဝင်ရ' ဆိုတဲ့ ဆိုင်းဘုတ်ကိုချိတ်ပြီး စီးပွားရေးလောကသို့ ခြေစုံပစ်၍ ဝင်လာခဲ့သည်။ နောက်တော့ နှလုံးရောဂါရှိနေတာကိုပါ သိလာခဲ့ရ၏။





## အခန်း (၂၇)

"မမရယ်"

မခိုတင်ကဲ လေသံရဲ့နောက်မှာ မျက်ရည်ပေါက်တွေက အဖော်အဖြစ် ကပ်ပါလာခဲ့၏။ တွယ်ယာ အရုပ်ကြိုးပြတ် လဲကျပစ်လိုက်ချင်သည်။ ဒါပေမယ့် အဲဒီလိုလုပ်လို့ မဖြစ်သေးဘူး။ မမအတွက် သူ့နှမ်အားတွေ မွေးရဦးမည်။ မမ ဖြစ်ချင်သည့်ဆန္ဒမှန်သမျှ ဖြည့်ဆည်းပေးရဦးမည်။

"သူ့ရောဂါအခြေအနေကို သိလိုက်ရတော့ မမခက်လေ အကြင်နာကို မျိုးဆက်သစ်အကြောင်း ဖွင့်ပြောလိုက်တယ်။ သူ ငိုလိုက်တာ မပြောပါနဲ့တော့။ အဲဒီအချိန်မှာပဲ မင်းက တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတယ်လေ။ မင်းကို မြင်လိုက်ရတော့ သူ နည်းနည်းစိတ်ဖြေစရာ ရသွားခဲ့တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

တွယ်ယာ သူနဲ့ ဘယ်လိုပတ်သက်နေပါလိမ့်ဟု အတွေးကို တွေးမိလိုက်စဉ်-

"မင်းကို မြင်လိုက်ရတော့ သေဆုံးသွားပြီလို့ ထင်ရတဲ့ သူ့နှလုံးသားတွေက ပြန်လည်ရှင်သန်လာခဲ့တယ်။ ဘာဖြစ်လို့လဲဆို တော့ မင်းက မျိုးဆက်သစ်ရဲ့အမွေကို ဆက်ခံတဲ့ မျိုးဆက်သစ်ကလေး ဖြစ်နေလို့"

ရှင်းလေရှုပ်လေဆိုတာမျိုး မမခက်စကားကို တွယ်ယာ နားမလည်နိုင်ဖြစ်နေရသည်။ သူက ဘာဖြစ်လို့ မျိုးဆက်သစ်နဲ့ ပတ်သက်နေရတာလဲ။

"ကျွန်တော်နဲ့ ကိုမျိုးဆက်သစ်က ဘယ်လိုပတ်သက်နေလို့လဲ မမခက်"

"မင်းက မျိုးဆက်သစ်နဲ့ ရုပ်ချင်းအရမ်းတူနေတာကိုး"

"ဗျာ"

လူတူမရှား နာမည်တူမရှားတဲ့။ သူက မျိုးဆက်သစ်နဲ့ ရုပ်ချင်း တူသတဲ့။ ကိုယ့်မျက်နှာကိုယ် ယောင်ယမ်း၍ လက်နှင့်စမ်းမိလိုက် သည်။

"ဒါပေမယ့်ကွာ…သူ မင်းကိုချစ်ခဲ့တာ မျိုးဆက်သစ်နဲ့တူလို့ အစားထိုးရုံသက်သက် မဟုတ်ဘူးနော်။ မင်းရဲ့ ဖြူစင်ရိုးသားမှုတွေကို သူ မြတ်နိုးခဲ့တာ"

"ကျွန်တော် နားလည်ပါတယ် မမခက်ရယ်…ကျွန်တော်



မမကို အရမ်းချစ်တယ်။ သူလိုတာမှန်သမျှ သူဖြစ်ချင်တာမှန်သမျှ ဖြည့်ဆည်းပေးချင်တယ်ဗျာ"

"ကျေးဇူးတင်ပါတယ် တွယ်ယာရယ်"

တွယ်ယာ ရင်ထဲမှာ မမအတွက် ဖြေမဆည်နိုင်ခြင်းတွေက တနင့်တပိုးနှင့်။

သူ သိပ်ချစ်ရတဲ့ မမက နှလုံးအစားထိုးမကုနိုင်ရင် လူ့လောက ကြီးထဲကနေ ထွက်ခွာသွားရတော့မယ်တဲ့။ ကျွန်တော် ရှုံးရတော့မယ် မမရယ်။ အသက်ကိုသာ အစားထိုးကုသလို့ရမယ်ဆိုရင် ကျွန်တော် မမကိုပဲ အသက်ဆက်ရှင်ခိုင်းမယ်။ ဒါ ကျွန်တော့်ရဲ့ စစ်မှန်တဲ့ချစ်ခြင်း တရားပါ။

"အန်တီခက်"

"ဟင်…ကြိုး"

ကြိုးမျက်ဝန်းမှာလည်း မျက်ရည်စတွေနှင့်။ လက်ထဲက သရေဖုံးစာအုပ်ကလေးကို မြင်လိုက်တာနှင့် အခြေအနေအရပ်ရပ်ကို ခက် နားလည်လိုက်ပါပြီ။ ကြိုး အားလုံးကို နားလည်သွားပြီထင်ပါရဲ့။

"အန်တီ ဘယ်မှာလဲဟင်"

"မင်း အကြင်နာအပေါ်မှာ အမြင်ရှင်းသွားပြီလား ကြိုး"

"ကြိုး…ကြိုး အရမ်းမှားခဲ့ပါတယ် အန်တီခက်ရယ်။ ကြိုးရဲ့ မိုက်ပြစ်တွေအတွက် ကြိုးကို ခွင့်မလွှတ်ကြပါနဲ့"

သံယောဇဉ်မေတ္တာရှင်မကြီး အကြင်နာကိုယ်စား ခက် ပြုံးလိုက် မိသည်။ မီးတစ်ဖက် ရေတစ်ဖလား ခံစားမှုမျိုးနဲ့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"တို့တွေအားလုံး စိတ်တူကိုယ်တူနဲ့ အကြင်နာကို စိတ်ချမ်းသာအောင် ဝိုင်းဝန်းကူညီအားပေးကြရအောင်နော်"

ခေါင်းကလေးတွေ ညိတ်ပြရုံမျှသာ။ ခက်က ဦးဆောင်၍ အကြင်နာရှိရာ လာခဲ့ကြသည့်တွင် အကြင်နာတစ်ယောက် သတိရလာခဲ့ပြီ။

"မဟာ…ဟိုမှာ ခက် ပြန်လာပြီ…ကလေး"

ဒေါ်ခင်အုံးမေ အသံပေးတော့ အကြင်နာ၏မျက်ဝန်းလေးတွေ ခပ်ဖျော့ဖျော့ ပွင့်လာချေ၏။

"အကြင်နာ"

"ခက်.ငါ တွယ်ယာနဲ့ တွေ့ချင်တယ်"

အသံက တိုးလျလျ။ ပထမဦးဆုံး တမ်းတခြင်းခံလိုက်ရသဖြင့် တွယ်ယာနှလုံးသားတွေ တစ်စစီ ကြွေကျသွားရသည့်နှယ်။

"မမ"

မမ လက်ကလေးကို ညင်သာစွာ ဆုပ်ကိုင်ထားလိုက်သည်။ မျက်ရည်မကျမိအောင်တော့ မျက်တောင်ကို အမိန့်ပေး၍ မကြာခဏ ပုတ်ခတ်ပစ်နေရ၏။

"တွယ်ယာ"

"ကျွန်တော် မမအနားမှာ အမြဲရှိနေပါတယ် မမ။ ဘာမှ အားမငယ်နဲ့နော်"

ဟန်ဆောင်ပြုံးလေးတွေ ကိုယ်စီကိုယ်ငှနှင့် ရင်ထဲမှအပူစကို ဖုံးဖိနေကြရသည်။ ကြိုးကတော့ ဟန်မဆောင်နိုင်သူမို့ ပေါ်ပေါ် တင်တင် မျက်နှာမပြရဲသေး။



"မင်း မမဆန္ဒကို ဖြည့်ဆည်းပေးမယ် မဟုတ်လားဟင်"

"မမ ဖြစ်ချင်တာမှန်သမျှ ကျွန်တော် လုပ်ပေးဖို့ အဆင်သင့်ပါ"

"ဒါဆို မမ အလှူအတွက် ရက်ရွေးလိုက်တော့မယ်နော်"

"ဟင်"

တစ်ခါက မထင်မှတ်တဲ့ ပြောလိုက်မိသောစကားကို တွယ်ယာ အမှတ်ရလိုက်ပြီ။ မမက ပဉ္စင်းဒကာမ ဖြစ်ချင်တယ်တဲ့။ မမ သက်သက်နောက်တယ်လို့ပဲ သူ ထင်ထားတာ။ ခုတော့ မမက သူ့ရောဂါအခြေအနေကိုသိလို့ ဒီစကားကို ပြောခဲ့တာကိုး။ စိတ်ချပါ မမရယ်…

ကျွန်တော် မမအတွက်ဆိုရင် ဘာမဆိုလုပ်ပေးနိုင်ပါတယ်။ မမ အပေါ်မှာ ကျွန်တော်ချစ်တဲ့အချစ်က ကိုမျိုးဆက်သစ်ထက် မလျော့ဘူးဆိုတာ မမ သိအောင် ကျွန်တော် သက်သေပြမယ်။

"ဘယ်လိုလဲ တွယ်ယာ"

"ဟုတ်ကဲ့ မမ…မမ ကြိုက်တဲ့ရက်ကိုသာ ရွေးပါ"

"ဝမ်းသာလိုက်တာ တွယ်ယာရယ်"

အကြင်နာ တွယ်ယာ့မျက်နှာကို ခပ်ငေးငေးလေး ကြည့်နေသည်။ နောက်ဆုံး နှုတ်ဆက်ခြင်းမဟုတ်သေးပေမယ့် ခန္ဓာကိုယ်ထဲက ဝိညာဉ်မထွက်ခွာခင် မောင့်မျက်နှာကို မမ တစ်ဝကြီး ကြည့်ပါရစေ မောင်ရယ်။ ကျန့်တဲ့သူတွေကတော့ ကျောက်ရုပ်များပမာ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဟင်"

"မမကို ကျွန်တော် အရမ်းချစ်တယ်"

"အင်း…ယုံပါတယ်"

အကြင်နာ အကြည့်တွေက ခက် မျက်နှာဆီသို့ ကူးပြောင်းလာလေသည်။

"ခက်"

"ပြောလေ…သူငယ်ချင်း"

"ငါ စီစဉ်ခိုင်းတာတွေ အားလုံး စီစဉ်ပေးနော်။ ငါ စိတ်ချနေမယ်"

"အေးပါဟယ်…ရှေ့နေကြီးကို ငါ ခေါ်ထားပါတယ်။ အလှူရက်ရွေးဖို့လည်း လေးလေးထွန်းနဲ့ တိုင်ပင်ပြီးပြီ။ နင် ဘာမှစိတ်မပူနဲ့ ငါ အားလုံးဖြစ်အောင် ဆောင်ရွက်ပေးမယ်နော်…နင်သာ"

ကျွန်းမာရေးကို ဂရုစိုက်လို့ ဘယ်လိုပြောထွက်ရက်မှာလဲ။ ခက် မျက်နှာလွှဲလိုက်သည်နှင့် ခေါင်းမအုံးထဲမှ ရှိုက်သံခပ်တိုးတိုးက ထွက်ပေါ်လာသည်။ ဩော်…သူ့လက်ပေါ်မှာ ကြီးပြင်းလာတဲ့ အကြင်နာအတွက် သူ့ခံစားချက်ဟာလည်း ဘယ်ပေါ့လိမ့်မလဲနော်။

"ကြီးကြီးအုံး…ဘာလို့ ငိုနေတာလဲ"

"ဟင်…ဟို…မငိုပါဘူး ကလေးရဲ့…ကြီးကြီးအုံး မငိုဘူး"

မငိုပါဘူးဆိုတဲ့ကြားက မျက်ရည်တွေ သုတ်မနိုင်တာကြောင့် ခေါင်းမအုံး အခန်းထဲမှ ရှောင်ထွက်သွားလေတော့သည်။





"ကြိုး"

"ရှင်…အန်တီ"

"အန်တီ့ကို ကလေး စိတ်နာနေတုန်းလားဟင်"

"ဟင့်အင်း…မပြောပါနဲ့တော့ အန်တီ။ ကြိုး မှားခဲ့တာပါ။ အန်တီ့စေတနာတွေကို ကြိုး စော်ကားခဲ့မိတာပါ။ ကြိုးက ကျေးဇူးရှင်ကို စော်ကားခဲ့တဲ့ အမိုက်မပါ အန်တီရယ်"

အကြင်နာ ကြိုး၏ခေါင်းလေးကို တယုတယနှင့် ပွတ်သပ်ပေးနေသည်။ ကိုယ့်ရင်နဲ့ လွယ်မမွေးရပေမယ့် ဒီကလေးဟာ သူမရဲ့ အသည်းနှလုံးလေးပါလေ။

"ကဲ…တိတ်တော့၊ မငိုနဲ့နော်…ကြိုးချည်းပဲ မှားခဲ့တာမဟုတ်ဘူး။ ကလေးနဲ့ပြိုင်ပြီး မာနကြီးခဲ့တဲ့ အန်တီ့အမှားတွေလည်း ပါပါတယ်ကွယ်"

"နောက်ကို ကြိုး မမိုက်တော့ဘူးနော်။ အန်တီ့စကားကို ကြိုး နားထောင်ပါ့မယ်"

ရင်နာနာနှင့် ခေါင်းညိတ်ပြုံးပြရသည့်အဖြစ်ပါလား။ နောင်ဆိုတဲ့ အချိန်ဟာ အန်တီ့အတွက် လမ်းဆုံးမှတ်တိုင်ပါ ကြိုးရယ်။ လူ့ဘဝမှာ ကြာရှည်နေခွင့်မရတော့တဲ့ အန်တီလေ။ ကြိုးဘဝရှေ့ရေး စမ်းရေလို အေးမြစေရေးအတွက် အလုပ်တွေ ကြိုးစားလုပ်ရဦးမယ် ကြိုး။ ဒါ အန်တီရဲ့ စစ်မှန်သော မေတ္တာတရားကို သက်သေပြခြင်းပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

အလှူအတွက် အားလုံး အလုပ်ရှုပ်နေကြသည့်အချိန်မှာ အကြင်နာတစ်ယောက်ကတော့ အိမ်မကပ်နိုင်ရှာပေ။ စီးပွားရေးကိစ္စ၊ မိသားစုအတွင်းရေးကိစ္စတွေနှင့် နပန်းလုံးနေတော့၏။

"ကလေးရယ်…ကိုယ်က ကျန်းမာရေးကောင်းတာမဟုတ်ဘူး။ နည်းနည်းပါးပါးများ အိမ်ကပ်ပြီး အနားယူပါဦး"

"သိရဲ့သားနဲ့ လေးလေးရယ်…ကျန်းမာရေးမကောင်းလို့ကိုပဲ အလုပ်ကိစ္စတွေကို ရသမျှအချိန်မှာ ဖုတ်ပူမီးတိုက်လုပ်ပြီး အစဖြတ်နေတာ"

"အန်တီ ပြန်လာပြီ"





ကြိုးက အန်တီ့ခါးလေးကို ပြေးဖက်ရင်း ဆီးကြိုလေသည်။ ပြီး တစ်ဆက်တည်းပင်…

"အန်တီ မောလာပြီထင်တယ်…မချောရေ…သံပရာရည်တစ်ခွက်လောက် ဖျော်ခဲ့ပါ…မြန်မြန်လေးနော်"

"အမယ်လေး…သိတတ်လိုက်တာ။ အဲဒီလိုသိတတ်တာလေးကိုက သံပရာရည်မသောက်ဘဲ အမောပြေသွားတာ…သိလား"

ကြိုး ပါးပြင်လေးကိုလိမ်ဆွဲရင်း အကြင်နာက ဆိုသည်။ ဦးထွန်းတောက် သက်ပြင်းတစ်ချက် မသိမသာ ရှိုက်မိတော့၏။ အစကတည်းက ဒီလိုနားလည်မှုတွေရှိနေကြရင် ပြဿနာဆိုတာ ရှိမလာနိုင်။

"အန်တီ"

"ဟင်"

"ကိုကို့ကို ရှင်ပြုရင် ကြိုး ကွမ်းတောင်ပန်းတောင်ကိုင်ရမှာလားဟင်"

"ရှင်ပြုတာ မဟုတ်ပါဘူးဟာ…ပဥ္စင်းတက်မှာပါ"

မပြောတတ်သော ကြိုးစကားကြောင့် တွယ်ယာက လှောင်လေသည်။ ကြိုးကလည်း အကြောမခံပါ။

"ဘာပဥ္စင်းတက်မှာလဲ…ပုစဉ်းရင်ကွဲလား…မိုးပုစဉ်းလား။ ရိုးရိုးပုစဉ်းလား။ ပြီးတော့ ခေါင်း၊ ပခုံး၊ မျက်ခုံး ဘယ်အပေါ်ကိုတက်မှာလဲ"

"ပုစဉ်းရင်ကွဲဟော့…နင့်ရင်ကိုခွဲမလို့…အဲ"



www.burmeseclassic.com

www.burmeseclassic.com



တွယ်ယာ သူ့စကား မှားသွားပြီဟု တွေးထင်ကာ ပါးစပ်ကို လက်နှင့်ပိတ်ပစ်လိုက်သည်။ ကြိုးကတော့ အပြုံးမပျက်ပေ။ ကြိုးရင်ကို ကိုကို မခွဲလည်း ကိုကို့ကြောင့် ကြိုးရဲ့နှလုံးသားတွေ ကြေကွဲနေတာ ကြာခဲ့ပါပြီ။

"အန်တီ…ကြိုး ကွမ်းတောင်ပန်းတောင်ကိုင်ရရင် မိတ်ကပ်ဆရာငှားပြီး အလှပြင်မှာနော်။ ဒါမှ ဗွီဒီယိုရိုက်ရင် လှမှာ"

"ကြိုးသဘောပဲလေ…ဘယ်မိတ်ကပ်ဆရာနဲ့ ပြင်ချင်လဲ…ပြော"

"အင်း…သူငယ်ချင်းတွေနဲ့ တိုင်ပင်လိုက်ဦးမယ်လေ"

"တော်ကြာ လှမလာဘဲ အခြောက်ကြီးနဲ့လည်း တူနေဦးမယ်နော်။ အလှူလာတဲ့လူတွေ လန့်ပြေးလို့ ဒေဝဒတ်လို့ အပြောခံနေရမယ်"

"လေးလေးနော်…ကြိုး ငိုလိုက်မှာ"

ကြိုးက လေးလေးဆီသို့ ဘောက်ဆတ်ဆတ်ကလေး လှမ်းသွားပြီး ကျောကို မနာအောင်ထုလေသည်။ ခုလိုသာ ထာဝရပျော်ရွှင်ခွင့်ရရင်ဖြင့်…





# အခန်း (၂၉)

အလှူပြီးသွားတဲ့ရက်မှာပဲ အကြင်နာရဲ့ဒယ်ဒီဦးဝင်းလှိုင် မြန်မာပြည်ကို ပြန်ရောက်လာသည်။ အကြင်နာ ရောဂါအခြေအနေက နှလုံးအစားထိုးကုရင် ရရဲ့သားနဲ့ အကြင်နာက ခေါင်းမာနေခဲ့တာ။ သူ…သူများရဲ့နှလုံးသားနဲ့ အသက်မရှင်ချင်ဘူးတဲ့။ နှလုံးအလှူရှင်ကလည်း ရှားသည်လေ။

အခု ဦးဝင်းလှိုင် ပြန်လာခဲ့တာသည်…

သူ့လေးလေးနဲ့မို့လို့ ပစ်ထားသလိုဖြစ်ခဲ့ပေမယ့် သမီးကို လွယ်လွယ်နဲ့ အဆုံးရှုံးမခံနိုင်။ သမီး ဆေးရုံတက်နေရသည်တဲ့။ သူ့စည်းစိမ်တွေ ကုန်ချင်ကုန်သွားပါစေ။ သမီးကို နှလုံးအစားထိုးကုပေးရမည်။ နောက်ဆုံး ကိုယ့်နှလုံးသားကိုပဲ ပေးရပေးရ။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်"

"သမီး…ခက်"

ခက်က ဂျူတီကုတ်ကို ချွတ်လိုက်ပြီး လက်မောင်းပေါ်သို့ တင်ကာ–

"အန်ကယ်…အကြင်နာ့ဆီကို လာတာလား"

"ဟုတ်တယ် သမီး။ သမီးလေးအခြေအနေ ဘယ်လိုရှိလဲဟင်"

"နလုံးအစားထိုးကုဖို့ ပြောတာကို သူက ဘယ်လိုမှ လက်မခံဘူးဖြစ်နေတယ် အန်ကယ်"

"လက်ခံရမယ်…သမီး လက်ခံလာအောင် အန်ကယ်ပြောမယ် ခက်။ အန်ကယ် သမီးနဲ့ တွေ့ပါရစေ"

"အန်ကယ်က ဘယ်လိုပြောမှာလဲ"

"ဒီလို သမီးရဲ့"

ဦးဝင်းလှိုင် သူ့စိတ်ကူးကို ခက်အား ပြောပြလိုက်၏။ သူ နိုင်ငံခြားမှာနေပေမယ့် သမီးအကြောင်းကို အမြဲမပြတ် စုံစမ်းမေးမြန်းနေခဲ့တာ။ အရင်က နာကြည်းမုန်းတီးစရာတွေ၊ နာကျင်ကြေကွဲစရာတွေ ရှိခဲ့လို့ ကိုယ့်အသက်ကို မနှမြောဘူးဆိုတာထားတော့။ လူ့လောကကို မျှော်လင့်ချက်မရှိသလို ဥပေက္ခာပြုလိုက်ချင်ပြီဆိုပြီး သူများနလုံးသားနဲ့ အသက်မရှင်ချင်တာ သဘာဝကျသည်။

အခုက…

သမီးမှာ မျှော်လင့်ချက်တွေနှင့်။ ချစ်သူတစ်ယောက်ရှိနေတာ





သမီးဘဝရဲ့မျှော်လင့်ချက် မဟုတ်ဘူးလား။ မြေးလေးကိုတော့ သူပဲ နိုင်ငံခြားမှာ ခေါ်ထားတော့မည်လေ။ အဲဒီတော့ သမီး အသက်ဆက်ရှင်နေဖို့လိုသလို ဘဝအတွက် အဖော်မွန်ကောင်းတစ်ယောက်က အဆင်သင့်ရှိနေတာပဲလေ။ ဘာများ လိုအပ်သေးလို့လဲ။

"အန်ကယ်"

"ပြော…သမီး"

"ဒါဆို အန်ကယ်က တွယ်ယာနဲ့အကြင်နာကို သဘောတူတာပေါ့နော်"

"သမီး စိတ်ချမ်းသာမယ်ဆိုရင် အန်ကယ် ကျေနပ်ပါတယ်"

"အကြင်နာသိရင် ဝမ်းသာမယ်ထင်တယ်"

"သွားရအောင်လေ"

"ဟုတ်ကဲ့ အန်ကယ်"

ခက် ဦးဝင်းလှိုင်ကို ခေါ်လာခဲ့တော့၏။ ဦးဝင်းလှိုင် ပြောပြတာတွေက မှန်များမှန်နေမလား။ ဘာလဲဆိုရင် တွယ်ယာက အကြင်နာအသက်ဆက်ရှင်ဖို့အတွက် အသက်ဆက်ရှင်ချင်အောင် မျှော်လင့်ချက်ပေးနိုင်သူ။

"သမီး"

"…………"

"သမီး အကြင်နာ"

"ဒယ်ဒီ"

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ…ဒယ်ဒီ ပြန်လာတယ်"

"ပြန်လာရတာပေါ့ သမီးရယ်"

"ဒယ်ဒီ့ကို လေးလေး အကြောင်းကြားတာလား"

"ပြန်လာခဲ့ပါလို့တော့ မပြောပါဘူး။ ဒယ်ဒီ ကိုယ့်သဘောနဲ့ ကိုယ် ပြန်လာခဲ့တာ"

"သြော်…"

"အကြင်နာ"

"ဘာလဲ…ခက်"

"အန်ကယ်က နင့်ကို အသက်ဆက်ရှင်စေချင်တယ် အကြင်နာ။ အဲဒါကြောင့် နင့်ကို လာခေါ်တာ"

"ဟင်"

ခက်ကိုကြည့်နေတဲ့ အကြည့်က ဦးဝင်းလှိုင်ဆီသို့ ရောက်သွား၏။ ဦးဝင်းလှိုင်က ခပ်ယဲ့ယဲ့ပြုံးလျက်–

"သမီးမှာ ချစ်သူရှိတယ်မဟုတ်လား"

"ရှင်…"

"သူ့ရင်ထဲက ခံစားချက်ကို သမီး ကိုယ်ချင်းစာမကြည့်တော့ဘူးလား။ သမီး သူ့အပေါ် ရက်ရက်စက်စက် ထားခဲ့နိုင်သလား"

တွေကနဲဖြစ်သွားပြီး အကြင်နာ့ရင်ထဲမှာ စူးကနဲ ဖြစ်သွားသည်။ သူမ တွယ်တာနဲ့ ဘယ်ခွဲချင်ပါ့မလဲ။ ကိုယ့်အပေါ်ချစ်တဲ့ သူ့အချစ်တွေက လေးနက်နက်ရှိုင်းသည်ဆိုတာကို သိသည်။ အစကတော့ ဒုက္ခသောကတွေကို ရင်ဆိုင်တိုက်ခိုက်ရင်း ခြေကုန်လက်ပန်းကျပြီး





ဘဝကို အရှုံးပေးလိုက်ချင်တာ။ လောကကြီးကို စိတ်နာတာ။

ဒါကြောင့်…

သေချင်သေပါစေတော့လို့ နှလုံးအစားထိုးကုဖို့ကိစ္စကို လက်မခံခဲ့တာ။ အခုကျတော့ တစ်မျိုးလေ။ ကိုယ့်ကိုချစ်နေတဲ့ တွယ်တာကို ကိုယ်အချစ်ရဆုံး တူမလေးကြီးက ချစ်နေသည်။ သူမက ခလုတ်ကန်သင်းဖြစ်နေတာ မကောင်းပါဘူး။

"ပြောလေ…သမီး၊ သမီး ကောင်လေးကို တကယ်မချစ်ဘူးလား"

"သူ့ကို ကြိုးက ချစ်နေတယ် ဒယ်ဒီ"

ဒါဆို ကြိုးကိုငဲ့ပြီး အသေခံမယ်ပေါ့။ ဆုံးဖြတ်ချက်က ဒီလိုလား။

"သမီး"

"ရှင်"

"သမီးက ငယ်တော့တဲ့အရွယ်လည်း မဟုတ်ဘဲနဲ့ သမီးရယ်။ အချစ်ဆိုတာ ဥစ္စာစည်းစိမ်တွေလို လက်ဆင့်ကမ်းပြီး ထိန်းသိမ်းခိုင်းလို့ မရဘူးလေ သမီးရဲ့"

"ဟုတ်တယ် အကြင်နာ…အချစ်ဆိုတာ ဘိုးဘွားပိုင်အမွေပစ္စည်း မဟုတ်ဘူးလေဟယ်"

ခက်ပြောမှပဲ အကြင်နာ တွေကနဲ စဉ်းစားမိ၏။ ဟုတ်တာပေါ့။ အချစ်ဆိုတာ ဘိုးဘွားပိုင်အမွေပစ္စည်းလို လက်ဆင့်ကမ်းထိန်းသိမ်းခိုင်းလို့မှ မရတာ။



www.burmeseclassic.com

www.burmeseclassic.com



"နင် စဉ်းစားပါဦး အကြင်နာရယ်…ကြိုးကချစ်ပေမယ့် နင်မရှိတာနဲ့ပဲ တွယ်ယာက ကြိုးကို ပြန်ချစ်မယ်လို့ နင် ထင်နေလား။ အစွဲအလမ်းမကြီးတတ်တဲ့သူတွေကသာ အချစ်ကို ဆွဲခွဲကိန်းခွဲသလို မျှပေးနိုင်ပေမယ့် တကယ်စွဲစွဲလမ်းလမ်း ချစ်တတ်သူတွေကျတော့ ပေတစ်သီး ကျီးတစ်သားဆိုတာမျိုးပဲ အကြင်နာ"

"ခုဆိုရင် မြေးလေးကလည်း သမီးအပေါ်ကို နားလည်နေပြီပဲကွယ်…ပြီးတော့ မြေးလေးကို ဒယ်ဒီ ခေါ်သွားဖို့ ဆုံးဖြတ်ထားတယ်"

"မဖြစ်ဘူး ဒယ်ဒီ"

"ဟင်"

ဒီလိုကတော့ အကြင်နာ လက်မခံနိုင်ပြန်။

"သမီး နှလုံးအစားထိုးကုဖို့ကိစ္စကို လက်ခံပါတယ်။ ကြိုးကိုတော့ သမီးရင်ထဲကနေ ခွဲထုတ်မသွားပါနဲ့"

"မဟုတ်သေးဘူး သမီး"

"ရှင်"

"မြေးလေးကိုယ်တိုင်က ဒယ်ဒီနဲ့ နိုင်ငံခြားကို လိုက်နေပါရစေလို့ တောင်းဆိုတာပါ။ မိဘတောင်မှ သားသမီးတွေ ပညာတော်သင်သွားရင် ခွင့်ပြုရသေးတာပဲ သမီးရယ်။ သူ့ဆန္ဒကို သမီး ဖြည့်ဆည်းပေးလိုက်ပါ"

မျက်ရည်က ဝေ့ကနဲ တက်လာ၏။ ယင်ယင်ကလည်း ကြိုးကို မခွဲနိုင်လို့ သူမ ငိုခဲ့ရပြီးပြီ။ ဒီကလေးကြောင့်ပဲ ဒုက္ခရောက်ရတဲ့အဖြစ်





လည်း ရှိခဲ့၏။

ဒါပေမယ့်…

စိတ်မနာနိုင်ဘဲ အချစ်တွေပိုခဲ့တာ အခုခွဲရဦးမှာလား။

"ခွင့်ပြုလိုက်ပါ အကြင်နာ…ကြိုးက ကလေးမှမဟုတ်တော့တာ။ သူလည်း သူ့ဘဝအတွက် တက်လမ်းတွေရှာပြီး ပန်းတိုင်တစ်ခုကို အရောက်သွားဖို့ ရည်ရွယ်ချက်တွေ ရှိနေမှာပေါ့"

"ဟုတ်တယ် သမီး…သမီး ကြိုးအပေါ်မှာ အဲဒီလောက် သံယောဇဉ်တွေ ကြီးမနေစမ်းပါနဲ့ကွယ်…တစ်နေ့ သမီး သူ့ထက်ပိုပြီး သံယောဇဉ်ပိုရမယ့်သူတွေ သမီးဘဝထဲမှာ ရှိလာမှာပါ"

သံယောဇဉ်တဲ့။ ဒီသံယောဇဉ်နှောင်ကြိုးက မမြင်ရလို့ဘဲ အဖြတ်ရခက်တာလား။ သူတို့ပြောတာတွေက ဟုတ်တော့ဟုတ်ပါတယ်လေ။ ကြိုးက အရွယ်ရောက်နေပြီပဲ။ သူလည်း ကိုယ့်ထက် သံယောဇဉ်ပိုရမယ့်သူတွေ တစ်နေ့တော့ ရှိလာမှာပါ။ အဲဒီအခါ ကိုယ်က ဘယ်လောက်နံပါတ်ချိတ်မှာတဲ့လဲ။

ကိုယ်က ဆိုင်သာဆိုင် မပိုင်ခွင့်နဲ့လူဆိုတော့ တစ်နေ့နေ့မှာ ကိုယ့်လမ်းကိုယ်လျှောက်ကြရမှာပဲလေ။

"သမီး"

"…………"

"သမီးလည်း ဒယ်ဒီနဲ့လိုက်ခဲ့နော်။ ဆေးကုသမှုခံယူပြီးရင် ပြန်လာပေါ့"

အကြင်နာ ခေါင်းခါလိုက်ပြီး-



www.burmeseclassic.com

www.burmeseclassic.com



"သမီး မြန်မာပြည်မှာပဲ ခွဲစိတ်ကုသခံတော့မယ် ဒယ်ဒီ"

"ဟင်"

"ဒီမှာ ခက်လည်းရှိနေတာပဲ ဒယ်ဒီရယ်…ပြီးတော့ မြန်မာပြည်မှာ နိုင်ငံခြားနဲ့မခြား ခွဲစိတ်ကုသပေးနိုင်တဲ့ ပါရဂူတွေ ရှိနေတာပဲ။ ဒယ်ဒီ ဘာမှစိတ်မပူပါနဲ့နော်"

ဦးဝင်းလှိုင် သက်ပြင်းသာချလိုက်မိတော့၏။ ဆုံးဖြတ်ပြီးရင် ပြန်မပြင်တတ်တဲ့ သမီးရဲ့ဆန္ဒအတိုင်းသာ ဖြစ်စေရတော့မည်ပေါ့။





## အခန်း (၃၀)

အကြင်နာ ကုသိုလ်ကံကောင်းသည်လို့ပဲ ပြောရမည်။ နှလုံးအစားထိုးကုဖို့အတွက် အလှူရှင်ပေါ်လာသည်နှင့် အကြင်နာ့ကို နှလုံးအစားထိုးကုဖို့ အခုဆိုရင် အကြင်နာက ခွဲစိတ်ခန်းထဲမှာ။ ဆုတောင်းအတွက်ပို့သရင်း အပြင်မှာ စောင့်နေကြသူတွေကတော့ အကြင်နာ့ကို သိပ်ချစ်ကြတဲ့သူတွေပဲပေါ့။

ဦးဝင်းလှိုင်နဲ့ ဦးထွန်းတောက်…

ပြီးတော့…

တွယ်နဲ့ကြိုး…

ကိုလောင်းပုတို့သားအမိ…

တွယ့်ခမျာ ကတုံးပြောင်ပြောင်နှင့်မို့ လျှာထိုးဦးထုပ်ကို ဆောင်းထားရသည်။ သူ ပဉ္စင်းဝတ်ကနေ ထွက်လာတာ နှစ်ရက်ပဲ ရှိသေးသည်လေ။ ချစ်ရသူအတွက် စိုးရိမ်လွန်းလို့သာ လိုက်လာခဲ့ရတာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလောင်းပု"

"ဟင်"

"မမ ပြန်ကောင်းလာမှာပါနော်"

"တ…ယ်ခွဲစိတ်ပါရဂူတွေနဲ့ ခွဲစိတ်အစားထိုးကုတာပဲကွာ… ပြန်ကောင်းလာမှာပါကွ"

"ကျွန်တော် စိတ်ပူလွန်းလို့ပါ"

"ကြိုးတို့ စိတ်ပူဖို့လည်း ထားပါဦး ကိုကိုရဲ့"

"ဟော"

ခွဲစိတ်ခန်းတံခါး ပွင့်သွားတော့ အားလုံး၏အကြည့်တွေက ထွက်လာတဲ့ ဆရာဝန်ကြီးဆီသို့ ရောက်သွားလေ၏။ ဆရာဝန်ကြီးက လက်မ ထောင်ပြလေတော့…

အားလုံးပဲ စိတ်ကို ဒုံးဒုံးချကာ မျက်နှာပေါ်မှာ အပြုံးရိပ်တို့ ထင်ကုန်၏။

ရင်နာစွာနဲ့ ပစ်လိုက်ရတော့မယ်လို့ထင်ပြီး ဘုရားရိပ်၊ တရားရိပ်မှာတောင် အေးချမ်းစွာ မနေနိုင်ဘဲ စိတ်မဖြောင့်ခဲ့တဲ့ တွယ်ယာ။ အခုမှပဲ ပျောက်သွားတဲ့ပစ္စည်းကို ပြန်ရလိုက်သလို ရင်ထဲမှာ အပျော်ကြီးပျော်နေမိ၏။ အကြင်နာနဲ့တွေ့လို့ မရသေးသည့်အချိန်ထိ အပျော်သည် ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း မရှိခဲ့။ တွေ့လို့ရတဲ့အချိန်မှာတော့…

"မမ"

"တွယ်"



"အန်တီ"

"ကြိုး"

အကြင်နာ့လက်တွေကို တွယ်ကတစ်ဖက်၊ ကြိုးကတစ်ဖက် ဆုပ်ကိုင်ထားလေ၏။ ဒီလက်တွေက အကြင်နာ့အတွက် အားအင်တွေပါ။

"မမ ဘယ်လိုနေသေးလဲဟင်"

"မမ နေကောင်းလာပါပြီ တွယ်ရဲ့"

"တကယ်နော်"

"တကယ်ပေါ့"

"ဝမ်းသာလိုက်တာ မမရယ်"

"အန်တီ"

"ဟင်"

"ကိုကို အကဲပိုနေတာကို ကြိုး ကြည့်လို့မရတော့ဘူး သိလား"

"ကြည့်မရရင်လည်း မျက်လုံးသာ မှိတ်ထားလိုက်တော့ ကြိုးရေ…ဒီကောင်လေး ပဋ္ဌင်းဝတ်တာတောင် ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာဖြစ်နေမလား မသိဘူး"

"ဟာ…မမခက်ကလည်း"

"ဘာမမခက်ကလဲ…တွေးကြည့်ရင် ပြေးကြည့်တာထက် မှန်တယ်တဲ့။ မင်း ပုတီးစိပ်တာ စိတ်ဖြောင့်ရဲ့လား…ပြော"

"ဖြောင့်ပါတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ်၊ နားရွက်ကလေးထောင်လို့ဆိုတာမျိုးပဲ"

"ဘာလဲ…မမခက်က မနာလိုဖြစ်နေတာလား"

"မဖြစ်ပါဘူးဟယ်…လူတိုင်း ကိုယ့်ကုသိုလ်နဲ့ကိုယ် ဖြစ်လာကြတာပဲဟာ…လိုတိုင်းမရ ရဟိုင်းမလိုတဲ့…မင်း မကြားဖူးဘူးလား"

"လိုတာမရ ရတာမလိုပါ မမခက်ရဲ့"

"လျှာမရှည်နဲ့ အတူတူပဲ"

စကားပြောရင် အမြဲတမ်း ခြေဟန်လက်ဟန်နှင့် ပြောတတ်တဲ့ ခက်ကို ကြည့်ပြီး အကြင်နာ ပြုံးမိသည်။ ဒီသူငယ်ချင်းက အကြင်နာ ဘယ်ဘဝပဲရောက်ရောက် အဆိုးအကောင်း အားလုံးကို မျှဝေခံစားပေးခဲ့သူ။ ပျော်စရာရှိရင် အတူတူ ရယ်ခဲ့ကြပြီး အကြင်နာ ဒုက္ခရောက်တော့ သူလည်း ကူငိုခဲ့တာပဲလေ။

"အန်တီခက်"

"ဟင်"

"အန်တီခက် လိုတာက ငှက်ပျောဖုံးလား"

"အေးပေါ့…တစ်ဖက်စာ…ဟာ…ဒီကောင်မလေး ဘာတွေလျှောက်ပြောနေတာလဲ"

"ခက်"

"ပြော"

"သူတို့ ဒီလောက်တောင် စတာ အားကျမခံ ယောက်ျားယူပြလိုက်ပါလားဟင်"

"အမယ်…မယ်မင်းကြီးမ…နင်က ငါ့ကို ချောက်နှုတ်ခမ်းမှာ





မတ်တတ်ရပ်ခိုင်းနေတာလား"

"အိမ်ထောင်ပြုတိုင်း ချောက်ထဲကျတာနဲ့ တူရောလား မမခက်ရာ…တော်ကြာမှ စောစောစီးစီးယူခဲ့ရ အကောင်းသား ဖြစ်နေဦးမယ်"

"ကြည့်စမ်း…ခွေးကောင်လေး။ အဲဒါ နင်ပြောရမယ့်စကားလား"

ကြိုးက ထသွားပြီး ခက်အနားသို့ကပ်၍-

"အန်တီခက်"

အနားကပ်လာပြီဆိုကတည်းက ပြောစရာရှိလို့ဆိုတာကို သိသည်။ ဘာလဲဟု မေးဆတ်ပြတော့ ရယ်ကျဲကျဲမျက်နှာသည် အနားကို ထပ်တိုးလျက်…

"တော်ကြာ စိတ်ထဲက ကျိတ်ပြီး မေတ္တာပို့နေဦးမယ်"

"ဟော"

"အလွမ်းသယ်ချင်ကြရော့မယ် အန်တီခက်ရဲ့"

"ဒါဆို တို့ရှောင်ပေးရမှာပေါ့"

"ဒါ အဖြစ်သင့်ဆုံးပဲလေ"

"အေး…အေးပါ"

ခက်က တွယ်ကို ခပ်ပြုံးပြုံးကြည့်ပြီး-

"ကောင်လေး"

"…………"

"လူမမာကို သေသေချာချာပြုစုနော်"

"ဟယ်…ခက်ရယ်…ဘာလူမမာလဲ။ မာနေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ…အေးပါ…နင် မာပြီဆိုရင်လည်း ပြီးတာပဲ"

ခက်က စကားရှည်ချင်သေးတာကို ကြိုးက အတင်းဆွဲခေါ်လေသည်။ သူတို့တွေ ထိုင်စကားပြောနေလို့ အန်တီ ရယ်ရယ်မောမော ရှိနေတာ မြင်ရတော့ ကြိုး စိတ်ချမ်းသာ၏။ ဒီထက် ရယ်မောပျော်ရွှင်နိုင်အောင် အချစ်ရဲ့အငွေ့အသက်တွေနဲ့ ထိတွေ့ကြပါစေ။ အရင်က အမေနဲ့တူသော အန်တီ့ရဲ့စေတနာမေတ္တာတွေကို နားမလည်ခဲ့လို့ ကြိုး မိုက်ရိုင်းစော်ကားခဲ့ပြီးပြီ။

အခု နားလည်ပြီဆိုတော့…

ကိုယ်က အလိုက်သိစွာ ပြန်ပြီးပေးဆပ်ရမည်လေ။ အန်တီ ပျော်ရွှင်ပါစေ။ ကြိုး ချစ်တဲ့သူနှစ်ယောက် သာယာချမ်းမြေ့တဲ့ဘဝလေးကို တည်ဆောက်နိုင်ကြပါစေ။ အခက်အခဲမရှိ ခလုတ်ကန်သင်းကင်းရှင်းစွာနဲ့ပေါ့။

"မမ"

"ဟင်"

တွယ် မမအနားသို့ တိုးကပ်ပြီး မမလက်ကလေးကို ဆုပ်ကိုင်လိုက်ကာ-

"မောင်တို့ မခွဲရတော့ဘူးနော်"

"မောင်…ဘာမောင်လဲ"

"မရစ်ပါနဲ့ မမရယ်…ဒီမှာဖြင့် လူမသိအောင် ကျိတ်ငိုခဲ့ရတာ သိလား"

"ဘာလဲ…သက်နှန်းကို ခေါင်းမြီးဆွဲခြုံပြီးတော့လား"





"မမခက်ပြောသလိုပဲ ကျွန်တော်ကတော့ ကုသိုလ်တစ်ပဲငရဲတစ်ပိသာပဲဖြစ်မှာ"

အကြင်နာက တွယ့်လက်ပေါ်သို့ ထပ်ဆုပ်ရင်း ရယ်လေသည်။ တကယ့်ကိုပဲ တွယ်က အကြင်နာ့အတွက် ပါရမီဖြည့်ဖက်တစ်ယောက်ပါ။ ကိုယ့်ကိုယ်ကို အဆုံးတွက်လိုက်ပေမယ့် အခု မဆုံးသေးဘူးဆိုတော့…

ကျန်ရှိနေတဲ့ သက်တမ်းအတွက်…

သူ့လက်ကို ခိုင်ခိုင်ဆုပ်ပြီး ကုသိုလ်ကောင်းမှုတွေ ဆက်လုပ်သွားဦးမှာပါ။

"တွယ်"

"ဗျာ"

"မင်း မမကို လက်ထပ်ချင်လား"

"ဖြစ်နိုင်ရင် အခုတောင် လက်ထပ်ချင်တာ"

"ဖြစ်မလား"

"ဟင်…ဘာလို့မဖြစ်ရမှာလဲ"

"မင်း ကြိုးစားရမှာတွေ အများကြီး ရှိသေးတာကို"

တွယ် မျက်နှာပျက်သွားလေ၏။ သူနဲ့မမက တကယ်ဆိုရင် အရာအားလုံး ကွာခြားနေသည်လေ။ လူလူချင်းတူတာကလွဲရင်ပေါ့။ ပညာ၊ ဥစ္စာအားလုံး မမက သူ့ထက် အများကြီးသာသူ။ သူက သူညမှ သုညသက်သက်။

အခုမှ…



www.burmeseclassic.com

www.burmeseclassic.com



အဲဒီသုညကို မမက အဆံထည့်ပေးလို့ ‘စ’လုံးရေ‘စ’ ရတဲ့ ဘဝပဲ ရှိသေးတာလေ။ သူ လောဘကြီးနေခဲ့ပြီလား။ မမနဲ့သူက ထိုက်တန်ပါရဲ့လားဆိုတာ…

“တွယ်”

“ဗျာ”

“မမ ပြောတာကို မင်း ဘယ်အထိတွေးလိုက်ပြီလဲ”

“ဟုတ်ပါတယ်၊ မမနဲ့ ကျွန်တော့်ဘဝက အစစအရာရာ ကွာခြားနေတာပဲဥစ္စာ”

“ငါပြောတာ အဲဒါမဟုတ်ဘူး”

“ဒါဆို”

“မင်းမှ ကျောင်းမပြီးသေးတာ”

ဒီတော့မှ အပြုံးနှင့်နှလုံးဆိမှာလည်း ငွမ်းဆီထိကာ–

“မမ”

“ပြော”

“ဒါဆို နံပါတ်ပြောင်းချိတ်ပေး မမရာ…နော်”

“ဘယ်လို”

တွယ် မမခါးအထိ ခြုံထားတဲ့စောင်ကို ရင်ညွှန့်အထိ ဆွဲတင်ပေးလိုက်မိတာ ဘာအဓိပ္ပာယ်နဲ့မှမဟုတ်။ စိတ်တွေ လှုပ်ရှားလွန်းလို့ သူ့ကိုယ်သူ ဘာလုပ်လိုက်မိမှန်းတောင် သိမှာမဟုတ်ပေ။

“မမက ဘယ်လိုနံပါတ်ပြောင်းချိတ်ပေးရမှာလဲ”

“မိန်းမယူဖို့က ပထမ။ ပညာရေးက ဒုတိယလို့လေ”





“အမယ်”

“ကျွန်တော့်ကို သနားပါ မမရယ်…နော်”

တွယ့်မျက်နှာလေး ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွားလေလျှင် အကြင်နာရယ်ပြီး တစ်ဖက်သို့ လှည့်လိုက်၏။ ဒါကိုပဲ အမိအရ လိုက်ငုံ့ကြည့်ကာ–

“နော်…မမ”

“ဘာလဲ”

“ကျွန်တော မမ စိတ်တိုင်းကျဖြစ်စေရမယ်။ ဒါလေးတစ်ခုတော့ အလိုလိုက်”

“ဟယ်”

တစ်ကိုယ်လုံး သိမ်းဖက်ပြီး ပါးပြင်ကို နမ်းလိုက်တာ ကာချိန်မရလိုက်။ သူရယ် ကိုယ်ရယ်ကြားမှာ ဘာအတားအဆီးမှ မရှိတော့ဘူးဆိုတော့ လောကကြီးဟာ အရာရာပြည့်စုံခြင်းများနှင့်။

ကြိုးအတွက်တော့ စိတ်မကောင်းပါဘူး။

သုံးနားညီတြိဂံလို အချစ်ကို သုံးယောက် ထောင့်မှန်ချလို့ မရဘူးလေ။ အဲဒီတော့ သူတို့သုံးယောက်ရဲ့အချစ်က ထောင့်လွဲတြိဂံပဲပေါ့။ အနိုင်ယူလိုတာ မဟုတ်ပေမယ့် အရှုံးမရှိတာသည် စစ်မှန်သော ချစ်ခြင်းတရား၏အဆုံးအဖြတ်သာ…။

*ပရိသတ်များကို ထာဝရ ချစ်ခင်လေးစားလျက်…*

မိုးစက်ပွင့်



www.burmeseclassic.com